ဗုဒ္ဓအလိုတော်ကျ

ျင့်,ကြံ,အားထုတ်ပြီး ဟောကြားတော်မူအပ်သော

ပုံးရှူးရှင်မိုးညို ဆရာတော် အသျှင်သုမြတ် ၏

ဉာဏ်တွေ့ကျင့်စဉ်

# ဩဘာပန်စခမ်း
# ဝိပဿနာကျမ်း

ဘာသာရေးခွင့်ပြုအမှတ်
(၃၃၂၄)

ပထမအကြိမ်နှိပ်ခြင်း
အုပ်ရေ (၇၀၀၀)

၁-၇-၆၉


**ထုတ်ဝေသူ**

ကင်းလွတ်ခွင့်အမှတ် (၀၉၁၄)
အရှင် ဦးဥာဏဝံသ၊ မိုးညို ဝိပဿနာကျောင်းတိုက်
အမှတ် ၁၀၁၈ ရှစ်မိုင်-ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးသန်းရွှေ ရဲရဲတောက်စာပုံနှိပ်တိုက်
မှတ်ပုံတင်အမှတ် (မြဲ-၀၂၇၅)
၁၃၀ ဆူပါပင်လမ်းအလုံ၊ ရန်ကုန်မြို့။

# ဗုဒ္ဓအလိုတော်ကျ
# ဝိပဿနာနည်းပြ



## ကမ္မဋ္ဌာနစရိယ
## ကျမ်းပြုအသျှင်-မိုးညှိုဆရာတော်

ဗုဒ္ဓ အလိုတော်ကျ

ကျင့်-ကြံ-အားထုတ်ပြီး

ဟောကြားတော်မူအပ်သော

ကျေးရွာရှင်-မိုးညှိုဆရာတော်

အသျှင်သူမြတ်၏-ဉာဏ်တွေ့ကျင့်စဉ်

# သောတာပန်စခန်း

# ဝိပဿနာကျမ်း။

# သတိ

---

စာမျက်နှာ

၇၆....ဝိပဿနာဉာဏ်ပညာဖြစ် မမြင်ရကို- ဝိပဿနာဉာဏ်
ပညာဖြင့် မမြင်ရဟူ၍ရှင်း။

၉၄ အနတ္တလက္ခဏာနုပဿနာရှင်းတမ်းကို၊ အနတ္တလက္ခဏာ
နုပဿနာရှင်းတမ်းဟူ၍ရှင်း။

၁၄၅ ပဋိစ္စ-သမုပ္ပါတ်မထိုက်၊ သံသရာလည် မကျင်လည်တတ်
ကို ပဋိစ္စ-သမုပ္ပါဒ်မထိုက်၊ သံသရာလည်း မကျင်လည်
တတ်ဟူ၍ရှင်း။

ရှင်းမျက်နှာ စာကြောင်းရေ(၇)၌ ပဋိစ္စသမုပါတ်
ထိုက်သောကို၊ပဋိစ္စ-သမုပ္ပါတ်ထိုက်သော ဟူ၍ရှင်း။

၁၄၉....ဒုက္ခလက္ခဏာနုပဿနာဆိုက်ပုံကို၊ ဒုက္ခလက္ခဏာနုပဿ
နာ ဆိုက်ပုံဟူ၍ရှင်း။

၁၅၀....အနတ္တလက္ခဏာ နုပဿနာဆိုက်ပုံကို၊ အနတ္တလက္ခဏာ
နုပဿနာဆိုက်ပုံဟူ၍ရှင်း။

## ပြင်ဆင်ဘတ်ရှုတော်မူကြပါ။

# မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တပည့်ယောဂီများ လျှောက်ထားတောင်းပန်လွှာ | ၅ |
| ၂။ | ဦးရွှေ-ဓမ္မစရိယ၏ နိဒါန်းဥယျောဇဉ် | ၆ |
| ၃။ | မိုးညိုဆရာတော်ဘုရား၏ ရတနတ္တယပဏာမနှင့်တကွ ကျမ်းပြုခြင်း၏အကြောင်းပြစကား | ၉ |
| ၄။ | အပါယ်ကဆွဲခေါ်သည်မဟုတ် | ၁၂ |
| ၅။ | ဒိဋ္ဌိဆိုတဲ့ရန်သူ | ၁၃ |
| ၆။ | ဒိဋ္ဌိကွာပုံ | ၁၅ |
| ၇။ | ဒိဋ္ဌိပြုတ်ပုံ | ၁၅ |
| ၈။ | ဒိဋ္ဌိသတ်ပုံ | ၁၅ |
| ၉။ | ဒိဋ္ဌိနှင့်တဏှာသတ်ပုံ | ၁၇ |
| ၁၀။ | သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်တဲ့ပညာသိ | ၁၈ |
| ၁၁။ | ခန္ဓာငါးပါး | ၁၉ |
| ၁၂။ | သမ္မာဒိဋ္ဌိဉာဏ်ဖြင့်မြင်ပုံသိပုံ | ၂၀ |
| ၁၃။ | အတိုက်အခံခွဲပုံ | ၂၁ |
| ၁၄။ | အတိုက်အခံခေါ်ပါတ် | ၂၂ |
| ၁၅။ | ပညတ်ပရမတ်ခွဲပုံ | ၂၄ |
| ၁၆။ | အဝိဇ္ဇာမာနနယ်က ပညတ်ပရမတ်ခွဲနည်း | ၂၅ |
| ၁၇။ | ဝိဇ္ဇာမာနနယ်က ပညတ်ပရမတ်ခွဲနည်း | ၂၆ |
| ၁၈။ | တရားဆိုသည်ကား | ၂၈ |
| ၁၉။ | အကြောင်းအကျိုးသဘောမျှ | ၂၉ |
| ၂၀။ | သံသရာလည်ပုံ၏အစ | ၃၀ |
| ၂၁။ | သမုတိသစ္စာနယ် | ၃၉ |

# မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | အမှတ်မှား | ၄၂ |
| ၂၃။ | သမ္မုတိသစ္စာနယ်နှင့် ပရမတ္ထသစ္စာနယ်ခွဲပုံ | ၄၄ |
| ၂၄။ | ပရမတ္ထသစ္စာနယ်ခွဲပုံ | ၄၅ |
| ၂၅။ | ပရမတ္ထသစ္စာနယ်-သမ္မုတိသစ္စာနယ် အတွင်းအပြင်(၂)ပါးခွဲပုံ | ၄၈ |
| ၂၆။ | ဦးဖြူနှင့်တူပုံ | ၅၁ |
| ၂၇။ | ကာယပိုင်းကိုမြင်နိုင်သိနိုင်သော သမ္မာဒိဋ္ဌိဉာဏ်နှင့် ပညာအသိကိုပြချက် | ၅၃ |
| ၂၈။ | ရွှေကျင်သမား ဥပမာ | ၅၈ |
| ၂၉။ | ပထဝီတခြား ဓါတ်တခြားခွဲပုံ | ၆၁ |
| ၃၀။ | အာပေါတခြား ဓါတ်တခြားခွဲပုံ | ၆၃ |
| ၃၁။ | တေဇောတခြားဓါတ်တခြားခွဲပုံ | ၆၄ |
| ၃၂။ | ဝါယောတခြားဓါတ်တခြားခွဲပုံ | ၆၅ |
| ၃၃။ | ဓါတ်နှင့်ပထဝီအကြောင်းအကျိုးစပ်ပုံ | ၆၆ |
| ၃၄။ | ဓါတ်နှင့်အာပေါ အကြောင်းအကျိုးစပ်ပုံ | ၆၇ |
| ၃၅။ | ဓါတ်နှင့်တေဇော | ၆၇ |
| ၃၆။ | ဓါတ်နှင့်ဝါယော | ၆၇ |
| ၃၇။ | ပရိစ္ဆေဒဆိုဒါ | ၆၈ |
| ၃၈။ | ပရမတ်ဆိုတဲ့ အကျိုးပစ္စည်းမှ ချုပ်အကြောင်းမြင်ပုံ | ၆၉ |
| ၃၉။ | ရေရှိဖန်ခွက် ဥပမာ | ၇၀ |
| ၄၀။ | ခဏငယ်ရှိသဘော | ၇၅ |

# မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | ရုပ်ကိုမြင်ပုံ | ၇၆ |
| ၄၂။ | အကြောင်းအကျိုးတွေဆက်စပ်မြင်ပုံ | ၇၇ |
| ၄၃။ | ကာယပိုင်းထပ်ရှင်းပုံ | ၇၈ |
| ၄၄။ | သဘောရုပ်သဘောနာမ်တို့အကြောင်း | ၈၀ |
| ၄၅။ | အတွင်းနှင့်အပြင် ကြောင်း-ကျိုး ဆက်စပ်မှုကြောင့် သိမှုတခုဖြစ်ပုံ | ၈၁ |
| ၄၆။ | သဘောသက်သက်ကလေးပါ | ၈၃ |
| ၄၇။ | စူဠသောတာပန်ပုဂ္ဂိုလ်ဖြစ်ပြီး သံသရာလည်ကြောင်းမြင်ပုံ | ၈၆ |
| ၄၈။ | အာသဝေါဆိုဒါ | ၈၈ |
| ၄၉။ | စူဠသောတာပန်ပုဂ္ဂိုလ်တို့ သံသရာပျက်ကြောင်းမြင်ပုံ | ၉၀ |
| ၅၀။ | အနိစ္စလက္ခဏာ နုပဿနာရှင်းတမ်း | ၉၂ |
| ၅၁။ | ဒုက္ခလက္ခဏာနုပဿနာရှင်းတမ်း | ၉၃ |
| ၅၂။ | အနတ္တလက္ခဏာနုပဿနာရှင်းတမ်း | ၉၄ |
| ၅၃။ | ရုပ်ကိုမြင်အောင်ရှုပုံ | ၉၇ |
| ၅၄။ | မောင်နီဥပမာပုံ | ၁၀၀ |
| ၅၅။ | ဖေါက်ပြန်မှုသာရုပ် | ၁၀၄ |
| ၅၆။ | ရုပ်ကိုအပိုင်သိလို့နာမ်ချုပ်ပုံ | ၁၀၆ |
| ၅၇။ | အာနာပါန၏နိဿယ | ၁၀၈ |
| ၅၈။ | အာနာပါနသတိပဋ္ဌာန်ကိုအားထုတ်၍ အဇ္ဈတ္တိကအတွင်းမှာမြင်ရပြီး သောတာပန်မြင်ပုံ | ၁၁၀ |

# မာတိကာ

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉။ | ခဏိကသမာဓိဖြစ်ပုံ | ၁၁၅ |
| ၆၀။ | ဝင်လေကြောင့် ထိမှုတခုထဲမှာ ပိုင်းခြား၍မြင်ရသိရပုံ | ၁၂၀ |
| ၆၁။ | ထွက်လေကြောင့် | ၁၂၁ |
| ၆၂။ | ဝင်လေကြောင့် ထိမှုတခုထဲမှ ဓါတ်ကြီးလေးပါးကိုကွဲပြားစွာမြင်ရပုံ | ၁၂၂ |
| ၆၃။ | ထွက်လေကြောင့်ထိမှုတခုထဲမှ ဓါတ်ကြီးလေးပါးကို ကွဲပြားစွာမြင်ရပုံ | ၁၂၅ |
| ၆၄။ | ဖေါဋ္ဌဗ္ဗနှင့်ရုပ်ခွဲပုံ | ၁၃၀ |
| ၆၅။ | ရေခွက်ဥပမာ | ၁၃၂ |
| ၆၆။ | ဓါတ်ကြီးလေးပါးထဲမှ ရုပ်ပစ္စည်းတွေကို ပိုင်းခြားစွာမြင်ရသိရပုံ | ၁၃၂ |
| ၆၇။ | ရုပ်ပစ္စည်းကိုမှီ၍ နာမ်ပစ္စည်းလေးပါးကို မြင်ပုံသိပုံ | ၁၃၇ |
| ၆၈။ | သညာသိရုပ်နာမ်နှင့် ပညာသိရုပ်နာမ်ရှင်းတမ်း | ၁၄၁ |
| ၆၉။ | ရုပ်နာမ်တို့၏ ဟုတ်မဟုတ် မှန်မမှန်ရှင်းတမ်း | ၁၄၂ |
| ၇၀။ | မပယ်အပ်သော ဝိဥာဏ်နှင့် ပယ်အပ်သော ဝိဥာဏ်ရှင်းတမ်း | ၁၄၄ |

# ရန်ကုန်မြို့ ၉ မိုင် မိုးညိုဝိပဿနာကမ္မဋ္ဌာန်းတိုက်မှ တပည့် ယောဂီများ လျှောက်ထား တောင်းပန်လွှာ

## ရိုသေစွာ-လျှောက်ထားပါသည် ကျေးဇူးရှင် မိုးညိုဆရာတော်အရှင်သူမြတ်ဘုရား။

ဘုရားတပည့်တော်များသည် ဗုဒ္ဓ သာသနာတော်ကြီးနှင့် ကြုံကြိုက်ရသည့်အားလျော်စွာ အပါယ်ဘေးမှ လွတ်ကင်းဘို့ရန် နေ့စဉ်နှင့်အမျှ လှူမှု ဒါန်းမှု သီတင်းသီလ ခံယူဆောက်တည်မှု များကိုတတ်နိုင်သမျှ အားထုတ်လျက် ရှိကြရုံမျှမက ဝိပဿနာ တရားများကိုလည်း အားထုတ်လျက်ရှိကြရပါသည်။

ထိုသို့ပြုလုပ်ကြခြင်းသည်ကား အမှန်အားဖြင့်လျှောက်ထား ရပါလျှင် အပါယ်ဘေးမှလွတ်ကင်းဘို့ရန်ဖြစ်ပါသည်။ သို့သော် ထိုသို့ ပြုလုပ်ခါမျှနှင့် အပါယ်သံသရာမှ လွတ်နိုင် မလွတ်နိုင် အပါယ်သို့ကျရောက်ရခြင်းသည် မည်သည့် အကြောင်းကြောင့် အကျိုးတရားဖြစ်ရပုံ။

အပါယ်သို့ ကျရောက်စေတတ်သောအကြောင်းခံကို မည်သို့ သောဉာဏ်ရမှ ပယ်သတ်နိုင်ပုံ ထိုဉာဏ် ထိုအသိရရှိဘို့ရန် မည် သို့သောတရားများ အားထုတ်ရမည်ကို ဘုရားတပည့်တော်များ အား သနားတော်မူသောအားဖြင့် ရေးသား၍ ပေးသနားဆုံး မတော် မူပါမည့်အကြောင်း ရိုသေစွာ လျှောက်ထားပါသည် ကျေးဇူးရှင် မိုးညိုဆရာတော် အရှင်သူမြတ်ဘုရား။

# နိဒါန်း

ဗုဒ္ဓဘုရား ထားရှိတော်မူခဲ့သော သာသနာ တော်ကား ပရိယတ်, ပဋိပတ်, ပဋိဝေဓဟူသာသနာသုံးရပ်ရှိပေသည်။ ထိုသာသနာသုံးရပ်တွင် စာပေပရိယတ်ကို သင်အံ လေ့ ကျက်ချပို့ခြင်းသည် ပရိယတ်သာသနာမည်၏။ ထိုပရိယတ်မှ လာရှိသည့် အတိုင်းကျင့်ကြံအားထုတ်ကြိုးစားမှုသည် ပဋိပတ်မည်၏။ ထိုပဋိပတ်အကျင့်ကြောင့် ရရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကား ပဋိဝေဓ သာသနာပင်တည်း။

ထိုပဋိဝေဓ ဆိုက်ရောက်ရရှိရေးနှင့် ပတ်သက်ပြီး ကျင့်စဉ် ဥပဒေတရပ်လုပ်ငန်းစဉ်ကြီး တထုံးအနေနှင့် ပဋိပတ် တည်းဟူသောကျင့်စဉ် လမ်းကြီး မိုးငြမ်းပုံပြီး ရေးသား ပြုစု ကြသော ဝိပဿနာကျမ်းစာအုပ်များလည်း အမည်အမျိုးမျိုးနှင့်ရေးသားပြီးတွေ့ကား ရာထောင် မက များလှပြီး ရှိနှင့်ပြီး ဖြစ်ကြပါပေသည်။

သို့ရာတွင်ထိုစာအုပ်များကို လေ့လာ ဘတ်ရှုရသော အခါ အချို့ကား ပရိယတ်ကိုမူတည်၍ ပရိယတ်အလို ပရိယတ်ရဲ့အဆိုအမိန့်အတိုင်းလိုက်နာ ရေးသား ထားသည် သာများသော်အားဖြင့် ဘတ်ရှုရပါသည်။ အချို့လည်း မိမိတို့ကျင့်စဉ် အပေါ်မှာပင်၊ ရေးသားထားသည်ကိုလည်း တွေ့ရှိရပါသည်။

ထိုသို့ရေးပုံရေးနည်း ပြပုံပြနည်း အမျိုးမျိုး ရှိကြရာတွင် ဤအရှင်မိုးညို ဆရာတော်ကား ကိုယ်တော်တိုင် ကျင့်၍ ခန္ဓာမှာ ဉာဏ်ဖြင့်တွေ့မြင်ရသမျှသိရပုံတွေကိုသာ ဟောသလို ပြောသလို ရေးသားထားတော်မူသည်ကို တွေ့ရှိရပါသည်။

ဥပမာ....ထွက်လေ-ဝင်လေမှ ထိမှုတခုရဲ့ အထဲမှာ ဓါတ်ကြီးလေးပါးဖြစ်ပုံ ပထဝီဖြစ်ပုံ၊ ဓါတ်ဖြစ်ပုံ၊ ရုပ်ဖြစ်ပုံ၊ ဖြစ်နည်းနှင့်

တကွဥပါဒ်ဋ္ဌီဘင်ဟူသော ခဏငယ်သုံးချက်ရဲ့ ဖြစ်စဉ် ပေါ်မှာ ခဏိကသမာဓိဖြင့် သူ့နေရာနှင့်သူအံဝင်ခွင်ကျ လက္ခဏာ ဥာဏ်နှင့်တကွ၊ နုပဿနာဥာဏ်ဆိုက်ပုံများကို အသီးသီး ခွဲခြားမြင်ရပုံ ရှုရပုံများကို မိမိဟောသလို ဥာဏ်အမြင်နှင့် ရေးသားထားပုံများမှာ အလွန့် အလွန်မှ ခက်ခဲ၊ နက်နဲ၊ သိမ်မွေ့၊ နူးညံ့ လှပါတကားလို့ စာဘတ်ရသူရဲ့ဥာဏ်မှာအမှန်ပင် ဖြစ်ပေါ် လာမည်ကား မလွဲပေ။

ထိုသို့ဖြစ်ပေါ်လာရုံမျှမက ၎င်းထိခန္ဓာတခုပေါ်ကဘဲ အန္ဓမှ ကလျာဏ။ ကလျာဏမှစူဠ။ စူဠမှမဟာသောတာပန် အထိ မိမိကိုယ်တော်တိုင်အသိ ဥာဏ်ပေါက်သွားပုံ များကို တိတိ ကျကျ ပြတ်ပြတ်သားသား အားလုံးသော ဒကာ၊ ဒကာမတို့အပေါ်၌ စေတနာမေတ္တာကြီးမားစွာနှင့် ရေးသားတော် မူရင်း ကိုလည်း ရှင်းရှင်းကြီးတွေ့မြင်နိုင်ပါသည်။

သို့သော်ဘာဘဲဖြစ်ဖြစ် အာဏာပါဏာလုပ်ကွက်တခုအနေနှင့် တကယ်တန်း လုပ်လိုကြသော ကျွန်ုပ်တို့အဖို့မှာကား ထိုဆရာတော်ရဲ့နည်းဖြင့် ရေးသားလိုက်သော ဤဝိပဿနာကျမ်းစာအုပ်ကို အဖန်ဖန်အထပ်ထပ် အပြန်အလှန်ဖတ်ကြား၍ သဘာဝကျအောင် ပြတ်သားစွာနှလုံးသွင်းပြီး ထိခန္ဓာတခုမှ ဖြစ်ပေါ်လာသမျှ တရားများကို တလုံးချင်းသိမြင်အောင် အားထုတ်သွားပါက ထိုအရှင်သိမြင်သကဲ့သို့ ကျွန်ုပ်တို့လည်း မုချ မြင်သိကြရလိမ့်မည်ကား ယုံမှားစရာမရှိနိုင်ပေ။

ဘာ့ကြောင့်ဆိုသော် လုပ်ထုံး လုပ်ကွက်နှင့်တကွ လုပ်နည်း ပါမကျန် ဥာဏ်အမြင်အားဖြင့် ပြည္ဆန်ပြီး ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့ကား ခူးပြီးသားထမင်းကို လက်ဆေးပြီး ထိုင်စားရသ

ကဲ့သို့ဖြစ်နေပါ၍ အားထုတ်ကြဘို့သာ လိုရင်း ဖြစ်နေပါသော ကြောင့်တည်း။

ဒါကြောင့် အို-ဓမ္မမိတ်ဆွေအပေါင်းတို့ အာနာပါန သတိပဋ္ဌာန်အလုပ်နှင့် အန္တမှ ကလျာဏ ကလျာဏမှစ၍ စူဠမှ မဟာ သောတာပန်ကြီးဖြစ်ပြီး ဤတဘဝထဲနှင့် အပါယ် သံသရာနှင့် အိုးစားကွဲလိုပါက သောတာပန်စခန်း ထိုဝိပဿနာကျမ်းကိုရနိုင် သောဌာနများမှာ အမြန်ဆုံးဝယ်ယူ၍ အမှန်တကယ် အားထုတ် ကြဘို့ရာကိုပင် ကောင်းမြတ်သော စိတ်ထားနှင့် တိုက်တွန်းစကား ရေးသားလိုက်ရပါတော့သတည်း။

**မောင်ရွှေ-ဓမ္မာစရိယ**

၂ ရပ်ကွက်-ဥက္ကလာပမြို့။

# သောတာပန်စခန်း-ဝိပဿနာကျမ်း

## နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

## ရတနတ္တယပဏာမနှင့်တကွကျမ်းပြုခြင်း၏
## အကြောင်းပြစကား

ရတနတ္တယံ ပဏာမံ အဟံ ဝန္ဒာမိ၊
ဝိပဿနံနည်းအမှန် လိခံကရောမိ၊
မေတ္တာရှေ့ထားရေးသည်များလိုက်စားကျင့်ကြံဘိ၊
ကြိမ်ဖန်မပြတ်ကြည့်ခါဘတ်အတတ်ဉာဏ်မြင်သိ၊
ရုပ်နှင့်နာမ်ဓါတ် ပရမတ် ပညတ်ခွါလို့ကြည့်၊
အရှိတရား သတိထား သိညားကြစေဘိ၊
မရှိကိုပယ်ရှိကိုသယ်သိလွယ်ဉာဏ်မျက်စိ၊
ကာယကိုယ်တွင်းရှိအရင်းသိခြင်းမှန်စေ၏၊
ကိုယ်တိုင်အားထုတ်အမှန်လုပ် နာမ်ရုပ်ပိုင်ပိုင်သိ၊
အနာပါနသဘာဝစာကမှန်အရှိ၊
လုပ်ထုံး လုပ်ကွက်ရှင်းမထွက်ညင်းချက်တွေကညိ၊
၎င်းအတွက်အကြောင်းဆက်ပေါင်းဖက်ရေးရ၏၊
လိမ်ဝါရှမ်းပြောကျမ်းသဘောဖြန်းနှောမရေးဘိ၊
ခန္ဓာမှာပင်ဉာဏ်အမြင်ငါလျှင်ရေးလိုက်၏၊
အချက်မပိုရက်တိုတိုမဂ်ဖိုလ်တိုင်အောင်သိ၊
ငါသို့ပုံယူလားအတူများလူပေါ်စေဘိ၊
ဤသို့ရိုးရင်းနှလုံးသွင်းသုံးချင်းမှန်ပါ၏၊
ထိုနည်းတမူများဗိုလ်လူနိဗ္ဗူတိုင်အောင်ထိ၊

# မှာထားချက်

ယခု ဟောပြော ပြသရေးသား ရမည် မှာ သတိ ပဋ္ဌာန် နုပဿနာ အနေဖြင့် အတိတ် အနာ ဂါတ်ကို လွှတ်၍ တဒင်္ဂအတွင်း တမဟုတ်ချင်းဖြစ်ပေါ်၍လာသောအကြောင်း အကျိုးလို့ဆိုရတဲ့ တရားတို့ကိုသာလျှင် အတွင်းအပြင်နှစ်ဌာနမှ ပစ္စုပ္ပါန်ကျကျကြိုးကုတ်အားထုတ်ပွားများရမည်ဟုသာ ဟောပြောပြသရေးသားရမည်ဖြစ်၏။

**မှတ်ချက်။ ။မည်သည့် တရားကိုပင် ရေးသား ခဲ့သော်လည်း ပစ္စုပ္ပါန်ရဲ့ အပေါ် မှာသာ မြင်သောဉာဏ်၊ သိရသော ပညာဖြင့်သာလျှင် ရေးသားမည်ဖြစ်ပါသောကြောင့် ထိုစာအုပ်ကို ကြည့်ရှုပြီး ကြိုးကုတ် အားထုတ် ပွားများ မည့် ယောဂီများပင် ပစ္စုပ္ပါန်ကျကျ ဉာဏ်အမြင် ပညာ အသိဖြင့် ဖြစ်ရလေအောင် ပွားများကုန်ရာ၏။**

ထိုစာအုပ်ကိုရေးသားရခြင်းမှာလည်း စာအုပ် ကြီးငယ် အသွယ်သွယ်ထဲမှ ကျက်မှတ်ထားသော မြင်မှုသိမှုဖြင့်ရေးသားထားခြင်းမဟုတ်ပေ၊ ကိုယ်တိုင်ကြိုးကုတ်အားထုတ်၍ အတွင်း အပြင်နှစ်ဌာနမှာအကြောင်းတိုက်ဆိုင်တိုင်း၊ တဒင်္ဂအတွင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ခန္ဓာတို့၏ သဘော တရားတွေကို သာလျှင် ဉာဏ်အမြင်၊ ပညာအသိဖြင့် မြန်မာလိုရေးသားထားရခြင်းသာ ဖြစ်ပေ၏။

အထူးသတိပေးလိုသည်မှာ ဤကဲ့သို့မြန်မာလိုရေးသားထားသော စာအုပ်ကိုဘတ်ရှုကြသော ရဟန်းရှင် လူအပေါင်းတို့သည် စာအရ ကျက်သလို မဘတ်ကြပါဘဲ လျက် စာတပုဒ်စီ မှတ်မိ

အောင် ဘတ်ရှုကြပြီးလျှင် ထိုမှတ်မိသောစာ၏ အဓိပ္ပါယ်ကိုသာလျှင်၊ သဘောမပေါက် ပေါက်အောင် ဉာဏ်ပညာဖြင့်သုံးသပ်ဘို့ရန်အထူးမှာကြားလိုက်ရပေတော့သတည်း။

ဤစာအုပ်ကိုဘတ်ရှုကြသောရဟန်းရှင်လူအပေါင်းတို့သည်၊ ဘုရား၏အလိုတော်ကျ တရား၏အလိုတော်ကျ သံဃာတော်၏အလိုတော်ကျ ဆရာသမား၏အလိုတော်ကျသမထဝိပဿနာ အလုပ်ဖြင့်ကြိုးကုတ်အားထုတ်နိုင်ကြပြီးလျှင် ယခုတဘဝထဲနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုဆိုက်ရောက်ကြပြီး နိဗ္ဗာန်ကိုအမြန်ဆုံးမျက်မှောက်ပြုရလေအောင် လွယ်သောအကျင့် လျင်သောအသိဉာဏ်ပညာဖြင့် ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

(မိုးညှိုဆရာတော်)

# အပါယ်ကဆွဲခေါ်သည်မဟုတ်

ကဲ....ဒကာကြီးဦးစန်တင်က လျှောက်ထားတော့ ဒကာကြီး ဦးစန်တင်ကိုဘဲအကြောင်းပြုပြီးထူးခြားတဲ့ တရားအချက် တရားအကွက်များကိုအသားပါပါနဲ့ဟောရတော့မှာပေါ့၊ ဒကာကြီး ဦးစန်တင်.... ဒကာကြီး လျှောက်ထားတာ ကတော့ အလွန်ဘဲ ကောင်းပါတယ်၊ဒကာကြီးရဲ့၊ သို့သော်လဲအပါယ်ကို ကျတယ် ရောက်တယ်လို့ ဆိုတာကလဲ အပါယ် သံသရာက သက်သက်မဲ့ လာပြီးတော့ သတ္တဝါတွေကို ဆွဲခေါ်ချတာ မဟုတ်ပါဘူး။ ဒါကြောင့် အပါယ်သံသရာကို ဘာဖြစ်လို့ ကြောက်ရ မှာလဲ နေပါဦးဒကာကြီးရဲ့ ယခု ဒကာကြီး နေတာက ဘယ်ဘုံမှာ နေလို့အပါယ်ကျမှာကြောက်ရတာတုံး....

မှန်ပါ့ဘုရား ယခုဘုရားတပည့်တော် နေတာကတော့ လူ့ဘုံ မှာနေပါတယ်ဘုရား။

ဒါဖြစ်လျှင် ဒကာကြီး နေတာက လူ့ဘုံမှာနေတယ်လို့ဆို တော့ လူ့ဘုံနှင့်အပါယ်ဘုံ တဘုံစီခြားနေတာဘဲ ဘုံအားဖြင့် ကွာခြားနေတယ် မဟုတ်ဘူးလား။

မှန်ပါ့ကွာခြားနေပါတယ်ဘုရား။

အဲသည်လို ကွာခြားနေတယ်လို့ ဆိုတော့ဒကာကြီးနှင့်ဘာ ဆိုင်တော့လို့လဲ။

မှန်ပါ့ မဆိုင်ပါဘူးဘုရား။

သို့သော်လဲ သေပြီးသည်နောက်မှအပါယ်သို့ကျမှာ စိုးရိမ်လို့ပါဘုရား။

အဲ....စိုးရိမ်တယ်လို့ပြောတာသည်ပင်လျှင် မှားမနေဘူးလား ဒကာကြီးရဲ့ ဘာဖြစ်လို့မှားသလဲဆိုလျှင် တသံသရာလုံး သတ်လို့မသေဘဲ ယခုဘဝအထိ ဒကာကြီးတို့ရဲ့ ကာယလို့ဆိုတဲ့ကိုယ်၏ အတွင်းထဲမှာ သဘောအပြားနှင့်တကွ အပေါင်းအစု ခန္ဓာငါးပါးရှိပါတယ်။

## ဒိဋ္ဌိဆိုတဲ့ရန်သူ

ထိုခန္ဓာမှာကပ်ကပ်ပြီးညိနေသောဒိဋ္ဌိလို့ဆိုတဲ့ အမှားကြီးဟာ ခင်ဗျားတို့တတွေကို အပါယ်သို့ကျအောင်၊ အပါယ်သို့ ရောက်အောင်ဆောင်ပို့နေတဲ့ရန်သူအဖြစ် လက်သယ်အစစ်ကြီး ပါဘဲဗျား။ဒကာကြီးရဲ့ဤရန်သူနှင့်တူတဲ့ဒိဋ္ဌိလို့ဆိုရသော လက်သယ်ကြီးကိုသာကြောက်ရမှာပါ။

မှန်ပါ့ဘုရား။

တကယ်ကောကြောက်ရဲ့လားဒကာကြီးရဲ့။

မှန်ပါ့ကြောက်ပါတယ်ဘုရား။

ကဲဒါဖြစ်လျှင်ဆရာကောင်းရှာပြီးတော့ ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်သချင်လဲသေပါစေ မနှုတ်ဘူးဟဲ့လို့ဆိုပြီး အမြန်ဆုံးနည်းနှင့်အားကိုးခွန်စိုက်၊ထိုဒိဋ္ဌိလို့ဆိုတဲ့လက်သယ်ကြီးကို မပြုတ်ပြုတ်အောင်အမြန်ဆုံးဖြုတ်ပစ်ရမယ်ဒကာကြီးရဲ့အဲဒီလိုဖြုတ်လို့ ဒိဋ္ဌိလို့ဆိုတဲ့လက်သယ်ကြီးပြုတ်မယ်လို့ဆိုလျှင်ဒကာကြီးကြောက်

တယ်လို့ဆိုတဲ့ အပါယ် သံသရာက လွတ်မြောက် သွားတာပေါ့ ဒကာကြီးရဲ့။

ဒါမှ မဟုတ်လို့ တကယ်တမ်းကြောက်ပါတယ်ဆိုပြီးထိုဒိဋ္ဌိလို့ ဆိုတဲ့ ရန်သူကြီးကို ဖြုတ်လဲမဖြုတ်ဘူး၊ ပြုတ်အောင်လဲမလုပ်ဘူး လို့ဆိုလျှင်အဲဒါကတော့ ဒကာကြီးရဲ့ ထိုဒိဋ္ဌိ လို့ဆိုတဲ့ ရန်သူကြီး ကဘဲအပါယ်ကို တွန်းချပစ်လိုက်မှာဘဲ အဲဒါဒိဋ္ဌိလို့ဆိုတဲ့ ရန်သူ ကြီးကြောင့် အပါယ် ကျဒါ မဟုတ်လား ဒကာကြီးရဲ့။

မှန်ပါဘုရား။

အဲဒါကြောင့်ဒကာကြီးက အပါယ်ကိုကျမှာ ကြောက်တယ် လို့ဆိုတော့ မှားတယ်လို့ ဦးပဥ္စင်းက ပြောဒါပေါ့ ဒကာကြီးရဲ့။ ရှင်းမနေဘူးလား။

မှန်ပါ၊ ရှင်းနေပါတယ်ဘုရား။

ဒါကြောင့်မို့အပါယ်ကိုမကြောက်ရဘူး ဒိဋ္ဌိလို့ဆိုတဲ့ ရန်သူ ကြီးဘဲ ကြောက်ရမယ်လို့ဟောဒါပေါ့ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

ဒကာကြီး မှန်တယ်လို့ဆိုပေမဲ့ အဲဒီ အသိအမျိုးကတော့ ခမ္မတာသိ သုတမယ သညာအသိလို့ ခေါ်တယ်၊ ဒကာကြီးရဲ့ ဒီလောက် အသိကလေးနှင့်ဆိုလျှင် ဒိဋ္ဌိကွာအောင် ဘယ်လိုခွာ မလဲ၊ ဒိဋ္ဌိပြုတ်အောင်ဘယ်လိုဖြုတ်မလဲ....၊ ဒိဋ္ဌိကို ဘယ်လိုလက် နက်နှင့်သေအောင်သတ်မလဲ ဒကာကြီးရဲ့။

မှန်ပါ ရှင်းပေးတော်မူပါဘုရား။

## ဒိဋ္ဌိကွာပုံ

ဒါဖြင့်လျှင် ဒကာကြီးရဲ့-ဒိဋ္ဌိကွာအောင် ခွာတယ်လို့ဆိုဒါက လဲ၊ ယခုသာသနာတော်အတွင်းမှာ ဗုဒ္ဓရဲ့အလိုတော်ကျ၊ပရမတ္ထ သဘာဝရုပ်နာမ်ကို ဝိပဿနာ ဉာဏ်ဖြင့်မြင်၍ ဘာဝနာလို့ဆိုတဲ့ ဆင်ခြင်သုံးသပ်မှုနှင့်ယှဉ်သော ပညာအသိရှိတဲ့ စူဋ္ဌသောတာပန် ပုဂ္ဂိုလ်မှသာလျှင် သုံးသပ်နေဆဲ၊ တခဏတဒင်္ဂလောက်ပဲ၊ ဒိဋ္ဌိကွာ တယ်ဒကာကြီးရဲ့ သညာသိ၊ ဝိဉာဏ်သိနှင့် တော့ကွာလို့မရဘူး နော်။

မှန်ပါဘုရား။

## ဒိဋ္ဌိပြုတ်ပုံ

ဒိဋ္ဌိကိုပြုတ်အောင် ဖြုတ်တယ်လို့ဆိုဒါကလဲ ဒကာကြီးရဲ့၊ ထို ပရမတ္ထ သဘာဝ ရုပ်နာမ် သဘော အပြား၊ ငါးပါးကို ဘဲ ပထမသုံးသပ်သလို အဖန်တလဲလဲဉာဏ်စဉ်ဆုံးအောင် သုံးသပ်လို့ သောတာပတ္တိမဂ် ဆိုက်ဘူးတဲ့ သောတာပန် ပုဂ္ဂိုလ်မှသာလျှင် ထိုမဂ်ဉာဏ်နှင့်ယှဉ်သော ပညာအသိက တသံသရာလုံးစွဲလာခဲ့တဲ့ အယူမှား၊ အမှတ်မှားတွေကို တကြိမ်တခါမျှသာ ပယ်သတ်ယိုက် လို့တကြိမ် တခါမျှပြုတ်သွားဒါကိုတော့ ဒိဋ္ဌိပြုတ်တယ်လို့ဆိုရဒါ ဘဲ ဒကာကြီးရဲ့ ရှင်းရဲ့လား။

ရှင်းပါတယ်ဘုရား။

## ဒိဋ္ဌိသတ်ပုံ

ဒါပေမဲ့.... ဒိဋ္ဌိပြုတ်တယ်လို့ ပြောဒါနော် ဒိဋ္ဌိမသေသေး ဘူး ဒိဋ္ဌိကို မသေ သေအောင်သတ်တယ်လို့ ဆိုဒါကလဲ အပြော

နှင့်လဲမရ ပေါ့ပေါ့ဆဆဉာဏ်ကလေးနဲ့လဲမဖြစ် ပထမ မဂ်ဉာဏ်၊ ဒုတိယမဂ်ဉာဏ်တတိယ မဂ်ဉာဏ်ဖြင့် သတ်လို့လဲ မသေဘယ်လက်နက် ကြီးနှင့်သေအောင် သတ်ရမလဲဆိုတော့ အရဟတ္တမဂ်ဉာဏ်နှင့်ယှဉ်တဲ့ပညာ လက်နက်ကြီးနဲ့ သတ်တော့မှဒိဋ္ဌိလို့ ဆိုစရာ ဘာတခုမှရှာမရ ဖွဲ့ပြာမျှား လွင့်ကျသွားဒါလိုအကြွင်းအကျန် မရှိ အကုန်စင်သွားပါကရောဗျား။ အဲဒီလို လေးကြိမ်တိတိ သတ်လို့ ဒိဋ္ဌိသေတာကိုတော့ ဒိဋ္ဌိသတ်လို့ ပြောဆိုရဒါပါဘဲ။

ဘာပြုလို့ ဒိဋ္ဌိကြီးကို သတ်လို့ သေသလဲ ဆိုလျှင် အရဟတ္တမဂ်ဉာဏ်နှင့်ယှဉ်တဲ့ ပညာသိက သံသရာကမ္ဘာလဆန်း ၁ရက်နေ့မှ စ၍မပယ်သတ်မိ ယခုဘဝအထိမသိလို့ အတွင်းမှအပြင်သို့ ယိုစီးနေကြဖြစ်သော မနောနှင့်ဓမ္မာရုံနှစ်ခုအကြောင်း တိုက်ဆိုင်တိုင်းပေါ်လာတဲ့အာရုံလို့ဆိုသော ဟိတ်သဘောကလေးကို အကြွင်းအကျန်မရှိအောင် အတွင်းထဲမှာပင် ပယ်သတ်လိုက်တဲ့ အခါကျတော့ အာရုံသေသွားတာပေါ့ ဒကာကြီးရဲ့။

မှန်ပါ့ဘုရား-။ အဲဒီလိုယိုစီးမဲ့အာရုံမှ မရှိတော့ ဘယ်အာရုံပေါ်မှာ တွယ်တာတပ်မက်လို့ရဦးမှာလဲ။

တွယ်တာတပ်မက်တဲ့ သဘောမှမရှိတော့ဘယ်ဒင်း ဘယ်ဟာဘယ်ပစ္စည်းကို ယူစရာ ရှိဦးတော့ မှာလဲ။

မှန်ပါ့၊ ဘယ်ပစ္စည်းကိုမှ ယူစရာမရှိတော့ပါဘူး ဘုရား။

ဒါဖြစ်လျှင်ဒကာကြီးရဲ့ ဘယ်ဒင်း၊ဘယ်ဟာ ဘယ်ပစ္စည်းကို မှားတယ်မှန်တယ်လို့ပြောပြစရာမရှိတော့ဘူးပေါ့။

မှန်ပါ့၊ ပြောပြစရာ မရှိတော့ပါဘုရား။

ပြောပြစရာ ပစ္စည်းမှမရှိလျှင် ဘယ်ပစ္စည်းပေါ်မှာ စွဲဦးတော့မှာလဲ။

မှန်ပါ့စွဲလို့မရတော့ပါဘူးဘုရား။

ဒါကြောင့်တွယ်တာစရာတပ်မက်စရာ အာရုံမရှိလို့ တဏှာကို သေအောင်သတ်တယ်လို့ ဆိုလိုတယ် အမှားပေါ်မှာလဲ ယူစရာ ရစရာစွဲလမ်းစရာမရှိအမှန်ပေါ်မှာလဲ ယူစရာ ရစရာ စွဲလမ်းစရာ မရှိလို့ ထိုနှစ်ဌာန အမှားအမှန် အယူလွတ်သွားဒါကိုတော့ ဒိဋ္ဌိကို သေအောင် သတ်လို့ဒိဋ္ဌိသတ်လို့ ဆိုလိုတာပါဘဲ၊ သဘောပေါက် ရဲ့လား ဒကာကြီးရဲ့။

သဘောပေါက်ပါတယ် ဘုရား။

## ဒိဋ္ဌိနှင့်တဏှာသတ်ပုံ

အဲဒါဒိဋ္ဌိနှင့်တဏှာ ကိုဘယ်သူကသေအောင် သတ်သလဲလို့ဆို သျှင် အရဟတ္တမဂ်ဉာဏ်နှင့် ယှဉ်တဲ့ပညာသိက ယခု ပစ္စက္ခဘဝမှ သေသည့်အထိ တွယ်တာစရာ ယူစရာ စွဲလမ်းစရာ မရှိအောင် မသိမှုကြောင့် ဖြစ်ပေါ်၍လာသော အတွင်းမှ အာရုံလို့ ဆိုတဲ့ ဟိတ်သဘောကလေးကို ပယ်သတ်လိုက်ပါသော ကြောင့် ဒိဋ္ဌိ ရယ်၊တဏှာရယ်၊ ဥပါဒါန်ရယ် သေသွားတာပေါ့ဒကာကြီးရဲ့။

အဲဒါကြောင့်ဒိဋ္ဌိသတ် တဏှာသတ်လို့ဟောလိုက်ရဒါပေါ့။

မှန်ပါဘုရား။

ဒကာကြီးရဲ့၊ အဲဒါကတော့ ပြောရိုး ပြောစဉ် ဟောရိုး ဟောစဉ် ပြောဟောဒါနော် သို့သော်လဲ အားထုတ်မှု အလုပ် မပါဘဲလျက် ဒိဋ္ဌိမကွာနိုင်မပြုတ်နိုင်မသေနိုင်ဘူးနော် ဒကာကြီး။

မှန်ပါ့ဘုရား၊ ဒိဋ္ဌိကွာအောင်၊ပြုတ်အောင် သေအောင်အား ထုတ်မှုအလုပ်လုပ်ဘို့က အလွန့် အလွန် အရေးကြီးလှပါတယ် ဘုရား၊ သို့သော်လဲ အရှင်ဘုရားဟောပြောပြလို့ အရဟတ္တ မဂ် ဉာဏ်နှင့် ယှဉ်တဲ့ ပညာသိက၊ ဒိဋ္ဌိနှင့်တကွကို အသေသတ် တယ် သောတာပတ္တိ မဂ်နှင့်ယှဉ်တဲ့ ပညာသိက ဒိဋ္ဌိကိုအပြုတ် ဖြုတ်တယ်၊ ဝိပဿနာအမြင်နှင့်တကွ ဘာဝနာဉာဏ်နှင့် ယှဉ်တဲ့ ပညာသိက ဒိဋ္ဌိကိုမကွာ ကွာအောင် ခွာတယ်လို့ ဆိုဒါကိုတော့ တပည့်တော်များ၊သဘောပေါက်ကြပါပြီဘုရား။

## သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်တဲ့ပညာသိ

သို့သော်လဲ၊ အားထုတ်မှုအလုပ်နှင့် တကွသဘာဝလို့ ဆိုတဲ့ သဘောသက်သက်ကိုဖြင့်မြန်မာလို ပြတ်သားရှင်းလင်းစွာဒိဋ္ဌိကွာ ပုံ၊ ဒိဋ္ဌိပြုတ်ပုံကို ဆုံးမတော် မူပါဘုရား။

ဒကာကြီးဦးစန်တင် လျှောက်ထားဒါကတော့ အလွန်ဘဲ ကောင်းပါတယ်၊ သို့သော်လဲ ဒကာကြီးရဲ့ ဒိဋ္ဌိခွာတယ် ဒိဋ္ဌိဖြုတ် တယ်ဆိုဒါက အပြော လွယ်သလောက် အလုပ်ခက်ပါတယ်၊ ဘာ့ကြောင့် အလုပ်ခက်သလဲဆိုလျှင် ဦးစွာပထမ သမ္မာဒိဋ္ဌိ ဉာဏ်နှင့်ယှဉ်တဲ့ ပညာသိရှိမှ၊ ပညတ်ပရမတ်ဆိုတဲ့အမှားအမှန်ကို သိမြင်ပါတယ်၊ ထိုဉာဏ်ပညာမှ မရှိလျှင် အမှား အမှန်ဆိုတဲ့ ပညတ်၊ ပရမတ်တွဲစပ်နေဒါကို ကွဲပြားအောင် မသိမမြင်နိုင်ပါ ဘူး။ အဲဒီလိုပညတ်ပရမတ် တွဲစပ်နေဒါကိုမှ ခွဲခြားပြီးမမြင်မ သိလျှင် ယောဂီအစစ်ဖြစ်တယ်လို့ ဆိုလိုနိုင်ပါ့မလား။

မှန်ပါ့၊ မဆိုလိုနိုင်ပါဘုရား။

အဲဒီလိုမှ ယောဂီအစစ်မဖြစ်ဘူးဆိုလျှင် ဘုရားရဲ့ အလိုတော်

ကျ အဝိဇ္ဇာမာနနယ်က ပညတ်ပရမတ်၊ ဝိဇ္ဇာမာနနယ်ကပဲညတ် ပဲရမတ်တွဲစပ်နေဒါကိုဖြင့် ခွဲခြားပြီး မြင်နိုင်တဲ့သိနိုင်တဲ့သမ္မာဒိဋ္ဌိ ဉာဏ်နှင့်ယှဉ်သောပညာသိမရရှိတော့ဘူးပေါ့ဒကာကြီး။

မှန်ပါ့၊ မရရှိတော့ပါဘုရား။

## ခန္ဓာငါးပါး

ဒကာကြီးရဲ့....ဤကဲ့သို့ ထိုနှစ်နယ်ထဲမှ ပရမတ် သဘော က သတ်သတ် ပညတ်ခေါ်ပုံကသတ်သတ်လို့ မှသိနိုင်မြင်နိုင်တဲ့ဉာဏ် ပညာမရှိလျှင်ဘုရား၏အလိုတော်ကျ ဝိဇ္ဇာမာနနယ်ထဲက ပရမတ္ထ သဘာဝရုပ်နာမ်လို့ သုတ္တန်နည်းနှင့် တင်စားခဲ့တဲ့ ခင်ဗျားတို့ရဲ့ ကာယ-လို့ဆိုတဲ့ကိုယ်ထဲမှာဦးပဥ္စင်းနှုတ်က ပြောပြသော ဖေါက် ပြန်တယ်လို့ပြောတဲ့ သဘောအစု ခံစားတယ်လို့ပြောတဲ့ သဘော အစု မှတ်တယ်လို့ ပြောတဲ့ သဘောအစု ပြုပြင်တယ်လို့ ပြောတဲ့ သဘောအစု သိတယ်လို့ ပြောတဲ့ သဘောအစု ထိုသ ဘော အပြားနှင့်တကွ အပေါင်းအစုငါးပါးကိုမြင် နိုင်သိနိုင် တဲ့ ဝိပဿနာပညာ မဖြစ်နိုင်တော့ဘူးပေါ့ ဒကာကြီးရဲ့။

မှန်ပါ့၊ ဝိပဿနာပညာ မဖြစ်နိုင်ပါဘုရား

ထိုဉာဏ်ပညာမှမရှိလျှင်အဘယ်မည်သောသဘောအပြားနှင့် တကွ အပေါင်းအစုငါးပါးကိုဘာဝနာလို့ဆိုတဲ့ သုံးသပ်နိုင်စွမ်း ဉာဏ်မရှိ ထိုဉာဏ်မှမရှိလျှင်အဘယ်မည်သော သဘော အပြား နှင့်တကွအပေါင်းအစုငါးပါးကိုပညာလို့ဆိုတဲ့အသိဖြင့်ထိုးထွင်း ၍ မသိနိုင်တော့ဘူးပေါ့ ဒကာကြီးရဲ့။

မှန်ပါ့၊ မမြင်မသိနိုင်ပါဘုရား။

အဲဒီလိုမှ သုံးသပ်နိုင်တဲ့ ဘာဝနာ ထိုးထွင်း၍ သိနိုင်စွမ်း ပညာမှမရှိဘူးလို့ဆိုလျှင်ရုပ်နာမ်လို့ဆိုတဲ့သဘောအပြားနှင့်တကွ အပေါင်းအစုငါးပါးကိုဘယ်လိုသုံးသပ်နိုင်တော့မှာလဲ။

အဲဒီလိုမှမသုံးသပ်တတ်ဘူးလို့ဆိုလျှင် အမှားအမှန်နှစ်ဌာနကို ဘယ်တော့မှမမြင်မသိ ထိုကဲ့သို့မမြင်မသိလျှင်မိစ္ဆာဒိဋ္ဌိဘယ်တော့ မှမကွာဘူးလို့ဆိုရမှာပေါ့ဒကာကြီးရဲ့ရှင်းရဲ့လား။

မှန်ပါ့၊ရှင်းပါတယ်ဘုရား။ ဒါဖြင့်အရှင်ဘုရားသမ္မာဒိဋ္ဌိဉာဏ် နှင့်ယှဉ်သောပညာအသိကို ရရှိအောင် အဘယ်မည်သော အ ကြောင်းအကျိုးပေါ်မှာ သုံးသပ်ရမယ်လို့ဆိုတာကိုဖြင့် ဘုရား တပည့်တော် များအားရှင်းလင်းပြောပြဆုံးမတော်မူပါ အရှင် ဘုရား။

## သမ္မာဒိဋ္ဌိဉာဏ်ဖြင့်မြင်ပုံသိပုံ

သမ္မာဒိဋ္ဌိဉာဏ်ဖြင့်ယှဉ်သောပညာသိလို့ဆိုတာကလဲ ဒကာကြီးရဲ့ အမှားပေါ်မှာလဲ မှားတယ်လို့ အမှန်မြင် အမှန်သိရခြင်း အမှန် ပေါ်မှာလဲမှန်တယ်လိုအမှန်မြင် အမှန်သိရခြင်း အကြောင်း အ ကျိုးဆိုတဲ့တရားတခုထဲမှာသည်ပင်လျှင်အမှားအမှန် ထိုနှစ်ဌာန ကို ခွဲမြင်၍ကွဲပြီးသိမှသာလျှင်သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ယှဉ်သောပညာ အသိလို့ ခေါ်ဆိုတယ် ဒကာကြီးရဲ့၊

မှန်ပါ့ဘုရား။

အဲဒီတော့ ဒကာကြီးရဲ့။တရား တရားလို့တော့ပြောနေကြတာ ဟဲ့ သို့သော်လဲဘယ်အကြောင်း သဘောနှင့်ဘယ်အကျိုး သဘော လို့ ပြောဆိုနေကြဒါဘဲ။

မှန်ပါ့၊ ရှင်းပေးတော်မူပါဘုရား။

ဒကာကြီးရဲ၊ ဥပမာတခုပြောရမယ်ဆိုလျှင် ဤလောကကြီးထဲမှာ အတိုက်အခံရှိလျှင် တရားဖြစ်တယ်လို့ ပြောကြတယ်မဟုတ်လား။

မှန်ပါ့၊ ပြောကြပါတယ်ဘုရား။

ဒါဖြစ်လျှင် အတိုက်အခံ မရှိတော့ကော တရားဖြစ်တယ်လို့ ပြောကြသေးရဲ့လား။

မှန်ပါ့၊ မပြောကြပါဘူးဘုရား။

ဒါဖြင့် အတိုက်အခံဆိုတဲ့ တရားကလဲ ဘယ်မှာ ဖြစ်တယ်လို့ ထင်ကြသလဲ။

မှန်ပါ့၊ ဖွင့်ဟ၍ ဟောတော်မူပါဘုရား။

## အတိုက်အခံခွဲပုံ

ဒကာကြီး မိန်းမတဲ့ ယောကျ်ားတဲ့လို့ခေါ်ဆိုနေတဲ့
ကိုယ် လို့ဆိုတဲ့ ပစ္စည်းတခု။
လျှာလို့ဆိုတဲ့ပစ္စည်းတခု။
နှာခေါင်းလို့ဆိုတဲ့ပစ္စည်းတခု။
မျက်စိ လို့ဆိုတဲ့ပစ္စည်းတခု။
နားရွက် လို့ဆိုတဲ့ ပစ္စည်းတခု။
မနလို့ဆိုတဲ့ပစ္စည်းတခု။

ထိုပစ္စည်းခြောက်ခုကတော့ အတိုက်ခံရတဲ့ ပစ္စည်းလို့ခေါ်တယ် ဘာကြောင့် အတိုက်ခံရတဲ့ပစ္စည်းလို့ ပြောရသလဲဆိုလျှင် အတိုက်ပစ္စည်းတွေရှိလို့ အတိုက်ခံရတဲ့ပစ္စည်းတွေလို့ပြောတာ

ပေါ့။ ဒါဖြင့် အတိုက်ပစ္စည်းတွေက ဘယ်ပစ္စည်းတွေလဲ လို့ဆိုလျှင်—

ဝတ္ထုလို့ဆိုတဲ့ ပစ္စည်းသဘောတခု။
ရသလို့ဆိုတဲ့ ပစ္စည်းသဘောတခု။
အနံ့လို့ဆိုတဲ့ပစ္စည်းသဘောတခု။
အဆင်းလို့ဆိုတဲ့ ပစ္စည်းသဘောတခု။
အသံလို့ဆိုတဲ့ ပစ္စည်းသဘောတခု။
ဓမ္မလို့ဆိုတဲ့ပစ္စည်းသဘောတခု။

အဲဒီ-အပြင်ဘက်က ပစ္စည်းခြောက်ခုကိုတော့အတိုက်ပစ္စည်းလို့ဘဲပြောရတာပါဘဲဒကာကြီးရဲ့။ ထိုအတိုက်ခံရတဲ့ အတွင်းပစ္စည်းခြောက်ပါးနှင့် အပြင်ဘက်မှ အတိုက်ပစ္စည်း ခြောက်ပါးတို့ဟာ ဘယ်ပစ္စည်းနှင့် ဘယ်ပစ္စည်း ဘယ်လိုအတိုက်အခံ ဖြစ်နေကြသလဲလို့ဆိုရလျှင်....။

## အတိုက်ဓါတ်အခံဓါတ်

ဒကာကြီးရဲ့ သဘာဝလို့တော့ အများပြောတာ ကြားဘူးကြမှာဘဲ။ သို့သော်လည်းကိုယ်၏နှုတ်ကပြောတဲ့ သဘာဝလို့ဆိုဒါသည်ပင်လျှင် ဘယ်ဒင်းဘယ်ဟာ ဘယ်ပစ္စည်းကို သဘာဝလို့ပြောနေကြတာတုန်း ဒကာကြီးရဲ့။

မှန်ပါ၊ ရှင်းပေးတော်မူပါဘုရား။

သဘာဝလို့ဆိုတာက ပါဠိစကား၊ မြန်မာလိုကတော့ သဘောလို့ ပြောရတာပါဘဲ။ ဘယ်သဘောကို ပြောရသလဲဆိုလျှင် တိုက်တယ်လို့ ပြောရတဲ့သဘောနှင့် အတိုက်ခံရတယ်လို့

ပြောရတဲ့သဘော အဲဒီ သဘောတွေကစပြီးတော့ ဉာဏ်နှင့် မြင်၍ ပညာဖြင့်သိရမှာဒကာကြီးရဲ့။

မှန်ပါဘုရား၊

ဘယ်ပစ္စည်းသဘောကတိုက်လို့ ဘယ်ပစ္စည်းသဘောက အတိုက်ခံနေရသလဲဆိုလျှင် အပြင်ဘက်မှ ဝဏ္ဏဆိုတဲ့ တခုတည်းသောပစ္စည်းသဘောကတိုက်လိုက်တော့ အတွင်းမှ ကိုယ်လို့ဆိုတဲ့ပစ္စည်းသဘောမှာ အတိုက်ခံရပြန်တယ်။

အပြင်ဘက်မှ ရသဆိုတဲ့ ပစ္စည်းသဘောက တိုက်လိုက်ပြန်တော့ အတွင်းထဲမှ လျှာလို့ဆိုတဲ့ပစ္စည်းသဘောမှာ အတိုက်ခံရပြန်တယ်၊

အပြင်ဘက်မှ အနံ့လို့ဆိုတဲ့ ပစ္စည်းသဘောက တိုက်လိုက်ပြန်တော့ အတွင်းထဲမှ နှာခေါင်းလို့ဆိုတဲ့ ပစ္စည်းသဘောမှာ အတိုက်ခံရပြန်တယ်။

အပြင်ဘက်မှ အဆင်းလို့ဆိုတဲ့ ပစ္စည်းသဘောက တိုက်လိုက်ပြန်တော့ အတွင်းထဲမှ မျက်စိလို့ဆိုတဲ့ပစ္စည်းသဘောမှာ အတိုက်ခံရပြန်တယ်။

အပြင်ဘက်မှအသံလို့ဆိုတဲ့ ပစ္စည်းသဘောက တိုက်လိုက်ပြန်တော့ အတွင်းထဲမှနားလို့ဆိုတဲ့ ပစ္စည်းသဘောမှာအတိုက်ခံရပြန်တယ်၊

အပြင်ဘက်မှ ထိုအကြောင်းအကျိုးတို့၏ ဓမ္မဆိုတဲ့ ပစ္စည်းသဘောတွေက တိုက်လိုက်ပြန်တော့ အတွင်းထဲမှ မနလို့ဆိုတဲ့ ပစ္စည်းသဘောမှာ အတိုက်ခံရပြန်တယ်။

## ပညတ် ပရမတ်ခွဲပုံ

ထိုအတိုက်အခံလိုဆိုတဲ့ပစ္စည်းထဲမှာဘဲ ပညတ်နှင့်ပရမတ်တွဲစပ်နေတာကိုခွဲခြားပြီး ဉာဏ်နှင့်မြင်၍ ပညာဖြင့်ကွဲသိရဦးမယ် ဘယ်လိုတွဲစပ်နေဒါကိုခွဲခြားပြီး မြင်ရ သိရသလဲဆိုလျှင်၊

အပြင်ဘက်မှ ဝတ္ထုပစ္စည်းတခုလို့ပြောတာကပညတ်လို့ခေါ်တယ်။ ထိုပစ္စည်းထဲမှ အတိုက်လို့ဆိုတဲ့ သဘောကိုတော့ ပရမတ်လို့ခေါ်တယ်။

အတွင်းထဲမှ ကိုယ်လို့ ပြောတာကပညတ်။ အတိုက်ခံဆဲသဘောကိုတော့ ပရမတ်လို့ခေါ်တယ်

အပြင်ဘက်မှရသလို့ပြောတာက ပညတ်။ အတိုက်သဘောကပရမတ်။

အတွင်းထဲမှ လျှာလို့ပြောတာက ပညတ်။ အတိုက်ခံဆဲ သဘောကပရမတ်။

အပြင်ဘက်မှ အနံ့လို့ပြောတာက ပညတ်။ တိုက်လိုက်တဲ့သဘောကပရမတ်။

အတွင်းထဲမှ နှာခေါင်းလို့ပြောတာက ပညတ်။ အတိုက်ခံဆဲသဘောကပရမတ်။

အပြင်ဘက်မှ အဆင်းလို့ပြောတာက ပညတ်။ တိုက်လိုက်တဲ့သဘောကပရမတ်။

အတွင်းထဲမှ မျက်စိလို့ပြောတာက ပညတ်။ အတိုက်ခံဆဲသဘောကပရမတ်။

အပြင်ဘက်မှ အသံလို့ပြောတာက ပညတ်။ တိုက်လိုက်တဲ့သဘောက ပရမတ်။

အတွင်းထဲမှ နားရွက်လို့ပြောတာက ပညတ်။ အတိုက်ခံဆဲသဘောက ပရမတ်။

အပြင်ဘက်မှထိုအကြောင်းအကျိုးတို့၏ ဓမ္မလို့ ပြောဒါက ပညတ်။ တိုက်လိုက်တဲ့သဘောက ပရမတ်။

အတွင်းထဲမှ မာနလို့ပြောတာက ပညတ်။ အတိုက်ခံဆဲသဘောက ပရမတ်လို့ခေါ်တယ်ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

## အဝိဇ္ဇာမာနနဲ့ယ်က ပညတ်ပရမတ်ခွဲနည်း

အဲသည်လို မြင်သိရကြသော်လဲ အဝိဇ္ဇာ မာနနယ် က ပညတ်ပရမတ်နှင့်ဝိဇ္ဇာမာနနယ်ကပညတ်ပရမတ်တရားများကိုလဲ ကွဲပြားခြားနားပြီး သမ္မာဒိဋ္ဌိဉာဏ် အဆင့်ဆင့်ဖြင့် မြင်ဘို့သိဘို့မိဘို့အရေးကြီးပြန်တယ်။ အဝိဇ္ဇာမာနနယ်မှပညတ်ပရမတ်ဆိုသည်ကား ပကတိမျက်စိဖြင့် မြင်ရ၍ ကိုင်လို့တွယ်လို့ရသော ဝတ္ထုတခုခုမှာ မှီနေသည့်အဆင်းလို့ဆိုရသည့် ဖြူသဘော မဲ့သဘော နီသဘော ဝါသဘောတွေရဲ့အပေါ်မှာ မဖေါက်မပြန်မှုကို မြင်ရသိရခြင်းကိုတော့ ပရမတ်လို့ခေါ်တယ်။

ထိုအပြင်ဘက်က ပရမတ်ပစ္စည်းကိုပင် မိမိတို့၏ အတွင်းစိတ်ထဲက အမည်တင်ပြီး သမုတ်မှုကိုတော့ ပညတ်လို့ ခေါ်တယ်။ ထို့ကြောင့် ပကတိမျက်စိဖြင့် မြင်စရာရှိသော ကိုင်လို့တွယ်လို့ရသည့် ပစ္စည်းဝတ္ထု တခုခု၏အပေါ်မှာ အပြင်ဘက်က ပရမတ် အတွင်းထဲကပညတ်ကို မြင်မှုသိမှုကိုပင် အဝိဇ္ဇာမာနနယ်

က ပညတ်ပရမတ်ကိုကွဲပြားခြားနားစွာမြင်ပြီးသိသော သမ္မာဒိဋ္ဌိ ဉာဏ်နှင့်ယှဉ်သည့် ပညာသိဟုမှတ်ရာ၏။

## ဝိဇ္ဇာမာနနယ်မှ ပညတ်ပရမတ်ခွဲနည်း

ဝိဇ္ဇာမာနနယ်က ပညတ် ပရမတ်ဆိုသည်ကား ပကတိမျက်စိနှင့်လည်း မမြင်ရ ကိုယ်ပြလို့လည်း မဖြစ် အဖြူ အနီ အကြောင်အကြား အရောင်အဆင်း အလင်း အရိပ် နိမိတ်များတောင် ဆိတ်သုဉ်းပြီးသကာလ ဝတ္ထုပစ္စည်း နှစ်ခုတို့၏ ရိုက်ခတ်သည့်ကြားမှ ဖြစ်ပေါ်၍လာသော သဘာဝလို့ဆိုတဲ့ အပြင်ဘက်က သဘောပရမတ်ကို အတွင်းထဲက ဘာသံညာသံဟူ၍ ခေါ်ဝေါ် သမုတ်မှုကိုတော့ ပညတ်လို့ ခေါ်တယ် ဒါကြောင့် ကိုယ်ပြသို့ မဖြစ်သော သဘာဝလို့ဆိုတဲ့ သဘောအပေါ်မှာ အပြင်ဘက်က ပရမတ်နှင့် အတွင်းထဲက ပညတ်ကို ဝိဇ္ဇာဉာဏ်ဖြင့်ထိုးဖေါက်ပြီး မြင်ရပါသောကြောင့် ဝိဇ္ဇာမာနနယ်က ပညတ်နှင့် ပရမတ်ကို ကွဲပြား ခြားနားပြီး မြင်ရ သိရသော သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်တဲ့ ပညာသိဟုမှတ်ရာ၏။

ထိုကဲ့သို့ အဝိဇ္ဇာမာနနယ်နှင့် ဝိဇ္ဇာမာန နယ်ထဲက ပညတ် ပရမတ်နှစ်ပါးကို ကွဲပြားခြားနားမှသာလျှင် ပညတ်ကိုဖယ်ခွာ၍ ကျန်နေသောပရမတ္ထသစ္စာနယ်ကိုရှုကြည့်မှ ထိုပရမတ္ထသစ္စာနယ်ထဲက သဘာဝရုပ်နာမ်တို့ကို ဝိပဿနာ ဉာဏ်ပညာဖြင့်မြင်နိုင် သိနိုင်မည်ဖြစ်ပေ၏။

ဒါကြောင့်ထိုပစ္စည်းတွေထဲမှ သမုတ်မှုပညတ်သက်သက်ပေါ်မှာတင်ပြီး မြင်တယ် သိတယ်လို့ဆိုလျှင် ပညတ်ပေါ်မှာ တင်

နေခြင်းကြောင့် ပညတ်မြင် ပညတ်သိလို့ခေါ်တယ်။ ထိုကဲ့သို့ လို မြင်မှုသိမှုကိုတော့ မံသအမြင် မံသအသိလို့ မြတ်စွာဘုရားကြီးက ဟောတော်မူခဲ့ပါတယ်။ အဲဒါကြောင့် တကယ်ရှိတဲ့သဘောကို သိချင်လို့ တရားရှာနေကြသော ယောဂီများ သိကြရမှာက ထိုအကြောင်းပစ္စည်းတွေထဲမှ ပရမတ်လို့ဆိုသည့် တိုက်တဲ့သဘောနှင့်တကွ အကျိုးလို့ဆိုတဲ့ အတိုက်ခံဆဲ သဘောကို တကယ်သိကြမှသာလျှင် ပရမတ်အမြင် ပရမတ်အသိလို့ ခေါ်ဆိုထိုက်ခြင်းဖြစ်ပါတယ်။ ဤကဲ့သို့ အမှန်ရှိသည့် သဘောကို အမှန်မြင် အမှန်သိလျှင်ဖြင့် ဉာဏ်အမြင် ပညာအသိလို့ခေါ်ရပြန်တာဘဲ ဒကာ-ဒကာမတို့

အဲဒီတော့ မြတ်စွာဘုရားကြီးက ဘာ့ကြောင့် ပရမတ်လို့ ပါဠိကိုဟောခဲ့ရသလဲဆိုလျှင် မြန်မာလိုကတော့ မဖေါက်ပြန်တတ်ဘူးလို့ ပြောဆိုရပါသည် ဘယ်သူ့ကို ပြောသလဲလို့ဆိုလျှင် တိုက်သဘောနှင့် ခံသဘောတွေကိုဘဲ မဖေါက်ပြန်ဘူးလို့ ပြောဆိုရပါသည်၊ဒီသဘောတွေကိုဘာ့ကြောင့်မဖေါက်ပြန်ဘူးလို့မြန်မာပြောရသလဲဆိုလျှင် သေသေချာချာ မှတ်သား ထားပြီးနားထောင်ကြပေတော့။

တိုက်တယ်လို့ပြောရတဲ့သဘောကလေးသည်တိုက်တတ်တဲ့သဘောကလေးဘဲမဟုတ်လား၊ ဒါကြောင့်တိုက်လိုက်တဲ့သဘောလေးသည် ခံရမဲ့သဘောမရှိသည်ဖြစ်စေ၊ ရှိသည်ဖြစ်စေ၊တိုက်မယ်လို့ဆိုသည့် သဘောမှ မတိုက်ဘူးလို့ ဆိုရာသို့ ရွေ့လျောပြောင်းလဲတတ်သလား၊

မရွေ့လျောမပြောင်းလဲတတ်ပါဘုရား၊

ဤကဲ့သို့မရွေ့မလျော မပြောင်းလွဲ တတ်ဘူးလို့ ဆိုတဲ့ သဘောသည်ပင်ဖေါက်ပြန်တတ်တဲ့သဘောလို့ဆိုကြဦးမှာလား

မဆိုထိုက်ပါဘူးဘုရား၊

အဲဒါကြောင့်မို့ထိုအတိုက် သဘောလေးကို မဖေါက်မပြန် တတ်လို့ပရမတ်လို့ဟောရပါတော့သည်၊

ထိုနည်းတူစွာပင် အတိုက်ခံရတယ်လို့ ပြောနေတဲ့ သဘော ကလေးကလည်း အတိုက်ခံရတဲ့ သဘော သက်သက်ကလေးဘဲ မဟုတ်ဘူးလား။

ဟုတ်ပါတယ် ဘုရား၊

ဒါဖြင့်လျှင် အတိုက်ခံရတဲ့သဘောကလေးသည် အကြောင်း တိုက်တိုင်း၊ တိုက်တိုင်း အတိုက်ခံရရာ၊ ဤသဘောမှအတိုက်မခံ ရရာသို့ရွေ့လျော့ပြောင်းလဲတတ်သေးသလား၊

မရွေ့မလျော့ မပြောင်းလွဲတတ်ပါဘုရား။

ဤကဲ့သို့လို မရွေ့–မလျောမပြောင်းလွဲတတ်ဘူးလို့ ပြော စရာရှိတဲ့ သဘောကလေးကို ဒကာကြီးက ဖေါက်ပြန်တတ်တဲ့ သဘောရယ်လို့ ပြောဆိုဦးမှာလား၊

မပြော ဆိုထိုက်ပါဘုရား၊

မပြောဆိုထိုက်ဘူးဆိုလျှင် မဖေါက် မပြန်ဘူး လို့ဘဲပြောဆို ရမှာပေါ့–ထိုမဖေါက် မပြန်တတ်ဘူးလို့ဆိုတဲ့ အတိုက်ခံရသည့် သဘောလေးသည်ပင်လျှင်မဖေါက်မပြန်တတ်ပါသော ကြောင့် ပရမတ်လို့ဘဲ ဟောထုတ်လိုက်ရပါတော့၏။

## တရားဆိုသည်ကား

ဒကာကြီး ဒကာမကြီးတို့ ယခု ခင်ဗျားတို့ တတွေ သည် ဦးပဥ္စင်းထံသို့ဘာလာလုပ်ကြသလဲ။

မှန်ပါ့တရားနာလိုကြလို့လာပါတယ်ဘုရား၊

အော်-တရားနာလိုလို့ ဆိုပါကလား၊ တရား နာလာ ကြတယ်လို့ဆိုတော့ ဗုဒ္ဓ၏ အလိုတော်ကျ နူးညံ့ သိမ်မွေ့ ခက်ခဲနက်နဲသော အကြောင်း သဘော အကျိုး သဘော တွေကို ပညာလို့ဆိုတဲ့ ထိုးထွင်းသော သိမှုကိုလိုချင်လို့ ရချင်လို့ ဆိုရမှာပေါ့ ဒါဖြင့်လျှင် လူအများတို့ပြောဆိုနေကြတဲ့တရားလို့ ဆိုတာသည်ပင်လျှင် ဘယ်ဒင်း ဘယ်ဟာ ဘယ်သဘောတွေကို တရားလို့မှတ်ထင်နေကြသလဲဒကာကြီးတို့။

မလျှောက်တတ်ပါဘုရား။

ဒီတော့တရားလို့ဆိုတဲ့ အဓိပ္ပါယ် သဘောကိုဦးပဥ္စင်း ရှင်းပေးမယ် လေးလေးနက်နက် နားထောင်ကြနော်၊ တရားလို့ ပြောဆိုရတာက စာစကား၊ မြန်မာလိုသိရမှာက အကြောင်းလို့ဆိုတဲ့ သဘောကြောင့် အကျိုးလို့ဆိုတဲ့သဘောဖြစ်ပေါ်မှုကိုဘဲ သိကြရမှာပါဘဲ။

## အကြောင်းအကျိုးသဘောမျှ

ထိုအကြောင်းအကျိုးလို့ဆိုတဲ့ သဘောကိုဘဲစာလိုကတော့ တရားလို့ခေါ်ရတာပေါ့ သဘောပေါက်ရဲ့လားဒကာကြီးရဲ့။

သဘောပေါက်ပါပြီ ဘုရား။

သဘောပေါက်တယ်လို့ ဆိုပေမယ်လို့အကြောင်းသဘောအကျိုးသဘော ဖြစ်ပေါ်တိုင်းအမှားအမှန် နှစ်မျိုးနှစ်စားကိုခွဲခြားပြီးသိရဘို့ကအလွန်အလွန်ဘဲအရေးကြီးပါတယ်၊ဘာ့ကြောင့်လဲဆိုတော့ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း၊တကယ်ရှိတဲ့သဘာဝလို့

ဆိုတဲ့ သဘောတွေကို မမြင်မသိပါဘဲလျက် တကယ်မရှိတဲ့ဟာတွေကို မြင်တတ် သိတတ်ကြလို့ သံသရာလည်မည့် အရေးကို ဦးပဥ္စင်းကကြိုတင်၍သိမြင်ပါသောကြောင့် အလွန်အလွန်ဘဲ အရေးကြီးတယ်လို့ ဟောပြောရခြင်းဖြစ်ပေသည်။

## သံသရာလည်ပုံ၏အစ

မရှိသည်ကို ဘယ်လို သိမြင်လို့ သံသရာလည်ရသလဲလို့ အမြွက်လောက်ကိုတော့ တရားလို့ ဆိုတဲ့ သဘောကို ရှင်းပြမယ် သေသေချာချာမှတ် ထားကြနော် ဒကာ ဒကာမများ၊ဟောဒီ ရှေ့ကပစ္စည်းကလေးကိုမြင်အောင်လှမ်းပြီး ကြည့်လိုက်ကြစမ်း ဟောဒီပစ္စည်းကလေးကအကြောင်းတပါး။ ဒကာ ဒကာမတို့၏ မျက်စိလို့ဆိုတဲ့ပစ္စည်းတွေကအကြောင်းတပါး။ ထိုအကြောင်း နှစ်ပါးတိုက်လိုက်တော့ ဒကာဒကာမတို့ရဲ့ကိုယ်၏အတွင်းနှလုံး အကြည်ထဲမှ အာရုံလို့ဆိုတဲ့ ဟိတ်သဘောပေါ်မှာမှီပြီးတော့ သိမှုလို့ဆိုတဲ့ အကျိုးသဘောတခု ဖြစ်ပေါ်မလာဘူးလား။

ဖြစ်ပေါ်လာပါတယ်ဘုရား၊ထိုအတွင်းထဲမှာအာရုံလို့ဆိုတဲ့ ဟိတ်သဘောပေါ်မှာ မှီပြီးတော့နေတဲ့ သိသဘော အကျိုးကလေးကို မြတ်စွာဘုရားကြီးက စိတ်ရယ်လို့—သမုတ်ခဲ့ပါတယ်။ အကြောင်းမတိုက်မိကဆိုလျှင် အကျိုးသိစိတ် မဖြစ်သေးဘူးနော် အကြောင်းသဘောတိုက်လို့သာလျှင် အကျိုးသိသဘော ဖြစ်ပေါ်လာရပါတယ် ဒကာ ဒကာမများ။

အဲသို့မို့ကြောင့် အတိုက်အခံလို့ဆိုတဲ့သဘောနှင့် သိတယ်လို့ဆိုတဲ့သဘောသက်သက်ကလေးကိုတော့ မြတ်စွာဘုရားကြီး

က သဘာဝလို့ပါဠိလိုသမုတ်ခဲ့ပါတယ်။ ဒါကြောင့် အတိုက် အခံဆိုတဲ့သဘောအကြောင်းနှင့် သိတယ်လို့ဆိုတဲ့ သဘောအ ကျိုး ထိုအကြောင်းနှင့်အကျိုးကို စာအလိုကတော့တရား လို့ ခေါ်တယ်။ မြတ်စွာဘုရားကြီးကဟော့ ပါဠိလို ဓမ္မလို့ဟော တော်မူခဲ့သည်မဟုတ်ပါသားဒကာကြီးရဲ့။

ဟုတ်ပါတယ်ဘုရား။

အဲဒါကြောင့်မို့ ယခုဟောပြောသည့်တရားစကားသည်ပင် လျှင် သဘာဝဓမ္မကိုဟောပြတဲ့တရားစကားဘဲလို့ မှတ်သားကြ စေလိုပါသည်။

အဲဒီတော့ သဘာဝဓမ္မကိုသိမြင်တယ်လို့ဆိုရပေမဲ့ထိုအတိုက် အခံသဘောအကြောင်းနှင့် သိမှုလို့ဆိုတဲ့ အကျိုးသဘောကို မြင်ရသိရမယ် အဲဒီလိုအတိုက်အခံ အကြောင်း သဘောရှိလို့ သိသဘော အကျိုးတခုပေါ်လာခြင်းကြောင့် ထိုအကြောင်း သဘောနှင့် အကျိုးသဘော နှစ်ခု ပေါ်ဆဲကလေးသည်ပင် တရားဖြစ်နေတယ်လို့-ဟောရ ပြောရပါတော့သည်။

ထိုကဲ့သို့ အတိုက်ခံရသော မျက်စိဆိုတဲ့ ပစ္စည်းကို ကိုယ်၏ ရှေ့မှ ဟောဒီ-ပစ္စည်းက အကြောင်းတိုက်လိုက်တော့ကိုယ်၏ အ တွင်းနှလုံးအကြည်ထဲမှ အာရုံဆိုတဲ့ ဟိတ်သဘောကလေးရဲ့အ ပေါ်မှာ သိစိတ်ဆိုတဲ့အကျိုးသဘော ကလေး ဖြစ်ပေါ်လာ တယ်ဆိုတော့ အဲဒီ-အကျိုးသိ စိတ် ကလေးက အတိုက် အခံ တည်းဟူသောအကြောင်းထဲမှာ ဘယ်ဒင်း၊ ဘယ် ဟာကို သိ လိုက်သလဲ ဒကာကြီးရဲ့

မှန်ပါ၊ လဘက်ရည်ပန်းကန်လို့သိလိုက်ပါတယ်ဘုရား။

ဒီတော့ ဒကာကြီးရဲ့ အမှားကို သိတဲ့စိတ်လား၊ အမှန်ရှိသည်ကိုသိတဲ့စိတ်လားလို့ ဆိုဒါကိုဖြင့် ထိုစိတ်ကလေးရဲ့ အကြောင်း ပေါ်မှာအာရုံလို့ ဆိုတဲ့ဟိတ် သဘော ကလေးကို သတိ-ကပ်ပြီး ဉာဏ်ဖြင့် သုံးသပ်ကြည့်လိုက်ကြစမ်းဒကာ၊ဒကာမများ သုံးသပ်ကြည့်လိုက်တော့- အဲဒီ-သိ စိတ်ကလေးကလဘက်ရည်ပန်း ကန်လို့ သိသည်ကိုပင် အမှန် သိတယ်လို့၊ ထိုစိတ် ကလေးထဲမှ အဖြေထွက်မလာဘူးလား။

အမှန်သိတယ်လို့ အဖြေထွက်လာပါတယ်ဘုရား။

အဲဒီတော့ ဒကာကြီးရဲ့ မြတ်စွာ ဘုရားကြီးက စိတ္တ သတိပဋ္ဌာန်ဆိုတဲ့ အတွင်းထဲမှ သိစိတ် သဘောရဲ့ အကြောင်းပေါ်မှာ အာရုံဆိုတဲ့ ဟိတ်သဘောကိုဖြင့် သတိနှင့် ကပ်ပြီး နုပဿနာလို့ဆိုတဲ့ ပါဠိအရ ကြိမ်ဖန် များစွာ ပညာဖြင့် မသိ သိအောင် ထိုသဘောတို့ရဲ့ အကြောင်းပေါ်မှာ ဉာဏ်ဖြင့် သုံးသပ်ရမယ်လို့ ဟောခဲ့တယ် မဟုတ်ပါလား၊

ဟောတော် မူခဲ့ပါတယ်ဘုရား။

ဤသို့ဖြစ်လျှင်ထိုစိတ်ကလေးကိုဘဲ အာရုံပေါ်မှာ သတိကပ်၍ ပညာဖြင့် ကြိမ်ဖန်များစွာ ပညာလို့ဆိုတဲ့ အသိနှင့် မသိသိအောင်သုံးသပ်ရမှာပေါ့ ဒကာကြီးရဲ့ အဲဒီ စိတ်ကလေးကိုသုံးသပ်ကြည့်လိုက်ပြန်တော့သူ့ ကလဘက်ရည်ပန်းကန်လို့ ဆိုတာကိုဘဲ အဟုတ်သိပါတယ် တကယ်သိပါတယ်-အမှန် သိပါတယ်လို့ အဖြေပေါ်မလာပြန်ဘူးလား၊

အဖြေပေါ်လာပြန်ပါတယ်ဘုရား၊

ဒီတော့မှ တဖန် ဉာဏ်ဖြင့် ထိုအသိ ကလေးကို လဘက်ရည် ပန်းကန်လို့ သိခြင်းသည် အဘယ့်ကြောင့် သိသနည်းဟု မေး ကြည့်သလို သုံးသပ်၍ ကြည့်ကြစမ်း၊ အဲဒီလိုသုံးသပ်ကြည့်လိုက် တော့ ထိုစိတ်ကလေးက မြင်လို့သိပါတယ်ဟုအဖြေပေါ်မလာ ဘူးလား၊

အဖြေပေါ်လာပြန်ပါတယ်ဘုရား၊

ဒီတော့တဖန် ဉာဏ်ဖြင့်—ဟဲ့ သိစိတ်ကလေးရဲ့ မင့်မှာမျက် စိရှိလို့မင်းကမြင်တယ်လို့ အဖြေပေးရတာလားလို့မေးသကဲ့သို့ တဖန်သုံးသပ်ကြည့်လိုက်တော့ ထိုစိတ်ကလေးက တော့ တဖန် ပြန်၍ ပြောဘိသကဲ့သို့မျက်စိမဟုတ်လို့ မမြင်ရပါဘူး၊ သို့သော် လဲ မျက်စိကသာလျှင် လဘက်ရည်ပန်းကန်ကိုမြင်ပေးလို့ သိစိတ် သဘောက လဘက်ရည်ပန်းကန်ဘဲသိရတယ်လို့ ထပ်မံပြီးအဖြေ ပေးသကဲ့သို့ ဒကာ၊ ဒကာမတို့၏ ဉာဏ်ဖြင့်မြင်၍ ပညာဖြင့်ထိုး ဖေါက်ပြီး ကွဲပြားစွာ သိမသာရဘူးလား၊

သိမြင်လာပါတော့သည်ဘုရား။

ဒီတော့မှ တဖန် ဉာဏ်ဖြင့် သိစိတ် ကလေးကို မျက်စိ က လဘက်ရည်ပန်းကန်ကိုမြင်တာသည်ပင်လျှင် အမှန်မြင်တယ်လို့ ယူထားသလားဟု သုံးသပ် ကြည့် လိုက်တော့ အမှန် မြင်လို့ အမှန်ယူထားပါတယ်ဟု ထိုစိတ်ကလေးကပြန်ပြီး ပြောသကဲ့သို့ အဖြေကိုဖြင့် ဒကာ-ဒကာမများတို့ရဲ ဉာဏ်နှင့် တကွ ပညာဖြင့် ထပ်မံပြီးသိမြင်ရသည်မဟုတ်လား၊

မှန်ပါ သိမြင်ရပါသည်ဘုရား။

*No. 3*

အဲဒီတော့ ဒကာ ဒကာမများ၊ နုပ်ဿနာလို့ဆိုတဲ့ ပါဠိ အရ၊ ကိုယ်၏အတွင်းထဲမှ ထိုစိတ်ကလေးကိုပင် အဖန်ဖန်အခါခါ ဥာဏ်ဖြင့် သုံးသပ်ကြည့်လိုက်တော့ထိုစိတ်ကလေးကဘဲ အမှန်ကိုမြင်လို့အမှန်ကို ယူပါတယ်ဟု အဖြေတွေ ပေးပုံကို ဖြင့် ဒကာ-ဒကာမများသဘောပေါက်ကြပြီမဟုတ်လား။

မှန်ပါ့—သဘောကျကြပါပြီဘုရား၊

သို့သော်လဲ—သဘောပေါက် တယ်လို့ဆိုကြပေမဲ့ ထိုစိတ်ကလေးထဲမှ လဘက်ရည်ပန်းကန်ကို အမှန်မြင်တယ်၊ လဘက်ရည်ပန်းကန်ကိုအမှန်သိတယ်လို့ အဖြေထွက် ပေါ်လာသည်ကိုပင် ဒကာ-ဒကာမများက မှားသော အမြင်၊ မှားသော အသိလို့ယူကြမှာလား၊ သို့မဟုတ်၊မှန်သော အမြင်မှန်သောအသိလို့ ယူကြမှာလား၊ ထိုအယူနှစ်မျိုးကိုပင် ဒကာကြီး ဦးစန်တင်ရဲ့—ခင်ဗျားတို့ကဘယ်လိုယူကြမှာလဲဒကာကြီးရဲ့။

မှန်ပါ့ဘုရား—စိတ်ကလေးထဲမှထွက်ပေါ်လာတဲ့ အဖြေတွေကိုဘဲမှန်သောအမြင်၊ မှန်သော အယူလို့ တသံသရာလုံးက ယူလာရုံမျှမကယနေ့ထိ အောင်မှန်တယ်လို့ ယူကြပါတယ်ဘုရား။

အဲဒီလို ဒကာ-ဒကာမတို့၏ သိစိတ်ကလေးထဲမှာဝိစိကိစ္စာဖြစ်ပြီး၊ မျက်စိကမြင်တတ်တယ်လို့ယူထားသောအယူကိုပင်မှန်သောအယူဖြစ်သလား၊ မှားသော အယူဖြစ်သလားလို့ဆိုဒါကိုဖြင့် ဦးပဥ္စင်းကရှင်းပြမယ်၊ သဘောပေါက် အောင်သာ နားထောင်မှတ်သားကြပေတော့ ဒကာ-ဒကာမများ။

ဟောဒီ-လဘက်ရည် ပန်းကန်လို့ ပြောပြတဲ့ ပစ္စည်းက အကြောင်းဘယ်လိုပင် တိုက်စေကာမူမျက်စိလို့ဆိုတဲ့ပစ္စည်းရှိပေမဲ့

ထိုပဲစွည်းနှင့်အကြောင်းမတိုက်ဆိုင်ခဲ့ပါလျှင်မြင်တယ်လို့ဆိုတဲ့သဘောတခုဖြစ်ပေါ်လာပါ့မလား။

မဖြစ်ပေါ်ပါဘူးဘုရား။

ဒါဖြင့် လက်ာက်ရည်ပန်းကန်လို့ဆိုတဲ့ ပစ္စည်းတခုထဲနှင့် မြင်တယ်လို့ဆိုတဲ့သဘောတခုမဖြစ်ပေါ်ဘူးဆိုဒါ ထင်ရှားမနေဘူးလား။

မှန်ပါ ထင်ရှားနေပါတယ်ဘုရား။

တဖန်မျက်စိလို့ဆိုတဲ့ပစ္စည်းကအကြောင်း ဘယ်လိုပင်လိုက်၍တိုက်စေကာမူ လက်ဘက်ရည် ပန်းကန်လို့ဆိုတဲ့ပစ္စည်းနှင့်အကြောင်းမတိုက်ဆိုင်ခဲ့လျှင်လည်း မြင်တယ်ဆိုတဲ့ သဘောတခုဖြစ်ပေါ်သေးရဲ့လား။

မဖြစ်ပေါ်ပါဘုရား။

ဒါဖြင့်လျှင် မျက်စိလို့ဆိုတဲ့ ပစ္စည်းတခုထဲနှင့်မြင်တယ်လို့ဆိုတဲ့သဘောတခု မဖြစ်ပေါ်နိုင်ဘူ လို့ဆိုတာထင်ရှားမနေဘူးလား။

မှန်ပါ၊ ထင်ရှားနေပါတယ်ဘုရား။

ဒါဖြင့်မြင်တယ်လို့ဆိုတဲ့သဘော မဖြစ်ပေါ်သေးဘူ လို့ ဆိုရမှာပေါ့ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

ဒီတော့ မြင်တယ်လို့ဆိုတဲ့အကျိုး သဘောတခု ဖြစ်ပေါ်၍လာရခြင်းအကြောင်းက ဘယ်ပစ္စည်းတွေကြောင့် ဖြစ်ပေါ်၍လာရသလဲဆိုလျှင် သေသေချာချာ နားထောင်ကြနော် ဒကာဒကာမများ။

မှန်ပါ့ဘုရား။

လက်ဘက်ရည်ပန်းကန်လို့ပြောတဲ့ပစ္စည်းများက အကြောင်းတပါး။ မျက်စိလို့ပြောတဲ့ပစ္စည်းက အကြောင်းတပါး၊ ထိုအကြောင်းပစ္စည်းနှစ်ပါးတိုက်ဆိုင်ဆဲမှာသည်ပင်အကြောင်းပစ္စည်းနှစ်ပါးတိုက်ဆိုင်တဲ့အကြားမှဖြစ်ပေါ်လာသောအကျိုးသဘောသက်သက်ကိုပင် မြင်တယ်လို့ ခေါ်ဝေါ်သမုတ်နေကြတာပေါ့ ဒကာကြီးရဲ့။

မှန်ပါ၊ ခေါ်ဝေါ်သမုတ်နေကြပါသည်ဘုရား။

မှန်တယ်လို့ဆိုပေမဲ့ ဒကာ-ဒကာမတို့ဉာဏ်ထဲမှာ မလင်းလင်းအောင်။ ပညာလို့ဆိုတဲ့အသိထဲမှာ မရှင်းရှင်းအောင် သဘောသက်သက်ကလေးတွေကို ဦးပဥ္စင်းကမြန်မာလို ပြောဟောပြသသော်လည်း ပြည်ကြီးကကုလား ဗမာစကားကိုနားမလည်သလိုဖြစ်များနေကြဦးမလားဒကာကြီးရဲ့။

မဖြစ်ပါဘုရား။

ဒါဖြင့်လျှင်မြင်တယ်လို့ပြောတဲ့သဘောက အကျိုးပစ္စည်းမှတ်ထား မျက်စိနှင့် လက်ဘက်ရည် ပန်းကန်လို့ဆိုဒါက အကြောင်းပစ္စည်း၊ ရှင်းရဲ့လား။

ရှင်းပါတယ်ဘုရား။

ဒါဖြင့် မြင်သဘောလို့ဆိုတဲ့ အကျိုးပစ္စည်းသည် မျက်စိနှင့် လက်ဘက်ရည် ပန်းကန်လို့ဆိုတဲ့ အကြောင်းပစ္စည်း ဟုတ်ကဲ့လား။

မဟုတ်ပါဘုရား။

ဒီတော့ အကျိုးပစ္စည်းသည်အကြောင်းပစ္စည်းဟုတ်ကဲ့လား။

မဟုတ်ပါဘုရား။

အကြောင်းပစ္စည်းလို့ဆိုတာကော၊ အကျိုးပစ္စည်း ဟုတ်ကဲ့လား။

မဟုတ်ပါဘုရား။

အဲဒီတော့ မြင်သဘောဆိုတဲ့အကျိုးပစ္စည်းသည် မျက်စိလို့ဆိုတဲ့ အကြောင်းပစ္စည်း မဟုတ်ဘူးဆိုတာ ထင်ရှားမနေဘူးလား။

ထင်ရှားနေပါတယ်ဘုရား။

ထိုမြင်သဘောဆိုတဲ့ အကျိုးပစ္စည်းသည်ပင် လက်ဘက်ရည်ပန်းကန်လို့ဆိုတဲ့ အကြောင်းပစ္စည်းမဟုတ်ဘူးဆိုတာကောထင်ရှားမနေဘူးလား။

ထင်ရှားနေပါတယ်ဘုရား။

ဒါဖြင့်လက်ဘက်ရည်ပန်းကန်လို့ဆိုတဲ့ပစ္စည်းက သတ်သတ်တခုမြင်သဘောလို့ဆိုတဲ့ပစ္စည်းကသတ်သတ်တခု၊ မျက်စိလို့ဆိုတဲ့ပစ္စည်းကသတ်သတ်တခုလို့ ထိုပစ္စည်းသုံးခုကိုဖြင့် တခုစီကွဲပြားခြားနားပြီး ဉာဏ်ဖြင့်မြင်၍ ပညာဖြင့်ထိုးဖောက်ပြီး မျက်စိကမမြင်တတ်ပါကလား။ အော်-မျက်စိနှင့်အဆင်း အကြောင်းနှစ်ခုတိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း ဖြစ်ပေါ်လာတဲ့ အကျိုးသဘော သက်သက်ကလေးကိုသာလျှင် မြင်တယ်ဟုပြောဆိုနေကြတာပါလားလို့ သဘောပေါက်မသွားဘူးလားဒကာကြီးရဲ့။

သဘော ပေါက်သွားပါပြီဘုရား။

အဲဒါကြောင့် မျက်စိကမြင်တတ်တယ်လို့ ယူထားသော အယူသည်ပင် မှားသောအယူ ဖြစ်ခြင်းကြောင့် ထိုအယူမျိုးကိုစွန့်

လွတ်၍ မှန်သောအမြင်၊ မှန်သောအသိ၊မှန်သောအယူ ဖြစ်ရလေအောင် ဦးပဥ္စင်းက ပြတ်သားစွာ ရှင်းလင်းပြီး ဒကာကြီးတို့ ယူထားသောအယူကို မှားတယ်လို့ ပြောရတာပေါ့ဒကာကြီး။

မှန်ပါဘုရား။

ဒါဖြင့် မျက်စိလို့ဆိုတာက ပစ္စည်းတခု၊ မြင်သဘောလို့ဆိုတာက ပစ္စည်းတခု၊ အဆင်းလို့ဆိုတာက ပစ္စည်းတခု ထိုပစ္စည်းသုံးခုကိုတော့ ကွဲပြားစွာခွဲခြားပြီး သိကြပြီမဟုတ်လား။

မှန်ပါ့၊ သိကုန်ကြပါပြီဘုရား။

ထိုအရာတွေကို သိမြင်တယ်လို့ဆိုပေမဲ့ လက်ဘက်ရည်ပန်းကန်လို့ပြောမှုရယ် အပြောခံရတဲ့ အဆင်းလို့ဆိုတဲ့ သဘောသက်သက်ရယ် ပြောမှုနှင့်သဘောအစု ထိုနှစ်ခုကိုပင် ပညတ်တတ်ပြီးခေါ်ဝေါ်သမုတ်တဲ့ သမုတိသစ္စာနယ်နှင့် မဖေါက် မပြန်တတ်သောပရမတ္ထသစ္စာနယ် ထိုနှစ်နယ်တဲ့စပ်နေတာကိုဖြင့်ခွဲခြားပြီးသိမြင်ကြပြီလား ဒကာကြီးရဲ့။

မှန်ပါ့၊ မသိမမြင်ကြပါသောကြောင့် သမုတိ သစ္စာနယ်နှင့်ပရမတ္ထသစ္စာနယ် ထိုနှစ်နယ်ကိုဖြင့် ခွဲခြား၍ ရှင်းလင်းပြီး ဟောတော်မူပါဘုရား။

အဲဒီလိုအယူမျိုးကိုပင် မှားသောအယူလို့ ဦးပဥ္စင်းကပြောလိုက်လျှင် ဒကာကြီးတို့ရဲ့စိတ်ထဲမှာ ဘယ်အယူကို ယူရပါ့မလဲဟုတွေးတောမှုသဘောတွေဖြစ်ပေါ်ပြီးမလာဘူးလား။

မှန်ပါ့၊ စိတ်ထဲမှဖြစ်ပေါ်လာပါတယ်ဘုရား။

အဲဒီလို စိတ်ထဲမှာ ဖြစ်ပေါ်လာပါတယ်လို့ ဆိုတာသည်ပင်လျှင် စာအလိုဆိုလျှင်တော့ ဝိစိကိစ္ဆာဖြစ်တယ်လို့ ဆိုလိုတာပေါ့ဒကာကြီးရဲ့။

မှန်ပါ့၊ ဝိစိကိစ္ဆာဖြစ်သွားပါပြီဘုရား။

အဲ့ဒီလိုစိတ်ထဲမှာဝိစိကိစ္ဆာဖြစ်သွားတယ်လို့ဆိုတော့ အတွင်းထဲမှာရှုပ်ထွေးနေတယ်လို့ပြောရမှာပေါ့ဒကာကြီးရဲ့။

မှန်ပါရှုပ်ထွေးနေပါတယ်ဘုရား။

အတွင်းထဲမှာ ရှုပ်ထွေးနေတယ်လို့ဆိုပြန်တော့ အပြင်ဘက်မှာကိုဘဲ မရှင်းကြလို့အတွင်းမှာရှုပ်ကုန်ကြတာပေါ့ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

ဒါဖြင့်လျှင်စိတ်၏အတွင်းထဲမှာ ရှုပ်ထွေးနေတဲ့ သဘောတွေ မပြုတ်ပြုတ်အောင်အပြင်ဘက်က ပစ္စည်းထဲမှာ ရှင်းထုတ်ကြစို့။

မှန်ပါ့၊ ရှင်းထုတ်တော်မူပါဦးဘုရား။

## သမုတိသစ္စာနယ်

ဒကာကြီးရဲ့။ ယခုတရားနာနေကြတဲ့ ဒကာဒကာမတွေသည် သဘာဝလို့ဆိုတဲ့ ပါဠိအရ အဟုတ်ရှိတကယ်ရှိတဲ့သဘောသက်သက်ကို ခေါ်ဝေါ်သမုတ်ပုံနှင့်တကွ မှန်တဲ့အတိုင်း သိမြင်ရလေအောင် ပြတ်သားစွာ ရှင်းလင်းပြီးပြောပြမယ် သေသေချာချာ သဘောပေါက်အောင် နားထောင်ပြီး မှတ်သားကြပေတော့။

နားထောင်မှတ်သားကြပါမယ်ဘုရား။

ဒါဖြင့် ဒကာကြီးရဲ့ ဟောဒီရှေ့က ပစ္စည်းတခုကို နာမည်က ဘယ်လိုခေါ်ဝေါ်သမုတ်နေကြသလဲ။

မှန်ပါ အများခေါ်ဝေါ်နေကြတာကတော့ လက်ဘက်ရည်ပန်းကန်လို့ဘဲ ခေါ်ဝေါ်နေကြပါတယ်ဘုရား။

ဒါဖြင့်လျှင် ခေါဝေါတာက သတ်သတ်တခု၊ အခေါ်ခံရတဲ့ပစ္စည်းက သတ်သတ်တခုလို့ဆိုတော့ နှစ်ခုကွဲမနေဘူးလား။

မှန်ပါ့၊ တခုစီကွဲနေပါတယ်ဘုရား။

မှတ်ထားနော်ဒကာကြီး၊ဒကာကြီးရဲ့ ဟောဒီပစ္စည်းသဘောကအကြောင်းတိုက်လို့တော့ ကိုယ်၏အတွင်းရှိ လက်ဘက်ရည်ပန်းကန်လို့ပြောသံကြားတဲ့အပေါ်မှာ မှတ်ပြီးတော့ အကျိုးသိစိတ်တခုဖြစ်ပေါ်မလာဘူးလား။

ဖြစ်ပေါ်လာပါတယ်ဘုရား။

အဲဒီလို ပြောသံကြားတဲ့အပေါ်မှာ မှတ်ပြီးသိတဲ့ အသိကိုတော့ သညာသိလို့ခေါ်ပါတယ်ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

ဒါဖြင့်လျှင် သညာသိကို ပညာသိဖြစ်အောင် ဟောဒီ ပစ္စည်းကလေးတခုကို သေသေချာချာကြည့်လိုက်ကြစမ်း ဘာသဘောတွေရှိသလဲလို့ဆိုလျှင် ဖြူတယ်လို့ ပြောစရာရှိတဲ့ သဘောအပြင်ဘာသဘောများရှိကြသေးသလဲ။

ဖြူသဘောအပြင်ဘာမှမရှိပါဘူးဘုရား။

အဲ့ဒီဖြူတယ်လို့ပြောတဲ့ သဘောသက်သက်ကို ဥာဏ်နှင့်ကောမြင်ရဲ့လား။

မြင်ပါတယ်ဘုရား။

မြင်တယ်လို့ဆိုပေမဲ့ အကြောင်းတိုက်တိုင်းတိုက်တိုင်း မမေ့မလျော့သောသတိဖြင့် ကပ်၍ အမှန်ရှိတဲ့သဘောကို အမှန်မြင်အမှန်သိရလေအောင် အမြဲမပြတ်ဥာဏ်ဖြင့်သုံးသပ်ဘို့ အလွန်ဘဲအရေးကြီးတယ်နော်ဒကာကြီး။

မှန်ပါဘုရား။

ဒါဖြင့် လက်ဘက်ရည်ပန်းကန်လို့ အခေါ်ခံရတဲ့ ဟောဒီ ပစ္စည်းတခုထဲမှာ ဖြူတယ်လို့ဆိုတဲ့ သဘောတွေ အဟုတ်ရှိတယ် တကယ်ရှိတယ်၊ အမှန်ရှိတယ်လို့ဆိုတာ မထင်ရှားဘူးလား ဒကာကြီးရဲ့။

ထင်ရှားပါတယ်ဘုရား။

ဒါဖြင့်လျှင်အဟုတ်ရှိတဲ့တကယ်ရှိတဲ့ သဘာဝလို့ဆိုတဲ့ပါဠိအရ ဖြူတယ်လို့ဆိုတဲ့ သဘောသက်သက်ကလေးသာလျှင်အမှန်ရှိပါလျက်နှင့် ထိုသဘောသက်သက်ကလေးကို အမှန်မမြင်မသိပါဘဲ လက်ဘက်ရည် ပန်းကန်ကိုမြင်တယ်လို့ဆိုတာ၊ လက်ဘက်ရည်ပန်းကန်ကိုသိတယ်လို့ဆိုတာထိုအမြင်ထိုအသိသည်ပင်လျှင် မှားသော အမြင် မှားသောအသိလို့ မဆိုထိုက်ဘူးလားဒကာကြီးရဲ့။

မှန်ပါ၊ ဆိုထိုက်ပါတယ်ဘုရား။

ထိုကဲ့သို့ လက်ဘက်ရည်ပန်းကန်လို့ မှားသောအမြင် ဖြစ်အောင်၊ လက်ဘက်ရည်ပန်းကန်လို့ မှားသောအသိဖြစ်အောင် ထိုအမြင် အသိထဲမှာပင် လက်ဘက်ရည်ပန်းကန်ပါဘဲလို့ ပညတ်တတ်ပေးသောလက်သည်သည် မည်သူလဲလို့ဆိုတာကိုဖြင့် ဒကာ ဒကာမတို့၏ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိထားကြပြီလား။

မှန်ပါ မမြင်မသိရသေးပါဘုရား။

ဒါဖြင့် ဒကာဒကာမများ မြင်အောင် သိအောင် ထမ်မံ၍ ရှင်းပြမယ်။ သေသေချာချာနားထောင်ကြနော်။

မှန်ပါ ဟောတော်မူပါဘုရား။

မြောက်ဥက္ကလာပ(၂)ရပ်ကွက်မှာနေတဲ့ ဒကာကြီးဦးရွှေရဲ့ ခင်ဗျားငယ်ငယ်တုံးက ခင်ဗျားရဲ့ရှေ့က ဟောဒီပစ္စည်းကလေးတ

ခုကို မြင်ပေမဲ့၊ သိပေမဲ့၊ဘာကိုမြင်၍ ဘာကိုသိတယ်လို့ ထိုအမြင် အသိပေါ်မှာ အဖြေကိုပေးနိုင်ရဲ့လား။

ဘာကိုမြင်၍ ဘာကိုသိတယ်လို့ အဖြေမပေးနိုင်ပါဘုရား။

ဟုတ်ပေတယ်ဒကာကြီးဦးရွှေရဲ့။ ငယ်ငယ်တုံးကဆိုလျှင် မြင်ကာမျှသာ သိကာမျှသာ မဟုတ်ပါလားဒကာကြီးရဲ့။

မှန်ပါ မြင်ကာမျှ သိကာမျှသာဖြစ်ပါတယ်ဘုရား။

## အမှတ်မှား

နောက်ဒကာကြီးတို့ကြီးလာကြသောအခါကျတော့မှ ဟိုလူ ဒီလူများက ဟောဒီပစ္စည်းလေးတခုကိုဖြင့် လက်ဘက်ရည် ပန်းကန်ပါဘဲလို့ ပြောတဲ့အခါကျတော့မှ ထိုပစ္စည်း ကလေးထဲမှာ တကယ်ရှိတဲ့ ဖြူသဘောပရမတ်ကို မမှတ်ပါဘဲလျက် လက်ဘက်ရည်ပန်းကန်လို့ပြောဆိုတဲ့ ပညတ်ကိုသာ မှတ်ထားလိုက်တယ် မဟုတ်လား။

မှန်ပါ၊ လက်ဘက်ရည်ပန်းကန်လို့ ပြောဆိုတဲ့ အမည်ပညတ်ကိုသာ မှတ်ထားလိုက်ပါတယ်ဘုရား။

ဒကာကြီးဦးရွှေရဲ့ ဤကဲ့သို့ ပညတ်ဆိုတဲ့တရားကိုသာ ယနေ့ထိအောင် မှားမှတ်မလာဘူးလား။

မှန်ပါ၊ ယနေ့ထိအောင် မှားမှတ်ထားကြပါတယ်ဘုရား။

အင်း-ယနေ့ထိအောင် အမှတ်တွေမှားနေကြတယ်လို့ ဆိုလျှင်ဖြင့် သံသရာလည်ကြဦးမှာပေါ့ ဒကာကြီးရဲ့။ ဘာ့ကြောင့်လဲလို့ ဆိုတော့ မြင်မှုတခုပေါ်တိုင်းပေါ်တိုင်း ထိုအမှတ်မှားတဲ့ပညတ် တရားကိုပင် အမှန်တရားထင်ပြီးသကာလ ယနေ့ထိအောင်ထိုအ

မှတ်မှားပေါ်မှာယူကြပြီးလျှင် ထိုအယူမှားပေါ်မှာ အသိတွေ မှားမနေကြဘူးလား။

မှန်ပါ ထိုတရားအားလုံးရဲ့ အပေါ်မှာ မှားကုန်ကြပါပြီ ဘုရား။

အဲဒါကြောင့် အမှတ်မှားကိုတော့သညာဝိပလ္လာသလို့ခေါ် တယ်။ အယူမှားတာကိုတော့ ဒိဋ္ဌိဝိပလ္လာသလို့ခေါ်တယ်။ အသိမှားတာကိုတော့ စိတ္တဝိပလ္လာသလို့ခေါ်တယ်ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

အဲဒါဒကာကြီးဦးရွှေရေ့ ငခုံးမတကောင်ကြောင့် တလှေလုံးပုတ်သွားတယ်လို့ဆိုတာနှင့် တူနေတာပေါ့ဒကာကြီးရဲ့၊ ဘာ့ကြောင့်လဲဆိုတော့ သညာလို့ဆိုတဲ့အမှတ်မှားလေးတခုကြောင့် မီးခိုးတန်းရှောက်ဖြစ်ပြီးလျှင် မိုးမဆုံးမြေမဆုံးဆိုတဲ့ သံသရာရေ လယ်ကြော မြောကုန်ကြတာပေါ့ ဒကာကြီးရဲ့၊ ရှင်းမနေဘူးလား။

မှန်ပါ့၊ ရှင်းနေပါတယ်ဘုရား။

အဲဒီလိုသံသရာရေလယ်ကြောမှာ မြောကုန်ကြမှာစိုးရိမ်မိပါသောကြောင့် မျက်စိလည်လမ်းမှားနေကြသော ဒကာ-ဒကာမတွေကိုဖြင့် သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်တဲ့ ပညာအသိတွေကိုမရရှိ ရရှိလေအောင် ဟောဒီလက်ဘက်ရည်ပန်းကန်လို ပြောဆိုနေကြတဲ့ ပစ္စည်းကလေးတခုထဲမှ တကယ်မရှိတဲ့ခေါ်ဝေါ်သမုတ်ပုံ သမုတိသစ္စာနယ်နှင့်တကွ တကယ်ရှိတဲ့ဖြူတယ်လို့ဆိုတဲ့သဘော ပရမတ္ထသစ္စာနယ်ကိုဖြင့် ထပ်မံပြီးရှင်းလင်းကြဦးစို့။

## သမုတိသစ္စာနယ်နှင့် ပရမတ္ထသစ္စာနယ်ခွဲပုံ

ဒကာကြီးရဲ့၊ အဲ့ဒီဖြူတယ်လို့ ပြောစရာရှိတဲ့ သဘောလေးတွေပေါင်းစုံနေလို့ ပစ္စည်းတခုရယ်လို့ ဖြစ်ပေါ်လာတာပေါ့။ ထိုပစ္စည်းတခုကိုပင် ဒကာကြီးတို့ရဲ့စိတ်ထဲမှ လက်ဘက်ရည်ပန်းကန်လို့အမည်တပ်ပြီးတော့ ခေါ်ဝေါ်နေကြတယ်မဟုတ်လား။

မှန်ပါ့ဘုရား၊ ထိုအပြင်ဘက်ကပစ္စည်းတခုကိုပင်တပည့်တော်တို့၏စိတ်ထဲက လက်ဘက်ရည်ပန်းကန်လို့ ခေါ်ဝေါ်သမုတ်နေတာပါဘုရား။

အဲ့ဒီလိုလက်ဘက်ရည်ပန်းကန်လို့ ဒကာဒကာမတို့၏ စိတ်ထဲက ပညတ်ပြီးခေါ်ဝေါ်သမုတ်ထားချက်ကိုတော့ သမုတိသစ္စာနယ်လို့ခေါ်တယ်ဒကာကြီးရဲ့ မှတ်ထားနော်ဒကာကြီး။

မှန်ပါ့ဘုရား။

ဒါဖြင့်လျှင် သမုတိသစ္စာနယ်လို့ဆိုတဲ့ ခေါ်ဝေါ် သမုတ်မှုသည် ဘယ်အထဲကနေပြီးခေါ်ဝေါ်သမုတ်နေကြသလဲလို့ မေးကြည့်လိုက်လျှင် ဘယ်လိုဖြေကြမလဲ။

မှန်ပါဘုရား၊ သမုတိသစ္စာနယ်လို့ဆိုတဲ့ ခေါ်ဝေါ်သမုတ်မှုသည် တပည့်တော်တို့၏ စိတ်ထဲက ခေါ်ဝေါ်သမုတ်နေပါတယ်လို့ဖြေရမှာပါဘုရား။

ဒကာ-ဒကာမများက အဲဒီလိုဖြေကြတယ်လို့ဆိုတော့ သမုတိသစ္စာနယ်ကိုဖြင့် ဒကာ-ဒကာမတို့၏ ဉာဏ်နှင့်မြင်ပြီး ပညာဖြင့် သိကုန်ကြပြီမဟုတ်လား။

မှန်ပါ့-သိမြင်ကြပါပြီဘုရား။

ဒါဖြင့်လျှင် သမုတိသစ္စာ နယ်လို ဆိုတာသည် သူ့နယ်နှင့်သူ အမှန်ရှိတယ်လို့ ဆိုတာကိုဖြင့် အမှန်မြင် အမှန်သိရပြီပေါ့။

မှန်ပါ့ဘုရား။

အဲဒါကြောင့်မို့ - ဤလောကထဲမှာ နေထိုင်ကြ သော ဒကာ ဒကာမများဟာဖြင့် ကာယကိုယ်၏ အပြင်ဘက်မှာ ရှိသော မြင်စရာရှိတဲ့၊ ကြားစရာရှိတဲ့၊ နံစရာ ရှိတဲ့၊ လျက်စရာရှိတဲ့၊ ထိစရာရှိတဲ့ဝတ္ထုပစ္စည်းတွေရဲ့ အပေါ် မှာကိုယ်၏ အတွင်း စိတ်ထဲမှ ဘာဘဲ ညာဘဲလို့ ပညတ်တပ်ပြီး ခေါ်ဝေါ် သမုတ်နေကြတာပါလား အောင်-ဒါကိုပင် သမုတိသစ္စာနယ်ဘဲလို့ ထပ်မံပြီးဒကာ ဒကာမတို့၏အသိထဲမှာ ရှင်းရှင်းပြီး ဘွင်းဘွင်းကြီး ပွင့်မ သွားဘူးလား၊

မှန်ပါ့ ရှင်းလင်းပြီး ဘွင်းဘွင်းကြီး ပွင့်သွားပါပြီဘုရား။

## ပရမတ္ထသစ္စာနယ်ခွဲပုံ

အဲဒါကတော့ဒကာ–ကြီးရဲ့ သမုတိသစ္စာနယ် ကိုရှင်းလင်းပေး တယ်လို့ မှတ်မိအောင်မှတ်ထားကြပေတော့။

မှန်ပါ့မှတ်မိကြပါပြီဘုရား။

ဒါ့ဖြင့် ဒကာ ဒကာမများက သမုတိသစ္စာနယ်ကိုသိမြင်ကြပြီ ဆိုလို့တော့ ပရတ္ထသစ္စာနယ်ကိုကော သိမြင် ထားကြပါပြီလား။

မှန်ပါ့ ပရမတ္ထသစ္စာနယ်ကိုတော့ မသိ မမြင်ကြ သေးလို့ ဘုရား၊တပည့်တော်များအား ရှင်းလင်း ဟောကြား တော်မူပါ ဦးဘုရား။

ဒါဖြင့်လျှင် ပရမတ္ထသစ္စာနယ်ကို ထပ်မံပြီး ရှင်းလင်းရဦး မှာပေါ့ ဒကာကြီးရဲ့သေသေချာချာ နားထောင် ကြပေ တော့ ဒကာကြီးဦးစန်တင်ပရမတ်လို့ဆိုတာက ပါဠိစကား ဒကာကြီးရဲ့ မြန်မာလိုသိရမှာကမဖေါက်မပြန်တတ်ဘူးလို့ ဆိုတာကိုသိရမှာဘဲ မဖေါက်မပြန်တတ်ဘူးလို့ဆိုတာသည်ပင်ဘယ်သူ့ကို ဘယ် ပစ္စည်းကလေးကိုပြောဆိုနေရသလဲ ဆိုလျှင် သဘောသက်သက်ကလေး တခုကိုဘဲပြောဆိုရတာပါဘဲ။

ဘယ်သဘောကလေးကိုပြောဆို နေရ သလဲဆိုလျှင် ဟောဒီ လဘက်ရည် ပန်းကန်လို့ အပြောခံရတဲ့ ပစ္စည်းတခုထဲမှ ဒကာ ဒကာမတို့၏ ဥာဏ်ဖြင့်မြင်၍ ပညာဖြင့်သိအောင် ဦးပဥ္ဇင်း နှုတ်ကပြောပြီးပြတဲ့ ဖြူတယ်လို့ ဆိုသော သဘော သက်သက်ကလေးကိုသာလျှင် မဖေါက်မပြန်ဘူးလို့ ပြော ဆိုရ တာပါ ဘဲ၊ ထိုဖြူတယ်လို့ဆိုတဲ့ သဘော သက်သက်ကလေးကို ဘာ့ကြောင့် မဖေါက်မပြန်ဘူးလို့ ပြောဟောရသလဲဆိုလျှင်ထိုဖြူတယ်လို့ဆိုတဲ့သဘောကလေး အမှီခံရတဲ့ ဝတ္ထုပစ္စည်း တခုကို စျေးဆိုင်မှာ တုံးကတော့ ပန်းကန်လို့နာမပညတ်တပ်မထားဘူးလား။

မှန်ပါ့တပ်ထားပါတယ်ဘုရား။

ထိုနောက်ဒကာကြီးရေ-ဝယ်ယူလာလို့ မိမိတို့အိမ်သို့ရောက်တော့ ဆွမ်းထည့်၍လောင်းသောအခါ ထိုပန်းကန်လို့ အမည်တပ်ထားတဲ့ပစ္စည်းတခုကို ဒကာ-ဒကာမများက အမည် နာမအနေဖြင့် ဘယ်လိုပညတ်တပ်လိုက်ပြန်သလဲ။

မှန်ပါ့ ဆွမ်း ထည့်လောင်းလို့ ဆွမ်းလောင်းပန်းကန်လို့ နာမပညတ်တပ်ပြန်ပါတယ်ဘုရား၊

တဖန်ထိုပစ္စည်းတခုကိုဘဲ လဘက်ရည်ထည့်သောက်ပြန်တော့ ကော ဒကာကြီးရဲ့။

မှန်ပါ့ လက်ဘက်ရည်ပန်းကန်လို့နာမ ပညတ် တတ်ပြန် ပါတယ်ဘုရား၊

ထိုနောက် ဆီထည့်ထားလိုက်ပြန်တော့ကော-

မှန်ပါ့ ဆီပန်းကန်လို့ နာမပညတ် ပြောင်းလွဲ၍တပ်ပြန်ပါတယ်ဘုရား။

ကောင်းပြီ ဒါဖြင့်သကြားထည့်ထားရင်ကော။

မှန်ပါ့ သကြားပန်းကန်လို့ နာမပညတ်ပြောင်းလဲပြီး တပ်ပြန်ပါတယ်ဘုရား။

ဒါဖြင့်လျှင် ဒကာကြီးဦးစန်တင်တို့တတွေဟာ ဘယ်လိုပင်အမည်နာမယ်တွေ ပြောင်းလဲပြီးပညတ်တတ်သော်လည်းထိုပစ္စည်းတခုထဲမှာ ဖြူတယ်လို့ ပြောရတဲ့ သဘော သက်သက်ကလေးသည်ပင် မဲရာသို့၊ ညိုရာသို့၊ နီရာသို့၊ ဝါရာသို့၊ ကြောင်ရာသို့၊ ကျားရာသို့ရွေ့လျော ပြောင်းလဲတတ်သလား။

မှန်ပါ့၊ မရွေ့မလျော မပြောင်းလဲတတ်ပါဘုရား။

ဒါဖြင့် မရွေ့မလျော မပြောင်းလဲတတ်ဘူးဆိုတဲ့ ထိုဖြူသဘောကလေးကို ဒကာကြီး ဦးစန်တင်တို့က ဖေါက်ပြန်တတ်တဲ့သဘောကလေးလို့ ပြောဆိုကြဦးမှာလား။

မှန်ပါ့ ဖေါက်ပြန်တဲ့သဘောလို့ မပြောဆိုထိုက်ပါဘုရား။

ဒါဖြင့် မဖေါက်ပြန်တတ်ဘူးလို့ဘဲ ပြောဆိုရမှာပေါ့ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

အဲဒါကြောင့် မဖေါက်မပြန်တတ်ဘူးလို့ပြောဆိုရတဲ့ ဖြူသဘောသက်သက်ကလေးကိုပင် ဉာဏ်နှင့်မြင်၍ ပညာဖြင့်ထိုးထွင်းပြီး သိရပါသောကြောင့် ပရမတ်လို့ ပါဠိလို ပညတ်တတ်ပြီး ဟောပြောပြသရတာပါဘဲဒကာကြီးရဲ့၊ ရှင်းကြရဲ့လား။

ရှင်းကြပါပြီဘုရား။

ရှင်းတယ်လို့ဆိုပေမဲ့ ရှုပ်ထွေးနေဦးမယ်ဒကာကြီး။ အဘယ်ကြောင့်ဆိုသော် လက်ဘက်ရည်ပန်းကန်လို့ပြောဆိုတာက ဝတ္ထုပစ္စည်းတခုအပေါ်မှာတတ်ထားတဲ့ပညတ်။ ဖြူတယ်လို့ပြောဆိုတာက သဘောပရမတ်အပေါ်တတ်ထားတဲ့ပညတ်။ အဲဒါလိုလဲ ကွဲပြားပြီး ရှင်းလင်းအောင်သိမြင်ရဦးမယ်ဒကာကြီးရဲ့။

မှန်ပါ့ဘုရား၊ ရှင်းလင်းအောင် ကွဲပြားပြီး သိမြင်ရပါပြီဘုရား။

## ပရမတ္ထသစ္စာနယ်၊ သမုတိသစ္စာနယ် အတွင်းအပြင် (၂) ပါးခွဲပုံ

အဲဒီတော့ဒကာကြီးရေ့၊ကိုယ်၏အပြင်ဘက်က ပရမတ္ထသစ္စာနယ်ကိုသာ ရှင်းလင်း၍ ဟောပြောပြသရခြင်း ဖြစ်တယ် ဒကာကြီးရဲ့။ ဒါဖြင့် ယခုဟောပြောပြတဲ့ တရားထဲမှာသည်ပင် ပရမတ္ထသစ္စာနယ်က ဘယ်မှာရှိသလဲ သမုတိသစ္စာနယ်က ဘယ်မှာရှိသလဲ လို့ မေးကြည့်လျှင်ဖြင့် ဒကာကြီးတို့က ဘယ်လို အဖြေပေးကြမလဲ....။

မှန်ပါ့ဘုရား။

ပရမတ္ထသစ္စာနယ် ဆိုတာက ဘုရားတပည့်တော်တို့၏ အပြင်ဘက်မှာရှိတယ်လို့ ဖြေရမှာပါ့ဘုရား။

သမုတိသစ္စာနယ် ဆိုတာကဘုရားတပည့်တော်တို့ရဲ့ စိတ်၏ အတွင်းသညာလို့ဆိုတဲ့ အမှတ်ထဲမှာရှိပါတယ်လို့ ဖြေဆိုရမှာပါဘုရား။

အဲဒါကြောင့် ဤကဲ့သို့လို သမုတိသစ္စာနယ် အမှန်ရှိတာကိုလဲ မှန်တဲ့အတိုင်း မြင်ရသိရ၍ ထိုသမုတ်၍ သမုတ်၍နေသော ပညတ်တရားထဲမှာလဲပရမတ်တရားမရှိဘူးလို့ အမှန်မြင် အမှန်သိရခြင်း ပရမတ္ထသစ္စာနယ်ကိုလဲ မှန်တဲ့အတိုင်းမြင်ရ သိရပြီး ထိုမဖေါက်မပြန်တဲ့ သဘောပရမတ်တရားထဲမှာလဲ ပညတ်တရားမရှိဘူးလို့ အမှန်မြင် အမှန်သိရပါသောကြောင့် ဤကဲ့သို့လို သမုတိသစ္စာနှင့်ပရမတ္ထသစ္စာနှစ်ဌာနကို ကွဲပြားခြားနားပြီး မှန်တဲ့အတိုင်းမြင်မှု သိမှုကိုတော့ စာအလိုဆိုလျှင်ဖြင့် သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်တဲ့ပညာအသိလို့ခေါ်ဆိုရတာဘဲ ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

ဒါဖြင့်လျှင် တရားနာနေကြသောဒကာ ဒကာမတွေသည် သမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်သော ပညာအသိရရှိကြပြီမဟုတ်လား။

မှန်ပါ့ရရှိကြပါပြီဘုရား

အဲဒါကြောင့် ဒကာ ဒကာမများ ပရမတ္ထသစ္စာနယ် သမုတိသစ္စာနယ်လို့ ဘယ်လိုပင်အပြောအဟော ကောင်းကောင်းနှင့်ဟောပြောနေကြသော်လဲ ထိုနှစ်နယ်တို့၏ အဓိပ္ပါယ်သဘောကိုထိထိမိမိဉာဏ်နှင့်မြင်၍ ပညာဖြင့်သိအောင် ဓမ္မဒေသနာကျကျဟောပြောပြသသောတရားစကားကို တကြိမ်တခါမျှ သေသေချာချာ နာကြားမှတ်သားပွားများမိမယ်လို့ဆိုပါက ဗုဒ္ဓ၏အ

လိုတော်ကျ သမ္မာဒိဋ္ဌိဉာဏ်ပညာအစစ် အမှန်ကိုရကြတာပေါ့ ဒကာကြီးရဲ့ ရှင်းမနေဘူးလား။

မှန်ပါ့ ရှင်းနေပါတယ်ဘုရား။

အဲဒီလို အဆင်းကတခု မျက်စိကတခု ထိုနှစ်ခု အကြောင်း တိုက်တိုင်း တိုက်တိုင်းသမုတိသစ္စာနယ်နှင့် ပရမတ္ထသစ္စာနယ် တွဲစပ်နေတာကို ကွဲပြားခြားနားပြီး အမှန်မြင် အမှန်သိရတာလို ကျန်သောအသံနှင့်နား အနံ့နှင့်နှာခေါင်း၊ ရသနှင့်လျှာ၊ ဝတ္ထု ပစ္စည်းတခုနှင့်ကာယကိုယ်၊ ထိုပစ္စည်းတို့၏ အကြောင်းတိုက်တိုင်း တိုက်တိုင်းရဲ့အပေါ်မှာလဲ ပညတ်ပရမတ် ကွဲပြားရလေအောင် ဦးပဥ္စင်းဟောပြထားသော သမ္မာဒိဋ္ဌိဉာဏ်နှင့်တကွ မမေ့မလျော့ မပေါ့ဆသောသတိဖြင့်ကပ်၍ ကပ်၍သုံးသပ်ကြမယ်လို့ ဆိုခဲ့ပါလျှင် ပရမတ်ကတခြား ပညတ်ကတခြားတွဲစပ်နေတာကို ဖြင့်ကွဲပြားခြားနားပြီး အမှန်မြင် အမှန်သိကြရမှာဘဲ ဒကာကြီးရဲ့။

မှန်ပါ့ဘုရား။

ဤကဲ့သို့လို ငါးပေါက် ငါးဒွါရရဲ့အပေါ်မှာ သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ပညတ်နှင့် ပရမတ်သတ်သတ်စီ ကွဲပြားပြီး မှန်တဲ့အတိုင်း မြင်ရ သိရသော်လဲ ကာယလို့ဆိုတဲ့ ပါဠိအရကိုယ်၏ အတွင်းထဲမှာ ဘာပစ္စည်းတွေရှိသလဲလို့ တကယ်ရှိတဲ့ပစ္စည်းတွေ ကိုအမှန်မြင်၍အမှန်သိရလောအောင် မမေ့မလျော့သော သတိ ဖြင့်မလစ်လက်ရအောင်ကပ်၍ ကပ်၍ ထိုသမ္မာဒိဋ္ဌိဉာဏ်ဖြင့်သုံး သပ်ကြည့်ဘို့ကအလွန်ဘဲ အရေးကြီးပြန်တယ်ဒကာကြီးရဲ့၊ဘာ့ ကြောင့်လဲလို့ ဆိုတော့ ကာယလို့ဆိုတဲ့ကိုယ်၏အပြင်ဘက်နှင့်

တွင်းထဲမှာ ပစ္စည်းတွေရှိပါတယ်လို့ မြတ်စွာဘုရားကြီးက ဟော တော်မူခဲ့တယ်မဟုတ်လား။

မှန်ပါ့ဟောတော်မူခဲ့ပါတယ်ဘုရား။

ဒါဖြင့်လျှင် ကိုယ်၏အပြင်ဘက်နှင့် အတွင်းထဲမှာ ပစ္စည်းတွေရှိပါလျက်နှင့်ဘာပစ္စည်းတွေရှိသလဲလို့ ကိုယ်၏အပြင်ဘက်နှင့် အတွင်းထဲမှာ ရှိတဲ့၊ ကိုယ်ပစ္စည်းမှုကိုယ်မသိလျှင် ထိုမသိမှုကိုတော့ မြတ်စွာဘုရားကြီးက ဘယ်လိုဆုံးမခဲ့သလဲဒကာကြီးရဲ့။

မှန်ပါ့ထိုမသိမှုကိုတော့ အဝိဇ္ဇာသိလို့ ဆုံးမတော်မူခဲ့ပါတယ် ဘုရား။

ဟုတ်တယ် ဒကာကြီးရေ့ တခုကို သိပြီး သော်လဲ နှစ်ခု ကိုသိဘို့က အရေးကြီးတယ်လို့ ဆိုတာလိုပေါ့ဒကာကြီးရဲ့ ရှင်းမ နေဘူးလား။

ရှင်းပါတယ်ဘုရား။

## ဦးဖြူနှင့်တူပုံ

ဥပမာဘာနှင့်တူသလဲလို့ ဆိုလျှင် ဦးဖြူတယောက်မှာ ခြံကြီး တခြံထဲမှာ အိမ်ကြီး တအိမ်ရှိတယ်လို့ ဆိုပါတော့ထိုဦးဖြူသည် မိမိအိမ်၏ အပြင်ဘက်ကပစ္စည်းတွေနှင့်တကွ အိမ်၏အတွင်းထဲက ပစ္စည်းတွေ အမျိုးမျိုးရှိပါလျက်နှင့် ထိုပစ္စည်းတွေကိုပင် ဘယ် ဒင်း ဘယ်ဟာ ဘယ်ပစ္စည်းတို့သည် ဘယ်နေရာမှာရှိတယ်လို့ ပိုင်းခြားကန့်သတ်ပြီးမသိဘူးလို့ ဆိုပါတော့ ထိုသို့မသိသော ဦး ဖြူတယောက်ဟာ အကယ်၍ ပစ္စည်းတခု ခုကို သူခိုး ခိုးသွားခဲ့ လျှင်ဘယ်နေရာက ဘယ်ပစ္စည်းတွေ မရှိတော့ဘူးလို့ ကောသိနိုင် ပါဦးမလား။

မှန်ပါ့မသိနိုင်ပါဘုရား။

အဲဒီလိုမှမသိနိုင်ခဲ့လျှင်အိပ်ပေါက်နှင့်ဖါးကောက်-လိုဖြစ်နေသော ထိုဦးဖြူတယောက်ဟာ လောကီချမ်းသာ အသို့ ငှါ ဘယ်သောအခါများပြည့်စုံနိုင်တော့မည်နည်း။

မှန်ပါ့လောကီချမ်းသာပြည့်စုံရန်မလွယ်ကူကြောင်းပါဘုရား။

အဲဒီလိုပေါ့ဒကာကြီးရဲ့ ယခုလဲလောကုတ္တရာ ချမ်းသာကို လိုလားကြသော ယောဂီများဟာလဲ့ မိမိတို့၏အပြင်ဘက်က အအကြောင်း အကျိုး ဆက်စပ် နေသော ပစ္စည်းတွေနှင့်တကွ မိမိတို့၏အတွင်းထဲမှာ အကြောင်းအကျိုးဆက်စပ်နေသော မြင်စရာသိစရာရှိသော ပစ္စည်းတွေအများအပြားရှိပါလျက်နှင့်ဘယ်ပစ္စည်းနှင့် ဘယ်ပစ္စည်းကြောင့် ဖေါက်ပြန် ပျက်စီးရပါသလဲ။ ထိုဖေါက်ပြန်မှုနှင့်တကွ ပုံပြင်ခြင်းကြောင့် အာရုံလို့ဆိုတဲ့ဟိတ်သဘောနှင့်ယှဉ်ပြီး တွေ့ရခြင်း။ ထိုဖေါက်ပြန်မှုနှင့်ယှဉ်၍ တွေ့သော အာရုံပေါ်မှာမှီ၍ခံစားခြင်း။ မှီ၍မှတ်ခြင်း။ မှီ၍သိခြင်းတည်းဟူသောရုပ်နာမ်လို့ဆိုတဲ့ပါဠိအရ သဘောအပြား ငါးပါး ရှိပါလျက်နှင့် အဝိဇ္ဇာဆိုသော သူခိုးကြီး၏ လက်ချက်ကြောင့် ယထာဘူတနည်းမကျ၍ ဝိပဿနာ ဉာဏ်ပညာဖြင့် ထိုရုပ်နာမ်လို့ဆိုတဲ့ သဘောပစ္စည်းတွေသည်ပင် ဘယ်အချိန်အခါမှာ ဖြစ်ပေါ်၍ ဘယ်အချိန်အခါမှာ ပျောက်ပျက်သွားတယ်လို့မှ မမြင်မသိကြခဲ့ပါလျှင် ထိုယောဂီများသည် ဘယ်သောအခါများမှ လောကုတ္တရာ ချမ်းသာသုခ ပြည့်ဝကြပါမည်နည်း။

မှန်ပါ့၊ ဘယ်သောအခါမှ မချမ်းသာနိုင်တော့ပါဘုရား။

## ကာယမိုင်းကို မြင်နိုင်သိနိုင်သော သမ္မာဒိဋ္ဌိဉာဏ်နှင့် ပညာအသိကိုပြချက်

ဒကာကြီးရဲ့ ယခုဟောပြရမှာက ယာယလို့ဆိုတဲ့ ကိုယ်၏ အတွင်းထဲမှာ အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိသော ပစ္စည်းတွေကို ဉာဏ်ဖြင့်မြင်၍ ပညာနှင့်သိအောင် သုံးသပ်ပြီး ကြည့်ရှုဘို့ရာ အရေးကြီးပြန်တယ်ဒကာကြီးရဲ့ ဘယ်လိုသုံးသပ်ပြီး ရှုကြရမလဲဆိုလျှင် မိမိတို့မှာရှိသော ကာယကိုယ်လို့ဆိုတဲ့ ပစ္စည်းက အကြောင်းတပါး။ လက်လို့ပြောဆိုနေတဲ့ပစ္စည်းကအကြောင်းတပါး။ ထိုပစ္စည်းအကြောင်းနှစ်ပါး တိုက်ဆိုင်ပါသောကြောင့် အဲဒီအကြောင်းနှစ်ပါး၏ အကြားမှ ထိမှုလို့ဆိုတဲ့ အကျိုးသဘောလေးတခု ပေါ်လာတယ်။ အဲဒီအကျိုးသဘောလေးသည် အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးသဘောလေးမဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

ဒါဖြင့် ကာယကိုယ်နှင့် လက်လို့ဆိုသော အကြောင်းနှစ်ပါး မတိုက်ဆိုင်မိကဆိုလျှင် အကျိုးလို့ဆိုတဲ့ထိသဘောလေး ဖြစ်ပေါ်လာရဲ့လား။

မှန်ပါ့၊ အကြောင်းမတိုက်မိကဆိုလျှင် အကျိုးသဘောမဖြစ်ပေါ်ပါဘူးဘုရား။

ဒါဖြင့် အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ ထင်ရှားမနေဘူးလား။

ထင်ရှားပါတယ်ဘုရား။

ဒါဖြင့်လျှင် အကြောင်းသဘောလို့ဆိုတာသည် အကျိုးသဘောလို့ဆိုတာဟုတ်ရဲ့လား။

မဟုတ်ပါဘူးဘုရား။

အကျိုးသဘောလို့ဆိုတာကကော၊ အကြောင်းသဘောလို့ဆိုတာဟုတ်ရဲ့လား။

မဟုတ်ပါဘုရား။

ဒါကြောင့် အကြောင်းသည်အကျိုးမဟုတ်။ အကျိုးသည်လည်းအကြောင်းမဟုတ်ပါဘူးဆိုတာ နှစ်ခုကွဲပြီး ထင်ရှားမနေဘူးလား။

မှန်ပါ၊ ထင်ရှားနေပါတယ်ဘုရား။

တင်ရှားတယ်လို့ဆိုပေမဲ့ ပညတ်နှင့်ပရမတ်ကိုဖြင့် ကွဲပြားခြားနားပြီး မြင်မှု သိမှုကအရေးကြီးပြန်တယ်။ ဘယ်လိုမြင်လို့ ဘယ်လိုသိရပါမလဲလို့ဆိုခဲ့ပါလျှင်-

ကာယကိုယ်လို့ဆိုတာက ပညတ်လို့ခေါ်တယ်။ အတိုက်ခံဆဲအကြောင်းသက်သက်ကို ဝိဇ္ဇာဉာဏ်ဖြင့် မြင်ရတာက ပရမတ်လို့ခေါ်တယ်။

ညာလက်လို့ပြောဆိုတာက ပညတ်လို့ခေါ်တယ်။ တိုက်ဆဲအကြောင်းသဘောသက်သက်ကို ဝိဇ္ဇာဉာဏ်ဖြင့်မြင်ရတာက ပရမတ်လို့ခေါ်ပြန်တယ်။

ထိုအကြောင်းနှစ်ပါး အကြားမှ ထိမှုလို့ ပြောဆိုတာက ပညတ်လို့ခေါ်တယ်။

ပေါ်လာတဲ့အကျိုးသဘောသက်သက်ကို ဝိဇ္ဇာဉာဏ်ဖြင့်မြင်ရတာက ပရမတ်လို့ခေါ်ပြန်တယ်။

ထိုပညတ်ပရမတ်အပေါင်းအစုထဲမှ မိသအမြင် မိသအသိဖြင့် ခေါ်ဝေါ်သမုတ်ထားသော ပညတ်တွေကိုခွာလှန်၍ ဉာဏ်ဖြင့် မြင်ပြီး ပညာနှင့်သာသိစရာရှိသော တိုက်ဆဲခံဆဲ အကြောင်းသဘောသက်သက် ပရမတ်နှင့်တကွ ထိုအကြားမှ ဖြစ်ပေါ်၍လာသော အကျိုးသဘောသက်သက် ပရမတ်ကိုသာ ထိုးဖေါက်ပြီး မြင်ရသိရမှာ ဒကာကြီးရဲ့ သဘောပေါက်ရဲ့လား။

မှန်ပါ့ သဘောပေါက်ပါပြီဘုရား။

ဒါဖြင့်-ဒကာ ဒကာမများ ဉာဏ်အမြင်ပညာဖြင့် သိထားသော တိုက်ဆဲခံဆဲ အကြောင်း ပရမတ်နှင့် ထိုအကြားမှ ဖြစ်ပေါ်လာသော အကျိုးသဘော ပရမတ်ကိုတော့ စာအလိုဆိုရလျှင် ပရမဘ်တရားလို့ခေါ်ဆိုရတာပေါ့။

အဲဒါကြောင့် ထိုပရမတ္ထသစ္စာနယ်ထဲက ခံဆဲတိုက်ဆဲ အကြောင်းနှစ်ပါး၏အကြားမှ ဖြစ်ပေါ်၍လာသော အကျိုးသဘောသက်သက်ကလေးကို မြန်မာလိုက ထိမှုလို့ပညတ်တတ်ပြန်တယ်။

ထိုထိမှုလို့ ပညတ်အတတ်ခံရတဲ့ အကျိုးသဘော သက်သက်ကိုပင် မြတ်စွာဘုရားကြီးက ပါဠိလို ဖေါဿလို့ ပညတ်တတ်ပြန်တယ်။

ထိုဖေါဿလို့ဆိုတဲ့ ထိမှုသဘောတခုထဲမှာ ဘယ်လိုပစ္စည်းတွေရှိသလဲလို့ဆိုတာကိုဖြင့် တဖန်ဉာဏ်နှင့်မြင်ပြီး ပညာဖြင့်သိရလေအောင် မိမိတို့၏ ကာယလို့ဆိုတဲ့ ကိုယ်ပေါ်မှာ လက်ချောင်းကလေးနှင့်တကွ ထိုလက်ချောင်းကလေးပေါ်မှာ အာရုံကလေးကို သတိနှင့်ကပ်၍ ပညာဖြင့် မသိသိအောင် ဉာဏ်နှင့် သေသေချာချာသုံးသပ်ပြီး ကြည့်လိုက်ကြစမ်း။

အဲ့ဒီလိုဉာဏ်နှင့်သုံးသပ်ပြီး ကြည့်လိုက်တော့ ထိုထို မှုတခုထဲမှာပင်-

ပျော့တယ်လို့ပြောရတဲ့ သဘောတခု၊

မာတယ်လို့ပြောရတဲ့ သဘောတခု၊

ပူတယ်လို့ပြောရတဲ့ သဘောတခု၊

အေးတယ်လို့ပြောရတဲ့ သဘောတခု၊

သေသေချာချာလက်နှင့်ထောက်စမ်း ကြည့် လိုက်တော့-ဒိပ်၊ ဒိပ်၊ဒိပ်နှင့်မတွေ့ရဘူးလား၊

တွေ့ရပါတယ်ဘုရား။

အဲဒါ တွန်းတယ်လို့ပြောရတဲ့သဘောတခု၊ကန်တယ်လို့ပြောရတဲ့သဘောတခု ထိုသဘောတွေကိုပင် အေးတယ်လို့ ဆိုတဲ့ သဘောတခုကြောင့်ပတ်ဖွဲ့မှုတခုဖြစ်ပေါ်လာခြင်း။

အဲ့ဒါကြောင့် ပတ်ဖွဲ့တယ်လို့ဆိုရတဲ့ သဘောက တခု၊ ထိုပတ်ဖွဲ့ထားသော သဘောတွေထဲမှာပင် ပူ တယ်လို့ ဆိုရတဲ့ သဘောတခုကြောင့် ထိုသဘော တွေပင် ယိုစီး နေကြခြင်း၊ အဲဒါကြောင့်-ယိုစီးတယ်လို့ဆိုရတဲ့ သဘောက တခု-စသည် ဖြင့် ဖြစ်ပေါ်လာရခြင်းစသော မံသအမြင်၊ မံသ-အသိဖြင့်ခွဲခွာ၍ မရနိုင်သော ထိုသဘောအပြား ရှစ်ပါးကိုပင် တခုစီ-တခုစီကွဲပြားခြားနားပြီး ဉာဏ်နှင့် မြင်၍ ပညာဖြင့် သိရတယ်မဟုတ်လား၊

မှန်ပါ၊ မြင်ရသိရပါပြီဘုရား။

(မှတ်ချက်) အပေါ်ရှိမှ ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇာ ဆိုသော သဘောများကိုတော့ သီးခြား၍မပြတော့ပြီ။

---

အဲဒီလို မြင်ရသိရခြင်းသည်ပင် ဖောဋ္ဌဗ္ဗလို့ ဆိုတဲ့ ပါဠိအရ၊ မြန်မာလိုထိမှုဆိုတဲ့သဘောတခုထဲမှ သဘောအပြား ရှစ်ပါးကို ကွဲပြားခြားနားပြီးမြင်ရ-သိရခြင်းလို့ ခေါ်ဆိုတယ်-ဒကာကြီးရဲ့ ထိုကဲ့သို့ မြင်ရတယ်၊ သိရတယ်လို့ဆိုတော့ ကာယ-ကိုယ်-တကိုယ်လုံးမှာ အပ်ဖျားတထောက်မှ ချွတ်စရာမရှိရုံ မျှမက—

ထိုပျော့ သဘော-မာသဘော၊ ဖွဲ့ သဘော-ယိုစီး သဘော ပူသဘော-အေးသဘော၊တွန်းသဘော ကန်သဘောလို့ ဆိုရတဲ့ သဘောတွေ ပေါင်းပေါင်းပြီး စုနေပါသော ကြောင့် ကာယ ကိုယ်တည်းဟူသော ဝတ္ထုတခု ဖြစ်ပေါ် လာ ရတာ ပေါ့ ဒကာကြီးရဲ့။

ထိုဖြစ်ပေါ်၍လာသောဝတ္ထုတခုကိုပင်မိန်းမဘဲ-ယောကျ်ားဘဲလို့ ခေါ်ဝေါ်သမုတ်နေကြတယ် မဟုတ်လား၊

ဟုတ်ပါတယ်ဘုရား၊

ဟုတ်ပါတယ်လို့ ဆိုကြပေမဲ့၊ အာဟာရလို့ဆိုတဲ့ပါဠိအရ စားစရာ သောက်စရာကြောင့် ဖြစ်ပေါ်၍လာသော ဃနအဆိုင်အခဲဖြစ်တဲ့၊ မံသ-အမြင် ဓံသ-အသိနှင့် မြင်ရ-သိရ သော အာပေါဓာတ်လို့ဆိုသည့်၊ ချွေးတွေ သွေးတွေကို ပြောဟောတာ မဟုတ်ဘူးနော်ဒကာကြီး။

မှန်ပါ့၊ မဟုတ်ပါဘုရား။

ယခုဟောပြတာက ဗုဒ္ဓ၏အလိုတော်ကျ သဘာဝလို့ ဆိုတဲ့ ပါဠိအရ မြန်မာလိုသဘောသက်သက်ကလေးတွေကို ဉာဏ်နှင့် မြင်၍ ပညာဖြင့်သိအောင်ဟောပြောပြရတာပါဘဲ။ ထိုသဘော သက်သက် ကလေးတွေသည်ပင်လျှင် ဿန အဆိုင်အခဲလည်းမ ဟုတ် ပုံပန်း သဏ္ဌာန်ရယ်လို့ မရှိရထမ္ပူ ပရမာအဏုမြူ သုံး ဆယ်ခြောက်စိပ်၊ စိပ် အစိပ်ပေါင်းကုဋေကုဋာ စိပ်ပြ၍ရသော် လည်း တစိပ်လောက်မျှ ပြောပြစရာမရှိ အဖြူအနီ အကြောင်း အကျား အရောင်အဆင်း အသင်း အရိပ်နိမိတ် သဉ်းဆိပ်ပြီးသ ကာလ သဘာဝလို့ဆိုတဲ့ပါဠိအရသဘော သက်သက်ကလေး ပါဘဲလို့ တင်စားပြီး ထင်ရှားအောင်သာ မြန်မာလို ပြောပြရ တာပါဘဲ ဒကာ-ဒကာမများ။

## ရွှေကျင်သမားဥပမာ

ဥပမာ ဘာနှင့်တူသလဲလို့ဆိုလျှင် ရွှေကျင်တတ်သောလူတ ယောက်သည် ရွှေရှိသောမြေကြီးကိုတူးဆွပြီး အင်တုံတခုထဲမှာ ထည့်၍ ရေနှင့်ဖျော်ပြီး ထိုရေတွေကို သွန်ချပစ်လိုက်သောအခါ ထိုအင်တုံထဲ၌ ရွှေအစအနလေးတွေရယ်၊ ကြေးတုံးကလေးတွေ ရယ်၊ ဒန်တုံးကလေးတွေရယ်၊ ဂျတ်တုံးကလေးတွေရယ်၊ ဘော် တုံးကလေးတွေရယ် ရောပြွန်း၍နေကြတယ်မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

ဤကဲ့သို့ ရောပြွမ်းနေသောအထဲမှာ ရွှေအစအနကလေးတွေ ချည်းကျန်ရစ်အောင် ထိုရွှေကျင်သောသူသည် အသုံးမဝင်တဲ့ ကြေး၊ဒန်၊ဂျွတ်ဘော်စသော ပစ္စည်းတွေကို ထုတ်နုတ်ပြီး အသုံး ဝင်သော ရွှေအစအနကလေးတွေကိုသာ အသုံးပြုသကဲ့သို့ ထို့အတူ တရားရှုကြသော ယောဂီပုဂ္ဂိုလ်တို့မှာလည်း ကြေး- ခဲ၊ ဒန် ဂျွတ်၊ ဘော်နှင့်တူသော ဃနအဆိုင်အခဲပုံသဏ္ဌာန် အရိပ်နိမိတ် တွေကို ထိုးဖေါက်ပြီး ရွှေနှင့်တူတဲ့သဘော သက်သက်ကလေး တွေကိုသာ ထုတ်နုတ်၍ သမ္မာဒိဋ္ဌိဉာဏ်နှင့်မြင်ပြီး၊ ပညာဖြင့် သိရမယ်ဒကာကြီးရဲ့။

ဒါကြောင့် မိန်းမဘဲ ယောကျ်ားဘဲလို့ ခေါ်ဝေါ်သမုတ်ခံနေရတဲ့ ဝတ္ထုတခုထဲမှာ ပျော့မှု မာမှုလို့ဆိုရတဲ့ အကျိုးသဘောသက်သက် နှစ်ခုကိုတော့ မြတ်စွာဘုရားကြီးက ပါဠိလိုပထဝီလို့ခေါ်ဆိုတယ်။

ပတ်ဖွဲ့မှု ယိုစီးမှုလို့ဆိုရတဲ့ အကျိုးသဘောသက်သက် နှစ်ခုကိုတော့ အာပေါလို့ခေါ်ဆိုပြန်တယ်။

ပူမှု အေးမှုလို့ ဆိုရတဲ့ အကျိုးသဘောသက်သက် နှစ်ခုကိုတော့ တေဇောလို့ခေါ်ဆိုပြန်တယ်။

တွန်းမှု ကန်မှုလို့ဆိုရတဲ့ အကျိုးသဘောသက်သက်နှစ်ခုကိုတော့-ဝါယော-လို့ခေါ်ဆိုပြန်တယ်။

ဒါဖြင့်လျှင်၊ စာအုပ်ကြီးထဲက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောလို့ဆိုတဲ့ ပါဠိကိုဖြင့် ယောဂီတို့၏ကာယ-ကိုယ်ထဲမှ၊ အဟုတ်ရှိ-တကယ်ရှိ-အမှန်ရှိတဲ့ သဘာဝလို့ဆိုသော ပါဠိအရ၊ သဘောသက်သက်ကလေးတွေကို၊ ပိုင်းခြားပြီး ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိကြရပြီမဟုတ်လား....

မှန်ပါ့ဘုရား–စာအုပ်ကြီးထဲက ရေးပြထားသော စာတွေကို ဖြင့်၊ ကိုယ်ထဲက- သဘောသက်သက်ကလေးတွေကို၊ မြင်အောင်၊ သိအောင်၊ ရေးပြထားတာပါလားလို့- ယခုမှ စာနဲ့သဘောကွဲ ပြားပြီး မြင်ရသိရပါပြီဘုရား။

အဲဒီတော့ ဒကာ- ဒကာမများ၊ မြတ်စွာဘုရားကြီး ဟော ကြားပြသဆုံးမထားတော်မူသော– ပထဝီ-အာပေါ- တေဇော- ဝါယောလို့ဆိုတဲ့ ပါဠိလိုပညတ်တပ်ထားတဲ့၊ စာစကားတွေကို ဖြင့်၊ လက်နှင့် ကိုယ် အကြောင်းနှစ်ပါး တိုက်တဲ့ အ ကြား မှ- ဖောဋ္ဌဗ္ဗဆိုတဲ့ပါဠိအရ၊ မြန်မာလိုထိမှုလို့ပြောစရာရှိတဲ့၊ အကျိုး သဘောသက်သက်တခုထဲမှာ၊ ကွဲပြားခြားနားပြီး မြင်ကြသိကြပြီ မဟုတ်လား။

မြင်ကြသိကြပါပြီဘုရား။

မြင်ကြသိကြပြီလို့ဆိုပေမဲ့၊ ထိုပစ္စည်း အကျိုးတရားတို့သည်၊ ဘယ်ပစ္စည်းအကြောင်းတရားတွေကြောင့်လဲလို့၊ မြင်ဘို့ သိဘို့က အရေးကြီးပြန်တယ် ဒကာကြီးရဲ့၊ ဘာ့ကြောင့်လဲလို့ ဆိုသော်- ပျော့သဘော-မာသဘောလို့ဆိုတဲ့ အကျိုးပစ္စည်းနှစ်ခုကိုတော့- ပထဝီနှင့်ခါတ်လုံး မြင်လုံးသိလုံးပြော ဖြစ်တတ်တယ်။

ပတ်ဖွဲ့သဘော ယိုစီးသဘောလို့ဆိုတဲ့ အကျိုးပစ္စည်းနှစ်ခုထဲမှ အာပေါတခြား- ဓါတ်တခြားကွဲပြားပြီး မြင်ရသိရမှာကို- မမြင် မသိပါဘဲလျှက်တွဲစပ်ပြီး လုံးမြင်လုံးသိလုံးပြောဖြစ်တတ်တယ်။

ပူသဘော- အေးသဘောလို့ဆိုတဲ့ အကျိုးပစ္စည်းနှစ်ခုထဲမှ တေဇောတခြား ခါတ်တခြားကွဲပြားပြီး မြင်ရသိရမှာကို မမြင်မသိပါဘဲလျှက်တွဲစပ်ပြီး လုံးမြင်လုံးသိ လုံးပြောဖြစ်တတ်တယ်။

တွန်းသဘော ကန်သဘောလို့ဆိုတဲ့ အကျိုးပစ္စည်းနှစ်ခုထဲမှ ဝါယောတခြား ခါတ်တခြားကွဲပြားပြီး မြင်ရသိရမှာကို မမြင်မသိပါဘဲလျှက် တွဲစပ်ပြီး လုံးမြင်,လုံးသိ,လုံးပြောတွေ ဖြစ်ခဲ့ပါလျှင်-ဓမ္မတာမြင် ဓမ္မတာသိ ဓမ္မတာပြောပေါ်မှာ တင်ပြီးနေကြမှာစိုးရိမ်ပါသောကြောင့် ဒကာကြီးများကို ပြောရဟောရတာပါဘဲ။

**ကွဲပြားခြားနားပြီးမြင်ရ သိရမှာက၊**
**ပထဝီပစ္စည်းကတခြား—ဓါတ်ပစ္စည်းကတခြား၊**
**အာပေါပစ္စည်းကတခြား—ဓါတ်ပစ္စည်းကတခြား၊**
**တေဇောပစ္စည်းကတခြား—ဓါတ်ပစ္စည်းကတခြား**
**ဝါယောပစ္စည်းကတခြား — ဓါတ်ပစ္စည်းကတခြား၊** လို့ဆိုတာကိုဖြင့်မကွဲမပြား၊တသားတည်း တွဲစပ်နေတဲ့၊အထဲမှာ....လုံးမြင်၊လုံးမသိ၊လုံးမပြောပါဘဲလျှက် **ကွဲပြားခြားနားပြီး** ဉာဏ်နှင့်မြင်၍ပညာဖြင့်သိရမယ် ဒကာ ဒကာမများ။

## ပထဝီတခြား-ဓါတ်တခြား ခွဲပုံ

ဘယ်လိုမြင်၍၊ ဘယ်လိုသိရမလဲလို့ဆိုလျှင် ထိုထိ-သဘောတခုထဲမှာပင် ပထဝီလို့ဆိုတဲ့ပါဠိအရ မြန်မာလို ပျော့မှု၊မာမှုလို့သမုတ်စရာရှိတဲ့၊ အကျိုးပစ္စည်း သဘောနှစ်ခုသည်၊ဘယ်အ

ကြောင်းပစ္စည်းကြောင့်၊ ထိုအကျိုးပစ္စည်း ဖြစ်ပေါ်နေရသလဲ လို့ဆိုရလျှင် ဒကာကြီးရဲ့ မြတ်စွာဘုရားကြီးက အတ္တနော သဘာဝံဓါရေတီတိ ဓါတုလို့ ဟောတော်မူခဲ့သည်မဟုတ်လား။

မှန်ပါ့ဟောတော်မူခဲ့ပါတယ်ဘုရား။

အဲဒီပါဠိက ဘာလဲလို့ဆိုတော့၊ မိမိတို့၏အလိုဘာတခုမျှမပါဘဲလျက် သူ၏အလိုအလျောက်သာဆောင်ပို့တတ်သော သဘောသက်သက်ဖြစ်ခြင်းကြောင့် ပါဠိလိုဓါတ်လို့သမုတ်ထားရတာပေါ့ ဒကာကြီးရဲ့၊ ဒါဖြင့်လျှင် ထိုသဘောတို့က ဘယ်လိုဆောင်ပို့နေကြသလဲလို့ ဆိုလျှင် ပျော့အောင်၊ မာအောင် ဆောင်ပို့တတ်သော အကြောင်း ပစ္စည်းသဘော နှစ်ခုကြောင့် ပျော့မှု၊မာမှုလို့သမုတ်စရာရှိတဲ့၊ အကျိုးပစ္စည်းသဘောနှစ်ခုဖြစ်ပေါ်ရတာပေါ့ဒကာကြီးရဲ့။

ဒါကြောင့် ပျော့အောင်၊မာအောင် ဆောင်ပို့တတ်သော အကြောင်းပစ္စည်းသဘောနှစ်ခုကိုတော့ဓါတ်လို့ခေါ်တယ်။

ပျော့မှု၊မာမှုလို့သမုတ်စရာရှိတဲ့၊ အကျိုးပစ္စည်းသဘောနှစ်ခုကိုတော့ ပထဝီလို့ပါဠိလိုခေါ်ပါတယ် မှတ်ထားနော်ဒကာမများ။

အဲဒါကြောင့်မို့ ဓါတ်လို့ ဆိုတာက အကြောင်း ပစ္စည်းလို့ခေါ်တယ်၊ ပထဝီလို့ခေါ်တာက အကျိုးပစ္စည်းလို့ ခေါ်တယ်-ဒါဖြင့်လျှင်ထိုထိမှုလိုဆိုတဲ့သဘောတခုထဲမှာသည်ပင့်လျှင်။

အော် ဓါတ်လို့ဆိုတာက အကြောင်းပစ္စည်းပါလား၊ အော် ပထဝီလို့ဆိုတာကအကျိုးပစ္စည်းပါကလားလို့၊ပထဝီကတခြား ဓါတ်ကတခြားကွဲပြားပြီး၊ အကြောင်းကတခြား အကျိုးကတခြား၊အကြောင်းသည် အကျိုးမဟုတ်ပါကလား၊ အကျိုးသည်

လည်း အကြောင်း မဟုတ်ပါ ကလား လို့ သတ် သတ် စိ ခြားနားပြီး- ဉာဏ်နှင့်မြင်၍ ပညာဖြင့် သိရပါတော့တကားလို့ ကွဲပြားခြားနားမသွားကြဘူးလား၊ ဒကာကြီးဦးစန်းတင်။

မှန်ပါ့ ကွဲပြားခြားနားပြီး မြင်သိရပါပြီဘုရား။

## အာပေါတခြားဓာတ်တခြားခွဲပုံ

တဖန် အာပေါလို့ဆိုတဲ့ပါဠိအရ- ထိုထိမှု တနေထဲမှာပင်၊ မြန်မာလို-ပတ်ဖွဲ့မှု-ယိုစီးမှုလို့ဆိုတဲ့ အကျိုးပစ္စည်း သဘောနှစ်ခု သည် ဘယ်အကြောင်းပစ္စည်းနှစ်ခုကြောင့် ပတ်ဖွဲ့မှု- ယိုစီးမှု အကျိုးသဘောနှစ်ခု ဖြစ်ပေါ်နေရသလဲလို့ဆိုရလျှင်- သူကလဲ သူ့သဘောကို၊ သူဆောင်ပို့ပြန်-ပြန်တာဘဲ- ဒကာကြီးရဲ့- ဘယ်လိုဆောင်ပို့နေသလဲလို့ဆိုလျှင်—

ပတ်ဖွဲ့အောင်-ယိုစီးအောင် ဆောင်ပို့တတ်တဲ့ အကြောင်း ပစ္စည်းသဘောနှစ်ခုကြောင့် ပတ်ဖွဲ့မှု ယိုစီးမှုလို့ သမုတ်စရာရှိတဲ့ အကျိုးပစ္စည်းသဘောနှစ်ခုဖြစ်ပေါ်လာရတာပေါ့ဒကာကြီးရဲ့။

ဒါကြောင့်- ပတ်ဖွဲ့အောင် ယိုးစီးအောင် ဆောင်ပို့တတ် သော အကြောင်းပစ္စည်းသဘောနှစ်ခုကိုတော့ ဓာတ်ခေါ်ဆို ပြန်တယ်။

ပတ်ဖွဲ့မှု ယိုစီးမှုလို့ သမုတ်စရာရှိတဲ့ အကျိုးပစ္စည်းသဘော နှစ်ခုကိုတော့ အာပေါလို့ ပါဠိလိုခေါ်ပြန်တယ်။

ဒါကြောင့်ဓာတ်လို့ဆိုတာက အကြောင်းပစ္စည်းလို့ ခေါ် တယ်၊ အာပေါလို့ဆိုတာက အကျိုးပစ္စည်းလို့ ခေါ်တယ်၊ ဒါဖြင့်လျှင်-ထိုထိမှုလို့ဆိုတဲ့သဘောတခုထဲမှာပင်-

အော်- ခါတ်လို့ဆိုတာက အကြောင်းပစ္စည်းပါကလား၊ အော်- အာဒေပါလို့ဆိုတာက အကျိုးပစ္စည်းပါကလားလို့ အာပေါကတခြား ခါတ်ကတခြား ကွဲပြားပြီး၊ အကြောင်းက တခြား၊ အကျိုးကတခြား အကြောင်းသည် အကျိုးမဟုတ်ပါ ကလား၊ အကျိုးသည်လည်း အကြောင်းမဟုတ်ပါကလားလို့ သတ်သတ်စီခြားနားပြီး၊ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိရပါ၊တော့ တကားလို့-ကွဲပြားခြားနားပြီးမသွားဘူးလား။

မှန်ပါ-ကွဲပြားခြားနားပြီးသွားပြန်ပါတယ်ဘုရား။

## တေဇောတခြားခါတ်တခြားခွဲပုံ

တဖန်တေဇောလို့ဆိုတဲ့ပါဠိအရ- ထိုထိမှုတခုထဲမှာပင် မြန်မာလို- ပူမှု၊ အေးမှုလို့ဆိုတဲ့အကျိုးပစ္စည်းနှစ်ခုသည် ဘယ်အကြောင်းပစ္စည်းနှစ်ခုကြောင့်-ထိုပူသဘော-အေးသဘော အကျိုးပစ္စည်းနှစ်ခု ဖြစ်ပေါ်နေရသလဲလို့ ဆိုရလျှင်၊ သူကလဲ သူ့သဘောကို သူဆောင်ပို့ပြန်တာဘဲဒကာကြီးရဲ့။ ဘယ်လိုဆောင်ပို့နေသလဲဆိုရလျှင်—

ပူအောင် အေးအောင်ဆောင်ပို့တတ်တဲ့အကြောင်းပစ္စည်း သဘောနှစ်ခုကြောင့် ပူမှုအေးမှုလို့ သမုတ်စရာရှိတဲ့ အကျိုးနှစ်ခု ဖြစ်ပေါ်လာရတာပေါ့ဒကာကြီးရဲ့။

ဒါကြောင့် ပူအောင် အေးအောင်ဆောင်ပို့တတ်သောအကြောင်းပစ္စည်း သဘောနှစ်ခုကိုတော့ ခါတ်လို့ ခေါ်ဆိုပြန်တယ်။

ပူမှုအေးမှုလို့ သမုတ်စရာရှိတဲ့ အကျိုးပစ္စည်းသဘောနှစ်ခုကိုတော့တေဇောလို့ ပါဠိလိုခေါ်ပြန်တယ်။

ဒါကြောင့် ဓါတ်လို့ဆိုတာက အကြောင်းပစ္စည်းလို့ ခေါ်တယ်။ တေဇောလို့ဆိုတာကအကျိုးပစ္စည်းလို့ခေါ်တယ်။ ဒါဖြင့် လျှင်ထိုထိမှုလို့ဆိုတဲ့ သဘောတခုထဲမှာပင်-

ဩော်- ဓါတ်လို့ဆိုတာက အကြောင်း ပစ္စည်းပါကလား။ ဩော်-တေဇောလို့ဆိုတာက အကျိုးပစ္စည်းပါကလားလို့ တေဇောကတခြား၊ ဓါတ်ကတခြားကွဲပြားပြီး အကြောင်းကတခြား အကျိုးကတခြား။ အကြောင်းသည် အကျိုးမဟုတ်ပါကလား။ အကျိုးသည်လည်း အကြောင်းမဟုတ်ပါကလားလို့ သတ်သတ်စိခြားနားပြီး ဉာဏ်နှင့်မြင်၍ ပညာဖြင့် သိရပါတော့တကားလို့ ကွဲပြားခြားနားပြီးမသွားပြန်ဘူးလား။

မှန်ပါ့၊ ကွဲပြားသွားပြန်ပါတယ်ဘုရား။

## ဝါယောတခြားဓါတ်တခြားခွဲပုံ

တဖန် ဝါယောလို့ဆိုတဲ့ပါဠိအရ ထိုထိမှုတခုထဲမှာပင် မြန်မာလိုတွန်းမှု ကန်မှုလို့ဆိုတဲ့ အကျိုးပစ္စည်းနှစ်ခုသည် ဘယ်အကြောင်းပစ္စည်းနှစ်ခုကြောင့် ထိုတွန်းသဘော ကန်သဘော အကျိုးပစ္စည်းနှစ်ခု ဖြစ်ပေါ်နေရသလဲဆိုရလျှင် သူကလဲ သူ့သဘောကိုသူဆောင်ပို့ပြန်တာဘဲဒကာကြီးရဲ့။ ဘယ်လိုဆောင်ပို့နေရသလဲလို့ဆိုရလျှင်-

တွန်းအောင် ကန်အောင် ဆောင်ပို့တတ်တဲ့ အကြောင်းပစ္စည်းသဘောနှစ်ခုကြောင့် တွန်းမှုကန်မှုလို့သမုတ်စရာရှိတဲ့ အကျိုးပစ္စည်းသဘောနှစ်ခု ဖြစ်ပေါ်လာရတာပေါ့ဒကာကြီးရဲ့။

ဒါ့ကြောင့် တွန်းအောင်ကန်အောင် ဆောင်ပို့တတ်သော အကြောင်းပစ္စည်း သဘော နှစ်ခုကိုတော့ ဓါတ်လို့ခေါ်ဆိုပြန်တယ်။

တွန်းမှုကန်မှုလို့သမုတ်စရာရှိတဲ့ အကျိုးပစ္စည်းသဘောနှစ်ခုကိုတော့ ဝါယောလို့ပါဠိလိုခေါ်ပြန်တယ်။

ဒါ့ကြောင့် ဓါတ်လို့ဆိုတာက အကြောင်းပစ္စည်းလို့ခေါ်တယ်။ ဝါယောလို့ဆိုတာက အကျိုးပစ္စည်းလို့ခေါ်တယ်။ဒါဖြင့်လျှင် ထိုထိုမှုလို့ဆိုတဲ့ သဘောတခုထဲမှာပင်-

ဩော် ဓါတ်လို့ဆိုတာက အကြောင်း ပစ္စည်းပါကလား။ ဩော် ဝါယောလို့ဆိုတာက အကျိုးပစ္စည်းပါကလားလို့ ဝါယောကတခြား ဓါတ်ကတခြားကွဲပြားပြီး အကြောင်းကတခြား အကျိုးကတခြား အကြောင်းသည် အကျိုးမဟုတ်ပါကလား။ အကျိုးသည်လည်း အကြောင်းမဟုတ်ပါကလားလို့ သတ်သတ်စီခြားနားပြီး ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိပရါတော့တကားလို့ ကွဲပြားခြားနားပြီးမသွားဘူးလားဒကာကြီးတို့။

မှန်ပါ၊ ကွဲပြားခြားနားပြီး သွားပြန်ပါတယ်ဘုရား။

## ဓါတ်နှင့်ပထဝီ အကြောင်းအကျိုးစပ်ပုံ

ဒါဖြင့်လျှင် ပထဝီဓါတ်လို့ ပါဠိလိုတွဲစပ်ပြီး ပြောဆိုနေတဲ့ အထဲမှာသည်ပင် ဓါတ်လို့ဆိုတာက အကြောင်းပစ္စည်း သတ်သတ်ဖြစ်နေပါကလား။ ပထဝီလို့ဆိုတာကအကျိုးပစ္စည်း သတ်သတ် ဖြစ်နေ ပါကလား လို့ ဓါတ်က တခြား ပထဝီကားတခြား (တနည်း) ဓါတ် အကြောင်း အကျိုးပထဝီ ကိုဖြင့်

ကွဲပြားခြားနားစွာ မသိရဘူးလား။
ကွဲပြားစွာ သိရပါတယ်ဘုရား။

## ဓါတ်နှင့်အာပေါ အကြောင်းအကျိုးစပ်ပုံ

ထိုနောက် အာပေါဓါတ်လို့ ပါဠိလိုတွဲစပ်ပြီး ပြောဆိုနေတဲ့အထဲမှာသည်ပင် ဓါတ်လို့ဆိုတာက အကြောင်းပစ္စည်းသတ်သတ် ဖြစ်နေပါကလား။ အာပေါလို့တာက အကျိုးပစ္စည်းသတ်သတ်ဖြစ်နေပါကလားလို့ ဓါတ်ကတခြား အာပေါကတခြား(တနည်း)ဓါတ်အကြောင်း အကျိုးအာပေါကိုဖြင့် ကွဲပြားခြားနားစွာမသိရဘူးလား။
ကွဲပြားစွာသိရပါတယ်ဘုရား။

## ဓါတ်နှင့်တေဇောအကြောင်းအကျိုးစပ်ပုံ

ထိုနောက် တေဇောဓါတ်လို့ပါဠိလိုတွဲစပ်ပြီး ပြောဆိုနေတဲ့အထဲမှာသည်ပင် ဓာတ်လို့ဆိုတာကအကြောင်းပစ္စည်း သတ်သတ် ဖြစ်နေပါကလား၊ တေဇောလို့ ဆိုတာက အကျိုးပစ္စည်းသတ်သတ် ဖြစ်နေပြန်ပါကလားလို့ဓာတ်တခြား တေဇောကတခြား(တနည်း)ဓာတ်အကြောင်း အကျိုး တေဇောကိုဖြင့် ကွဲပြားခြားနားစွာမသိရဘူးလား၊
ကွဲပြားစွာသိရပါတယ် ဘုရာ။

## ဓါတ်နှင့်ဝါယောအကြောင်းအကျိုးစပ်ပုံ

ထိုနောက် ဝါယောဓာတ်လို့ ပါဠိလိုတွဲ စပ်ပြီး ပြောဆိုနေတဲ့ အထဲမှာသည်ပင်လျှင် ဓာတ်လို့ဆိုတာက အကြောင်းပစ္စည်းသတ်သတ် ဖြစ်နေပြန်ပါကလား၊ ဝါယောလို့ ဆိုတာက အ

ကျိုး ပစ္စည်းသတ်သတ် ဖြစ်နေပြန်ကလားလို့ ခွတ်ကတခြား၊ ဝါကယောတခြား၊(တနည်း)ခွတ်အကြောင်း-အကျိုးဝါယော ကိုဖြင့် ကွဲပြားခြားနားစွာမသိရဘူးလား ဒကာကြီးရဲ့။

မှန်ပါ့ ပထဝီ-အာပေါ- တေဇော-ဝါယောလို့ ဆိုတဲ့ အကျိုး ပစ္စည်း တွေက တခြား ခွတ်လို့ ဆိုတဲ့ အကြောင်း ပစ္စည်းတွေက တခြားပါလား လို့ ယခုမှ အကြောင်းနှင့် အကျိုး ကို ရှင်းလင်းပြီး ဉာဏ်နှင့်မြင်၍ ပညာဖြင့် ကွဲပြားခြားနားပြီး သိကြရပါပြီဘုရား။

## ပရိစ္ဆေဒဆိုတာ

ဒါကြောင့်- ယခုဟောပြောပြခဲ့တဲ့ တရားသဘောသည်ပင် လျှင် ဃန–အဆိုင်အခဲလဲမရှိ၊ မံသမျက်စိနှင့်လဲမမြင်၊ မံသအသိ နှင့်ပင်မသိရ၊ ကိုင်စမ်းကြည့်လို့လဲမရ၊ပကတိလက်နှင့်ပင် ခွဲခွါလို့ လဲမဖြစ်ဘူးလို့- ပြောဆိုနေကြတဲ့ (သဘာဝ)လို့ဆိုတဲ့ ပါဠိအရ ထိ-မှုလို့ဆိုတဲ့ သဘောသက်သက်ကလေးတခုထဲမှာပင် ဉာဏ်အ မြင်၊ပညာအသိဖြင့် ပရိစ္ဆေဒ-လို့ဆိုတဲ့ပါဠိအရ၊ အပြားအားဖြင့် သဘောတခုစီ-တခုစီကို၊ ပိုင်းခြား၍ မြင်ရသိရမယ် ဒကာကြီး၊ လုံးထွေးပြီး-မြင်ရသိရမယ်လို့ မြတ်စွာဘုရားကြီးက ဟောတော် မူခဲ့သလား--

မှန်ပါ့ပိုင်းခြား၍ မြင်ရသိရမယ်လို့သာ ဟောတော်မူခဲ့ပါ တယ်ဘုရား။

# ပရမတ်ဆိုတဲ့အကျိုးပစ္စည်းမှ ရုပ်အကြောင်းမြင်ပုံ

အဲဒီလို ပထဝီ-အာပေါ-တေဇော-ဝါယောလို့ဆိုတဲ့ အကျိုးပစ္စည်းတွေထဲမှ ဓာတ်လို့ဆိုတဲ့ အကြောင်းပစ္စည်းတွေကို ပိုင်းခြားပြီးသိကြပြန်သော်လည်း တဖန်ဓာတ်ပစ္စည်းလို့ဆိုတဲ့အကျိုးပစ္စည်းထဲမှာ ပရမတ်လို့ဆိုတဲ့ အကြောင်းပစ္စည်းတွေကို ထပ်ပြီးသိကြဘို့ အရေးကြီးပြန်တယ်၊ ထိုပရမတ်ပစ္စည်းတွေကို သိကြပြန်သော်လဲ ထိုပရမတ်လို့ဆိုတဲ့အကျိုးပစ္စည်းထဲမှာ ရုပ်လို့ဆိုတဲ့ အကြောင်းပစ္စည်းများကို တဖန်ထပ်ပြီး မြင်ဘို့သိဘို့က အလွန်ဘဲ အရေးကြီးပြန်ပါတယ်။

ဘယ်လိုမြင်လို့ ဘယ်လိုသိရမလဲဆိုရလျှင် ပျော့အောင် မာအောင် ဆောင်တတ်တယ်လို့ဆိုတဲ့ သဘောကလေးတွေသည်၊ ကမ္ဘာကြီးတွေပျက်သည်ဖြစ်စေ၊ မပျက်သည်ဖြစ်စေ၊ သတ္တဝါတွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ နဂိုမူလ အစပထမထဲက၊ ပျော့အောင် မာအောင် ဆောင်ပို့တတ်တဲ့ သဘောတွေသည် ပျော့အောင် မာအောင်ဘဲ ဆောင်ပို့တတ်တဲ့ သဘောတွေဘဲ မဟုတ်ပါလား။

ဒါကြောင့်- ထိုပျော့အောင် မာအောင် ဆောင်ပို့တတ်သောသဘောသက်သက်သည်ပင် ဖွဲ့ပတ်အောင်၊ ယိုစီးအောင်၊ ပူအောင်၊အေးအောင်၊ တွန်းအောင်၊ကန်အောင် ဆောင်ပို့ရာသို့ ရွေ့လျောပျောင်းလွှဲတတ်သလား။

မရွေ့မလျော မပျောင်းလွဲတတ်ပါဘုရား။

ဤကဲ့သို့မရွေ့မလျောမပျောင်းလွဲတတ်ဘူးလို့ဆိုတဲ့ ထိုပျော့အောင် မာအောင်ဆောင်ပို့တက်သော သဘောသက်သက်ကိုပင် မြန်မာလို-မဖေါက်မပြန်တတ်ဘူးလို့ ပညတ်တပ်ရတာပါဘဲ။ အဲဒါကိုပင် ပါဠိ လို ပရမတ်လို့ ခေါ်ဝေါ်သမုတ်လိုက်ရတာပေါ့ဒကာကြီးရဲ့။

အဲဒီလို ပထဝီဓာတ်ထဲမှ ပရမတ်လို့ဆိုတဲ့ပစ္စည်းကို မြင်ရသိရပြန်သော်လဲ ထိုပရမတ်လို့ဆိုတဲ့အကျိုးပစ္စည်းထဲမှာ ရုပ်လို့ဆိုတဲ့အကြောင်းပစ္စည်းတွေကို တဖန်ထပ်မံပြီး မြင်ရ သိရဦးမယ်ဒကာ-ဒကာမများ၊ မြင်ရဦးမယ်လို့ဆိုရပြန်သော်လဲ ထိုပရမတ္ထသဘာဝလို့ဆိုတဲ့ ပါဠိ အရမဖေါက်မပြန်တတ်ဘူးလို့ပြောဆိုနေကြတဲ့သဘောသက်သက်ကလေးကိုပင် တဖန်ဖေါက်ပြန်ပျက်စီးတတ်သော အဘောလို့ပြောဟောပြသပြီး အဲဒါလိုရေးသားရခြင်းသည်ပင်လျှင် အမှန်ပင်မလွယ်ကူတဲ့သဘောဟာမို့ ဉာဏ်အမြင်မှာ အလွန့်အလွန်မှ ခက်ခဲနက်နဲလွန်းလှပါပေ၏။

## ရေရှိဖန်ခွက်ဥပမာ

အဘယ့်ကြောင့်နည်းဟူမူကား–ဥပမာဆိုရသော်-ရေအပြည့်ရှိသောဖန်ခွက်တခုထဲ၌ ပထမဆေးအစိမ်းမှုံ့နှင့် ထည့်၍ဖျော်လိုက်သောအခါ ထိုဖန်ခွက်ထဲကရေတွေသည် အဘယ်ကဲ့သို့အရောင်အဆင်းတွေ ဖြစ်ကုန်ကြမည်နည်း–။

မှန်ပါ့အားလုံး အစိမ်းရောင်သဘောတွေချည့် ဖြစ်ကုန်ပါတယ်ဘုရား။

ဒါဖြင့်လျှင် ထိုစိန်းတယ်လို့ပြောဆိုရတဲ့ သဘောသက်သက်ကလေးသည် သူ့ချည်းတခုတည်းသတ်သတ်နေခဲ့လျှင် စိန်းသဘောသက်သက်ဖြစ်ရာမှ နီရာသို့၊ ဝါရာသို့၊ မဲရာသို့၊ ညိုရာသို့ ရွေ့လျောပြောင်းလဲဖေါက်ပြန်ခြင်းသဘောရှိသလား။

မှန်ပါ့ မဖေါက်ပြန်တတ်ပါဘူးဘုရား။

သို့သော်လဲဒကာကြီး မဖေါက်မပြန်တတ်တဲ့ စိန်းသဘောကသတ်သတ်၊ ရေကသတ်သတ်၊ ဖန်ခွက်ကသတ်သတ်နေ၍ မှတ်ထားဒကာကြီး။

ထိုမဖေါက်မပြန်တတ်သော စိန်းသဘောလို့ဆိုတဲ့ ရေဖန်ခွက်ထဲကိုပင် နောက်ထပ်တဖန် ဒုတိယ ဆေးအနီမှုန့်နှင့် ထည့်၍ဖျော်လိုက်ပြန်သောအခါ ထိုဖန်ခွက်ထဲကရေတွေသည် မည်ကဲ့သို့ အရောင်အဆင်းတွေ ဖြစ်ကုန်ကြပြန်သနည်း။

မှန်ပါ့ အစိန်းရောင်တွေပျောက်ပြီးသကာလ အနီရောင်လို့ဆိုရတဲ့သဘောတွေချည်း ဖြစ်ကုန်ကြပြန်ပါတယ်ဘုရား။

ဒါဖြင့် ပထမအပိုင်းကဆိုလျှင် ဖန်ခွက်ရယ်၊ ရေရယ်၊ အစိန်းသဘောရယ်၊ ဒုတိယပိုင်းမှာဆိုလျှင် ဖန်ခွက်ရယ်- ရေရယ်- အနီသဘောရယ်လို့ဆိုတော့ ထိုပကာဘိချက်ဖိနှင့်မြင်စရာရှိတဲ့ အပိုပ်းအခြားထဲမှာသည်ပင်သျှင် ဖန်ခွက်ကို ဖေါက်ပြန်တတ်တယ်လို့ဆိုကြမှာလား ရေတွကိုဘဲဖေါက်ပြန်တတ်တယ်လို့ဆိုကြမှာလား၊သို့မဟုတ် နီသဘောသက်သက်ကို ဖေါက် ပြန်တတ်တယ်လို့ဆိုကြမှာလား- သို့တည်း မဟုတ်မဖေါက်ပြန်တတ်ဘူးလို့ဆိုတဲ့၊ စိန်းသဘောသက်သက် ကိုပင် ဖေါက်ပြန် တတ်တယ်လို့ဆိုကြမှာလား။

မှန်ပါ့မဖေါက် မပြန်တတ်ဘူးလို့ဆိုရသော စိန်းသဘော သက်သက်ကလေးကိုဘဲ ဖေါက်ပြန်တယ်လို့ မယူထိုက်ပါဘုရား ဘယ်နေရာကသဘောကလေးကို ဖေါက်ပြန်မှုလို့ မြင်ဘို့၊သိဘို့ ဟာ မရှင်းလင်းသေးပါဘုရား။

ဒါဖြင့်လျှင် သေသေ ချာချာ မှတ်ထား စိန်းသဘောနှင့် နီသဘောနှစ်ခု၊ တခုခုကိုဖေါက်ပြန်တယ်လို့ ယူကြမယ်ဆိုလျှင် ဒိဋ္ဌိမလွတ်ဘူးဟူ၍မှတ်။

ဖေါက်ပြန်မှုလို့ဆိုတဲ့ သဘောကလေးကို သေချာအောင် မြင်ရသိရမှာက ပြဆိုခဲ့ပြီးသော၊ စိန်းသဘောနှင့် နီသဘောအ ချင်းချင်း မတွဲတတ်သော အကြောင်းနှစ်ခုတို့၏ တိုက်ခိုက်ဆဲ တိုက်ဆိုင်ဆဲအခါ၌၊ ပဋိပက္ခသဘော သက်သက်ကလေးကိုသာ လျှင် မြန်မာလို့ ဖေါက်ပြန်မှုလို့၊ ပြောပြရခြင်းကြောင့်ပါဋ္ဌိ လို၊ရုပ်ဟုမှတ်ယူရာ၏။

ဒါကြောင့် နီသဘောနှင့်၊စိန်းသဘော အကြောင်းပစ္စည်း ကို ရုပ်လို့၊ဦးပဉ္စင်းမဟောပါ၊ထိုသဘောတို့၏၊ အကြောင်းနှစ် ခုကြောင့် ပဋိပက္ခသဘောဖေါက်ပြန်မှုအကျိုး ကိုသာလျှင်၊ရုပ် ဟုဟောထား၏။

သို့သော်လဲ အကြောင်းသည် အကျိုးမဟုတ် အကျိုး သည်လဲအကြောင်းမဟုတ် ဒါပေမဲ့နီသဘော၊ စိန်းသဘောအ ကြောင်းနှစ်ခုကြောင့်သာလျှင်၊ဖေါက်ပြန်မှုလို့ဆိုတဲ့၊ ရုပ်အကျိုး တခုဖြစ်၏၊မှတ်မိကြရဲ့လား ဒကာ၊ဒကာမများ။

မှန်ပါ့မှတ်မိပါပြီဘုရား။

မှတ်မိတယ်လို့ ဆိုကြပေမဲ့ အဲဒီလိုမှတ်ထားတဲ့ အပေါ်မှာ ဦးပဉ္စင်းပြောဟောသည့်အတိုင်း မြင်အောင်၊ သိအောင်အလုပ်လုပ်ရလိမ့်မယ်။

မှန်ပါ့ဘုရား။

အဲဒီလို နီသဘော၊ စိန်းသဘောနှစ်ခုကို အကြောင်းပြု၍ ဖေါက်ပြန်မှုလို့ ဆိုတဲ့၊ အကျိုး ရုပ်တခုကို ဖေါ်ထုတ်ပြီးပြသသော်လဲ ထိုရုပ်တခုထဲ၌ ခဏငယ်ရယ်၊ လက္ခဏာရယ်၊ ချုပ်ဆုံးကွယ်ပျောက်မှုရယ်၊ အဲဒါတွေကိုလဲ တဖန်ထပ်မံ၍မြင်ရသိရဘို့ အလွန်ပင်အရေးကြီးပြန်ပေ၏။

အဘယ်ကဲ့သို့ မြင်ရသိရသနည်းဟုဆိုရသော်၊ထိုရုပ်၏ အစသဘောကိုတော့ ဖြစ်မှုခဏငယ်လို့ခေါ်တယ်၊ ထိုရုပ်၏ ခဏပေါ်ဆဲသဘောကိုတော့တည်မှုခဏငယ်လို့ခေါ်တယ်၊ ထိုရုပ်၏ အဆုံးသတ်သဘောကိုတော့ ပျက်မှုခဏငယ်လို့ခေါ်တယ်။

ထိုခဏငယ် သုံးချက်တို့၏ အကြား၌ ဖြစ်ရာမှ တည်ရာသို့ ရွေ့လျောသော မှတ်စရာအကြောင်း သဘော ကိုတော့ လက္ခဏာလို့ခေါ်တယ်။

တည်ရာမှ ပျက်ရာသို့ရွေ့လျောသောမှတ်စရာ အကြောင်းသဘောကိုလဲ လက္ခဏာလို့ဘဲခေါ်ပြန်တယ်၊ ထိုရုပ်သည်ပင်လျှင် လက္ခဏာနှင့်တကွ ခဏငယ် သုံးချက်ကြောင့် ပျက်တယ်လို့ဆိုထားသော ဘင်စွန်း၏နောက် ဉာဏ်နှင့်ထောက်ပြီး ကြည့်သောအခါအသက်ထွက်ပြီး အတည်ဘကျမရှိဒါကို ဉာဏ်နှင့်ပင်မြင်အောင်ကြည့်လို့ပညာဖြင့် သိရပါသောကြောင့်ချုပ်ပျောက်သည်ဟုဆိုရ၏။

ဒါကြောင့် ဖေါက်ပြန်မှုကိုတော့ရုပ်လို့ခေါ်တယ်၊ဖြစ်တယ် တည်တယ်၊ပျက်တယ်၊လို့ဆိုတဲ့သုံးခုကိုတော့၊ခဏငယ်သုံးချက်လို့ ခေါ်တယ်။

ထိုခဏငယ်တို့၏ အကြားမှ ရှေ့လျှောသော မှတ်စရာအကြောင်းသဘောကိုတော့ လက္ခဏလို့ခေါ်တယ် အတည်ဘကျမရှိမှုကိုတောင် ချုပ်ပျောက်သွားတယ်လို့ခေါ်တယ်။

ဤကဲ့သို့ ထိုရုပ်တခုထဲမှ ခဏငယ်ရယ်၊ခဏငယ်ထဲမှ လက္ခဏရယ်၊ လက္ခဏာထဲမှ ချုပ်ပျောက်သွားသည်ကို မြင်ချသိရ၍ ရုပ်၏ခဏငယ် ရုပ်၏ လက္ခဏ ရုပ်၏ချုပ်ဆုံးကွယ်ပျောက်သွားသည်ကိုဉာဏ်နှင့်ပင် မြင်အောင်ကြည့်လို့ ပညာဖြင့်သိရပါသောကြောင့် တဒင်္ဂအတွင်း၌ ရုပ်တခု၏ ဘင်ချုပ်ကိုသာလျှင် မြင်မှုသိမှုဟုမှတ်ယူကြရာ၏။

ဒါကြောင့်ဖန်ခွက်ရယ်၊ရေရယ်၊ စိမ်းသဘောရယ်၊ နီသဘောရယ်ထိုပစ္စည်းတွေကိုမြင်မှု သိမှုကိုတော့မံသအမြင်၊ မံသအသိလို့ခေါ်တယ်၊ ထိုပစ္စည်းတို့၏၊ အတဲမှပြဆိုခဲ့ပြီးသော ရုပ်သဘောရယ်၊ ခဏငယ်သုံးချက်ရဲ့ သဘောရယ်၊ လက္ခဏာသဘောရယ်၊ ချုပ်ပျောက်မှုရယ်၊ ထိုသဘောတွေကို ပိုင်းခြားပြီး မြင်ကြ၊သိကြမှသာလျှင် ဉာဏ်အမြင် ပညာအသိဟုမှတ်ယူကြရာ၏။

အဲဒီဥပမာလိုဘဲဒကာကြီးရဲ့၊ ယခုလဲဘဲမဖေါက်မပြန်တတ်ဘူးလို့ဆိုရသော ပျော့အောင်၊ မာအောင် ဆောင်တတ်သောသဘောနှစ်ခုကို အကြောင်းပြု၍ ထိုသဘောနှစ်ခုတို့၏ တိုက်ဆိုင်

သည့်အကြားမှ ဖြစ်ပေါ်၍လာသော ပဋိပက္ခအကျိုး သဘော သက်သက်ကလေးကိုသာ ဖေါက်ပြန်မှုဟု ခေါ်ဆိုရခြင်းကြောင့် ရုပ်ဟုယူအပ်၏။

ထိုရုပ်လို့ဆိုတဲ့၊ အစသဘောဖြစ်ရာမှ ရွေ့လျောပျောင်းလဲ တတ်တဲ့ မှတ်ကြောင်းကြောင့် ခဏသဘောတည်ပြီးသာကာလ ရွေ့လျောပြောင်းလဲတတ်တဲ့ မှတ်ကြောင်းကြောင့် အဆုံးသတ် သဘော ပျက်ပြုံးကုန်ဆုံးသွားကြတယ် မဟုတ်ဘူးလား။

မှန်ပါ့ပျက်ပြုံး ကုန်ဆုံးသွားကြပါပြီဘုရား။

## ခဏငယ်ရဲ့သဘော

ဒါကြောင့် ထိုရုပ်လို့ဆိုတဲ့အစသဘောကိုတော့ မြန်မာလို ဖြစ်မှုလို့ခေါ်တယ်၊ပါဠိလိုဥပါဒ်လို့ခေါ်ဆိုပြန်တယ်၊ အဲဒါကို ခဏငယ်တချက်လို့ ပြောဆိုတာပါဘဲမှတ်ထားနော် ဒကာကြီး၊

နောက်ရုပ်လို့ဆိုတဲ့ ခဏသဘောကိုတော့ မြန်မာလို တည် မှုလို့ခေါ်ပြန်ပါတယ်၊ ပါဠိလိုကတော့ ဌီလို့ခေါ်ဆိုပြန်တယ် အဲဒါလဲ ခဏငယ်တချက်လို့ဆိုတာပါဘဲ။

၎င်းနောက် ရုပ်လို့ဆိုတဲ့ အဆုံးသတ်သွားတဲ့ သဘောကို တော့မြန်မာလိုပျက်မှုလို့ခေါ်ပြန်တယ်၊ပါဠိလိုဆိုရလျှင်ဘင်စွန်း လို့ ခေါ်ဆိုပြန်တယ်၊ အဲဒါလဲ ခဏငယ်တချက်လို့ ဆိုတာ ပါဘဲ။

ထိုခဏငယ်သုံးချက်လို့ဆိုတဲ့ အကြားမှာပင် ဖြစ်ရာမှ တည်

ရာသို ရွေ့လျော ပျောင်းလဲတတ်တဲ့ မှတ်ကြောင်းကိုတော့ ပါဠိလိုလက္ခဏာလို့ ခေါ်ပြန်တယ်။

တဖန်တည်ရာမှ ပျက်ရာသို ရွေ့လျော ပျောင်းလဲတတ်တဲ့ မှတ်ကြောင်းကိုလည်း ပါဠိလိုလက္ခဏာ လို့ဘဲ ခေါ်ဆိုပါတယ် ဒါဖြင့်လျှင် မြန်မာလိုပျက်တယ်လို့ ဆိုရသော ဘင်စွန်း၏အ ပေါ်မှာ သုံးသပ်ပြီးမကြည့်ပါဘဲလျှက်ဘင်စွန်း၏နောက်၊ သို့မ ဟုတ် ပျက်သဘော၏ နောက်မှာ ဘာသဘောများရှိသေး သလဲလို့ ဆိုတာကိုဖြင့် ပညာဖြင့် သိ ရအောင် ဉာဏ် နှင့် သုံးသပ်ပြီး ကြည့်လိုက်တော့ ဘာသဘော တွေများ ရှိသေးသလဲ ဒါကာကြီးရဲ့။

မှန်ပါ့ဘာသဘောတွေမှ မြင်စရာသိစရာ မရှိတော့ပါဘူး ဘုရား။

ပျက်တယ်လို့ဆိုမှဖြင့်ဘာများရှိဦးတော့မှာလဲ ဒကာ-ဒကာ မများ၊အဲဒီလို ပျက်တယ်လို့ဆိုတော့ ခဏငယ်သုံးချက်နှင့် ရွေ့ လျောတတ်သော မှတ်ကြောင်းလို့ဆိုတဲ့ လက္ခဏာ သဘောတို့ သည်ပင်လျှင်၊အတည်တကျမရှိတော့ပါကလားလို့ ဉာဏ်နှင့်ပင် မြင်အောင်ကြည့်လို့ ပညာဖြင့် ထိုးဖေါက်ပြီး သိရပါသော ကြောင့် ရုပ်တခု၏၊ ဘင်ချုပ်ကိုသာမြင်ရ-သိရသည်ဟုမှတ်ယူကြ ရာ၏၊နိဗ္ဗာန်မဟုတ်သေး။

# ရုပ်ကို မြင်ပုံ

ဤကဲ့သို့ ရုပ်လို့ဆိုရသောသဘောတခုထဲမှာ ဖြစ်မှု-တည်မှု ပျက်မှုလို့ဆိုတဲ့၊ ခဏငယ်သုံးချက်နှင့်တကွ ဖြစ်မှုနှင့်တည်မှုအ

ကြားမှ ရွေ့လျောပြောင်းလဲတဲ့လက္ခဏာ။

တည်မှုနှင့် ပျက်မှုအကြားမှ ရွေ့လျော ပြောင်းလဲတဲ့ လက္ခဏာ ထိုခဏာငယ်သုံးချက်နှင့်တကွ၊ လက္ခဏာ ထိုက်သောပျော့သဘောသက်သက်တို့သည်ပင်၊တဒင်္ဂအတွင်းမှာအတည်တကျမရှိကြ၍ ချုပ်ပျောက်ပျက်စီးသွားသည်ကို ဉာဏ်နှင့်ပင် အတပ်မြင်၍ ပညာနှင့်ပင် အတပ်သိရပါသောကြောင့် ထိုအမြင် ထိုအသိကိုပင် ရုပ်တခုထဲမှ ခဏာငယ်ရယ် လက္ခဏာရယ်သိတယ်လို့ မြန်မာလိုပြောဆိုနေကြတာပါဘဲ ဦးစန်တင်ရဲ့ ရှင်းကြရဲ့လား။

မှန်ပါ့ရှင်းပါပြီဘုရား။

## အကြောင်းအကျိုးတွေဆက်စပ်မြင်ပုံ

အဲဒါကြောင့် ပထဝီလို့ဆိုရတဲ့ အကျိုးပစ္စည်း တခုထဲမှ ဓါတ်လို့ဆိုတဲ့ အကြောင်းပစ္စည်းကိုဉာဏ်နှင့် မြင်၍ပညာဖြင့်သိရခြင်း။

ဓါတ်လို့ဆိုတဲ့ အကျိုးပစ္စည်းတခုထဲမှ ပရမတ်လို့ဆိုတဲ့ အကြောင်းပစ္စည်းကို ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိရခြင်း။

ပရမတ်လို့ဆိုတဲ့ အကျိုးပစ္စည်းတခုထဲမှ ရုပ် လို့ ဆို တဲ့ အကြောင်းပစ္စည်းကို ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိရရုံမျှမက-

ရုပ်အကြောင်း ပရမတ်အကျိုး ပရမတ်အကြောင်း ဓါတ်အကျိုး ဓါတ်အကြောင်း ပထဝီအကျိုးဟူ၍၊ ထိုပထဝီတည်းဟူသောပျော့သဘောသက်သက်တခုထဲမှာပင် ဉာဏ်အမြင်စင်ကြယ်၍ပိုင်းခြားကန့်သတ်ပြီး မြင်ရရုံမျှမက အကြောင်းအကျိုး အကျိုးအကြောင်း ဆက်စပ်သည်တို့ကို ပညတ်တပ်ပုံနှင့် တကွ

ကွဲပြားခြားနားပြီး ရှင်းလင်းပြတ်သားစွာ ပညာဖြင့်ထိုးဖေါက်ပြီး သိရတယ်မဟုတ်ပါလား ဒကာကြီးရဲ့။

မှန်ပါ့ရှင်းလင်းပြတ်သားစွာ ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိရပါပြီဘုရား။

အဲဒီကဲ့သို့ ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိရတာလို ကြွင်းကျန်သော အာပေါ- တေဇော- ဝါယော တို့ကိုလည်း ထိုနည်းတူစွာ မြင်ရသိရမည်ဖြစ်ပေတော့သတည်း။

## ကာယပိုင်းထပ်ရှင်းပုံ

ဒါကြောင့် ဒကာ ဒကာမများ မိန်းမဘဲ ယောကျ်ားဘဲ ပုဂ္ဂိုလ်သတ္တဝါဘဲလို့ ခေါ်ဝေါ်အသမုတ်ခံနေရသော ကာယလို့ဆိုတဲ့ကိုယ် တည်းဟူသော ဝတ္ထုတခုထဲမှာပင် ပထဝီ အာပေါ တေဇော ဝါယော လို့ဆိုတဲ့ပစ္စည်းတွေကို ပိုင်းခြားပြီး တခုစီ မြင်ရသိရရုံမျှမက ထိုပစ္စည်းတွေထဲမှ ပထဝီပစ္စည်းကတခြား၊ ဓါတ်ပစ္စည်းကတခြား၊ ပရမတ်ပစ္စည်းကတခြား၊ ရုပ်ပစ္စည်းကတခြား အဲ့ဒါလိုခြားနားပြီး ထို့နောက်တဖန်-

အာပေါပစ္စည်းကတခြား ဓါတ်ပစ္စည်းကတခြား ပရမတ်ပစ္စည်းကတခြား ရုပ်ပစ္စည်းကတခြား။

တေဇောပစ္စည်းကတခြား ဓါတ်ပစ္စည်းကတခြား ပရမတ်ပစ္စည်းကတခြား ရုပ်ပစ္စည်းကတခြား ဝါယောပစ္စည်းကတခြား ဓါတ်ပစ္စည်းကတခြား ပရမတ်ပစ္စည်းကတခြား ရုပ်ပစ္စည်းကတခြားလို့ ကွဲပြားခြားနားပြီးဉာဏ်နှင့်ပင်မြင်အောင်ကြည့်၍ပညာဖြင့် သိရပါ့သောကြောင့်-

ကာယကိုယ် တကိုယ်လုံးသည်ပင် ထိုပစ္စည်းတို့၏ အကြောင်း သဘောသက်သက်နှင့်တကွ အကျိုးသဘောသက်သက်တို့ ဆက်စပ်နေတဲ့ သဘာဝလို့ဆိုတဲ့ ပါဠိအရ သဘောသက်သက်သာ လျှင်ရှိပါတော့တကားလို့ ဉာဏ်နှင့်မြင်၍ ပညာဖြင့် သိလိုက်ရ တဲ့အခါကျတော့–

ထိုကာယကိုယ်ကြီးကို မမြင်မသိရရုံမျှမက တသံသရာလုံးမှ ယခုအထိ သူဘဲ ငါဘဲ ပုံပန်းသဏ္ဌာန်ဒြပ် မိန်းမဘဲ ယောကျ်ားဘဲ လူ နတ်ပြဟ္မာ သတ္တဝါတွေဘဲလို့ ယူစွဲလာခဲ့သော အမှတ်များ အယူများ အသိများ အမြင်များစရာဘာတခုမျှမရှိတော့ပါ တကား–

အော်–ထိုကဲ့သို့ အကြောင်းအကျိုးပစ္စည်းဆက်စပ်နေတဲ့ သဘောတွေကို မမြင်မသိခင်တုံးကဆိုလျှင်ဖြင့် ကမ္ဘာလဆန်း ၁-ရက်နေ့မှစ၍ ယခုဘဝအထိ သူဘဲ ငါဘဲ ပုံပန်းသဏ္ဌာန်ဒြပ် မိန်းမ ယောကျ်ား လူ နတ် ဗြဟ္မာ သတ္တဝါတွေဘဲလို့ စွဲယူ လာခဲ့တဲ့ အမှတ်များ အယူများ အသိများ အမြင်များတို့သည် ပင် ရှိတဲ့ပစ္စည်းသဘောတွေကို မမြင်မသိပါဘဲလျှက်-

မရှိတဲ့အများတွေကိုသာ မြင်ရသိရပါသောကြောင့် ဗုဒ္ဓ၏ အလိုတော်မကျဖြစ်ပြီးသကာလ ထိုအမြင်များ အသိများနှင့်ပင် လျှင် ယခုပစ္စက္ခဘဝမှ မနေရလို့သေသွားရုံမျှမက နောင်အနာ ဂါတ်ကျတော့ အော်....သံသရာလည်ပြီးသကာလ လေးဘုံသို့သာ ကျရောက်ရမည့် မဟာ အများတရားကြီးတွေပါတကား။ အဲဒါကတော့ ဒကာ-ဒကာမများ ကိုယ်ထဲက ပစ္စည်းတွေကို

ပိုင်းခြားကန့်သတ်ပြီး ထိုးဖေါက်၍ သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်သော ပညာအသိလို့ ဆိုလိုပါတယ်။

ကာယပိုင်းပြီး၏။

## သဘောရုပ်သဘောနာမ်တို့အကြောင်း

ဤကဲ့သို့ ကာယပိုင်းကို မြင်ရသိရပြန်သော်လဲ အတိုက်အခံ တည်းဟူသော အတွင်းအပြင်တို့၏ အကြောင်းအကျိုး ဆက်စပ်နေတဲ့အထဲမှာ သမုတိသစ္စာနယ် ပညတ်တရားတွေကို ခွါလှန်၍ ပရမတ္ထသစ္စာနယ်ထဲမှ သဘာဝလို့ဆိုတဲ့ ပါဠိအရ သဘောရုပ် သဘောနာမ်ကို ဝိပဿနာဉာဏ်နှင့်မြင်၍ ပညာဖြင့်ပိုင်းခြား ပြီး သိဘို့သည်ပင်လျှင် အလွန့်အလွန် ခက်ခဲနက်နဲလှပါပေ၏။

အဘယ့်ကြောင့်ဆိုရသော် ကိုင်စရာ တွယ်စရာ စမ်းစရာ ထဲမှ ပကတိအမြင်အသိဖြင့် မြင်ရသိရသော အဝိဇ္ဇာမာန နယ် ထဲက ရုပ်နာမ်ကို မဟောမပြော မပြသပါဘဲလျှက် ဝိပဿနာ ဉာဏ်နှင့်မြင်၍ ပညာဖြင့်သာ သိစရာရှိသော ဝိဇ္ဇာမာန နယ်ထဲ က ပရမတ္ထသဘာဝကျကျ သဘောရုပ်- သဘောနာမ်ကိုသာ လျှင် ဟောပြော ပြသရမည် ဖြစ်ပါသောကြောင့် အလွန့် အလွန်ဘဲ ခက်ခဲနက်နဲတယ်လို့ ပြောဆိုရခြင်း ဖြစ်ပါတယ် ဒကာ—ဒကာမများ။

ထိုဝိဇ္ဇာမာန နယ်ထဲက ပရမတ္ထ သဘာဝ ရုပ်နာမ်တို့ကို အဘယ်ကဲ့သို့ သတိကပ်၍ ဉာဏ်ဖြင့် သုံးသပ်ရမည်နည်းဟု ဆိုရ သော် ယခု ဟော ပြော ပြ သ ရေး သား ထား သော စာ ၏

အခိုပ်ငါယ် သဘော သက် သက် တွေ ကို သာ မမှတ်မိမှတ်မိလေ အောင် မှတ်သားထားကြ၍ ဉာတပရိညာ ဟူသော ပါဠိအရ ဉာဏ်နှင့် ပိုင်းခြားပြီးမြင်၍ ပစ္စာနာတိ-ဟူသော ပါဠိအရ ပညာဖြင့်သာ ပရိစ္ဆေဒ ဟူသော ပါဠိအရ အပြားအားဖြင့် ထိုးဖေါက်ပြီး သိရလေအောင် အတိုက်အခံလို့ ဆိုတဲ့အထဲမှာ အပြင်ဘက်က ရုပ်ပစ္စည်းနှင့်တကွ အတွင်းထဲက နာမ်ပစ္စည်း တို့ကိုသာလျှင် သံသရာလည်ကြောင်း ပြတ်ကြောင်းအနေနှင့် ကွဲပြားခြားနားပြီး ဟောပြောပြ သ မယ်၊ သေ သေ ချာ ချာ နားထောင်မှတ်သားကြပေတော့ ဒကာ-ဒကာမတို့။

## အတွင်းနှင့် အပြင် ကြောင်း-ကျိုး ဆက်စပ်မှုကြောင့် သိမှုတခုဖြစ်ပုံ

နားမှာမှီပြီး ဖြစ်ပျက်နေတဲ့ အကြောင်း-အကျိုးလို့ဆိုရသော တရားတွေကို ရှင်းလင်းစွာဟောပြမယ်၊ သတိကပ်၍ ဉာဏ်နှင့် သာ သုံးသပ်ကြပေတော့- ဒကာ ဒကာမများ။

အသံလို့ပြောတဲ့ သဘောလေးက အကြောင်းတပါး၊ ထို သဘောကိုတော့ အတိုက်ပစ္စည်းလို့ခေါ်ပါတယ်။

နားရွက်လို့ ပြောတဲ့သဘောက အကြောင်းတပါး ထိုသ ဘောကိုတော့ အတိုက်ခံရတဲ့ ပစ္စည်းလို့ခေါ်ပြန်တယ်။

ထိုအတိုက်အခံလို့ ဆိုထားသော ပစ္စည်း အကြောင်းနှစ်ပါး တိုက်ဆိုင်ပါသောကြောင့် အကြောင်းနှစ်ပါး တိုက်ဆိုင်တဲ့အ

ကြားမှ အကျိုးလို့ဆိုတဲ့ သဘောတခုဖြစ်ပေါ်လာပြန်တယ်။

ထိုအကျိုးသဘော သက်သက်ကိုတော့ ကြားမှုလို့ ပညတ်တပ်ထားပြန်တယ်။

ထို အကြောင်းအကျိုးတွေထဲမှ ပညတ် အထပ်ထပ်တွေကို ခွါလှန်ပြီး ပရမတ္ထသဘောသက်သက်ကလေးတွေကိုသာ ဉာဏ်နှင့်မြင်၍ ပညာဖြင့် ထိုးဖေါက်ပြီး သိရပါမည်။

အဘယ်ကဲ့သို့ မြင်ရ သိရမည်နည်းဆိုသော် အသံလို့ပြောဆိုတာက ပညတ်လို့ခေါ်ပြန်တယ်။ တဒင်္ဂအတွင်း အကြောင်းတိုက်လိုက်တဲ့သဘောသက်သက်ကိုတော့ ပရမတ်လို့ ခေါ်ပြန်တယ်။

နားရွက်လို့ပြောဆိုတာက ပညတ်လို့ခေါ်ပြန်တယ်၊ တဒင်္ဂအတွင်း အတိုက်ခံဆဲ အကြောင်းသဘော သက်သက်ကိုတော့ ပရမတ်လို့ခေါ်ပြန်တယ်။

ကြားမှုလို့ ပြောဆိုတာက ပညတ်လို့ ခေါ်ပြန်တယ်၊ အကြောင်းနှစ်ပါး၏အကြားမှ တဒင်္ဂအတွင်း ဖြစ်ပေါ်လာတဲ့အကျိုးသဘောသက်သက်ကိုတော့ ပရမတ်လို့ ခေါ်ရပြန်တယ်။

ဒါကြောင့် အသံလို့ခေါ်ဝေါ်သမုတ်တဲ့ ပညတ်ရယ်၊ နားရွက်လို့ခေါ်ဝေါ်သမုတ်တဲ့ ပညတ်ရယ်၊ ကြားမှုလို့ခေါ်ဝေါ်သမုတ်တဲ့ ပညတ်ရယ်၊ ထိုပညတ်အထပ်ထပ်တွေကို ခွါလှန်၍ကျန်ရှိနေသော အကြောင်း အကျိုးလို့ ဆိုရတဲ့၊ တဒင်္ဂအတွင်းဖြစ်ပေါ်၍လာသော ပရမတ်သဘော သက်သက်ကလေးတွေကိုသာ ဉာဏ်နှင့်မြင်၍ ပညာဖြင့်သာ ထိုးဖေါက်ပြီး သိကြရမည်ဖြစ်ပေ၏။

ဒီတော့ ကြားမှုလို့ပညတ် အတပ်ခံရတဲ့ ပရမတ်အကျိုး သဘောသည်၊ နားရွက်လို့ ပညတ်အတပ်ခံရတဲ့၊ အသံလို့ပ ညတ်အတပ်ခံရတဲ့၊ အတိုက်အခံဆိုသော ပရမတ် အကြောင်း သဘောနှစ်ခု ဟုတ်ပါရဲ့လား။

မဟုတ်ပါဘူးဘုရား။

ဒါကြောင့် အတိုက်သဘောနှင့် အခံသဘော နှစ်ခုကို တော့ အကြောင်းလို့ခေါ်ပြန်တယ်။

ကြားမှုလို့ ပြောဆိုတဲ့ သဘောကိုတော့၊ အကျိုးလို့ခေါ် ဆိုပြန်တယ်။

ဒီတော့ အကြောင်းသည် အကျိုးမဟုတ် အကျိုးသည် လည်း အကြောင်းမဟုတ် သို့သော်လဲ အကြောင်းနှစ်ခုတိုက် ဆိုင်ကြလို့သာလျှင် အကျိုးတခုဖြစ်ပေါ်၍လာရပေ၏၊ ဒကာ ဒကာမများတို့။

## သဘောသက် သက်ကလေးပါ

ဒါကြောင့် ထိုအကြောင်းသဘော သက်သက် ကလေး နှစ်ခုနှင့်တကွ၊ အကျိုးသဘောသက်သက် တခုကိုသာလျှင်စာ အလိုဆိုလျှင်တော့ တရားလို့ဘဲ ဆိုရ၏ ။ ထိုသို့သော အ ကြောင်းသဘော သက်လက်နှစ်ခုနှင့်တကွ ၊ အကျိုးသဘော သက်သက်တခုကိုသာလျှင် ပါဠိအလိုက ဓမ္မောလို့-ဓမ္မံလို့ ဓမ္မလို့ဆိုပြန်၏။

ထိုသို့သော ဓမ္မာလို့-ဓမ္မလို့-ဓမ္မလို့-တရားလို့ သမုတ်ထားသော အကြောင်းသဘော သက်သက်နှင့်တကွ၊အကျိုးသဘောသက်သက်ကိုပင်၊ လက်နှင့်ပင်ကိုင်လို့ တွယ်လို့စမ်းကြည့်လို့လဲမဖြစ် ပကတိမျက်စိနှင့်လဲမမြင်ရ မံသအသိနှင့်ပင်မသိရလူသာမန် နတ်သာမန် ဗြဟ္မာသာမန်တို့၏ မျက်စိနှင့်ပင် မမြင်မသိရရှိမျှမက ရထမ္မ ပရမာအဏုမြူတွေကို အစိပ်ပေါင်းကုဋေ ကုဋာစိပ်၍ရသော်လဲ နှိုင်းယှဉ်လို့မဖြစ် အဖြူ—အနီ—အကြောင် အကျား အရောင်အဆင်း အလင်း အရိပ် နိမိတ်များတောင်မှသုဉ်းဆိတ်ပြီးသကာလ....

ဗုဒ္ဓ၏ အလိုတော်ကျ သဘာဝလို့ဆိုတဲ့၊ ပါဠိအရ အကြောင်းသဘော သက်သက်နှင့် အကျိုးသဘောသက်သက် ကလေးတွေပါတဲ့လို့ မြန်မာလို မပြောမဖြစ်လို့ သာလျှင်သဘောသက်သက်ကလေးတွေပါတဲ့လို့ မြန်မာလို တင်စားပြီး ထင်ရှား အောင်ဟောရောပြသရခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဒကာ-ဒကာမတို့ရဲ့ နားမှာမှီဖြစ်တဲ့ ဓမ္မလိုပါဘဲ မျက်စိမှာမှီဖြစ်တဲ့ဓမ္မ နှာခေါင်းမှာမှီဖြစ်တဲ့ ဓမ္မလျှာမှာ မှီဖြစ်တဲ့ ဓမ္မကာယမှာ မှီဖြစ်တဲ့ ဓမ္မတည်း ဟူသော ဟူသော ထိုအပြင်ဘက်မှ ဓမ္မလို့ဆိုတဲ့ ပစ္စည်းက အကြောင်းတခု အတွင်းထဲမှာ မနလို့ဆိုတဲ့ ပစ္စည်းက အကြောင်းတခု ထိုအတွင်းနှင့်အပြင် မနနှင့်ဓမ္မတိုက်ဆိုင် မြန်ပါသော ကြောင့် အကြောင်းနှစ်ခု၏ အကြားမှ အာရုံလို့ဆိုသော ဟိတ်သဘော အကျိုးဖြစ်ပေါ်၍ လာရပေ၏။

ထိုဟိတ်သဘောကလေး၏ အကြောင်းပေါ်မှာပင် သိမှုလို့ဆိုတဲ့ အကျိုးသဘောတခု ဖြစ်ပေါ်၍လာ ရပြန်ပေ၏၊ အဲဒီလို

ဖြစ်ပေါ်မြဲဖြစ်ဘက်တည်းဟူသော အတွင်းအပြင် အကြောင်းဆက် အကျိုးဆက် သဘောသက်သက်သည်ပင်လျှင်။

ငါ့ကြောင့် သိတာလား၊ သူ့ကြောင့်သိတာလား ၊ သို့မဟုတ် မိန်းမကြောင့်၊ ယောကျ်ားကြောင့်၊ လူ-နတ်-ဗြဟ္မာ သတ္တဝါတွေကြောင့်သိတာလား—မဟုတ်ပါတကား-အတွင်းအ အပြင်မှ မနနှင့်ဓမ္မတိုက်ဆိုင်လို့သာလျှင်၊ အာရုံကလေး ပေါ် မှာမှီပြီးဘော့ သိမှုတခုဖြစ်ပေါ်၍လာတာပါကလား။

ဒါဖြင့် ရှိတာက ဘာပစ္စည်းတွေရှိသလဲလို့ဆိုရလျှင်ဖြင့် အတွင်းနှင့်အပြင်မှ မနရယ်-ဓမ္မရယ်=အာရုံရယ်-သိမှုရယ် အဲဒီ ပစ္စည်းသဘောသက်သက်ကလေးတွေသာလျှင်၊ အကြောင်းတိုက် ဆိုင်ဆဲမှာပင်အမှန်ရှိတယ်လို့ ဉာဏ်နှင့်ပင် မြင်ပြီးသကာလပညာ ဖြင့် ထိုးဖေါက်ပြီးသိရမှာပါတကား။

ဒါဖြင့် မရှိတာက ဘယ်ပစ္စည်းတွေ မရှိကြသလဲဆိုလျှင် သူဘဲ-ငါဘဲ-ပုံပန်း-သဏ္ဌာန်၊မိန်းမယောကျ်ား လူနတ်-ဗြဟ္မာ သတ္တဝါလို့ပြောဆိုသမုတ်စရာ ဘာတခုမှ အမှန်မရှိတော့ဘူး လို့ ဉာဏ်နှင့်ပင် မြင်အောင်ကြည့်လို့ ပညာဖြင့်သိရမှာပါတ ကား။

အဲဒီလို အမှန်ရှိတဲ့ အကြောင်းဆက် အကျိုးဆက် ပစ္စည်း တွေကို အမှန်မြင်လို့ အမှန်သိရရုံမျှမက ခေါ်ဝေါ်သမုတ်စရာ ဘာတခုမှမရှိတော့ဘူးလို့ အမှန်မြင်လို့ အမှန်သိရပါသော ကြောင့်၊ အဲဒီလို့မြင်မှု၊ သိမှု၊ဒိဋ္ဌိကွာမှုကိုတော့ သမ္မာဒိဋ္ဌိ ဉာဏ်နှင့် ယှဉ်သော ပညာအသိကြောင့် ဒိဋ္ဌိကွာတယ်ဟုဆိုရ ပါပေ၏။

(မှတ်ချက်)။ ။ထိုဒိဋ္ဌိကင်္ခာမှုကိုတော့ ကလျာဏပုဂ္ဂိုလ်ဟု မှတ်ရာ၏၊ စူဠသောတာပန်မဖြစ်သေး။မဟာသောတာပန်ဆိုလျှင် ဝေးရောပ၊အဘယ်ကြောင့်ဆိုရသော် ဒိဋ္ဌိကင်္ခာတယ်လို့ဆိုပေမဲ့ အကြောင်းအကျိုးသဘော သက်သက်ရဲ့အပေါ်မှာတင်ပြီးနေကြရုံမျှမက ပရမတ္ထသစ္စာနယ်ထဲမှ ရုပ်နာမ်လို့ဆိုရသောသဘော အပြားငါးပါးကို ဝိပဿနာဉာဏ်စညာဖြစ်မမြင်ရ မသိရပါသောကြောင့်တည်း။

---

အဲဒီတော့ ဒကာ- ဒကာမများ ဦးပဥ္စင်းသည်ပင် တရားအားထုတ်စဉ်ကဆိုလျှင် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အစ၏ကောင်းခြင်းဆိုတာလို ထိုဓမ္မကို မြင်ရသိရပြီးလျှင် ထို့နောက်အတွင်းအပြင်မှ ထိုဓမ္မလို့ဆိုတဲ့ ပါဠိအရ အကြောင်းသဘောနှင့် အကျိုးသဘော၏အထဲမှာပင် ခဏိကသမာဓိကို ရအောင် ပြုလုပ်၍ ရုပ်နာမ်လို့ဆိုသော သဘောအပြား ငါးပါး ကို ဝိပဿနာဉာဏ်ပညာဖြင့် ထိုးဖေါက်ပြီး မြင်ရသိရပါတယ်။ အဲဒီလိုမှ မဟုတ်လျှင် ခဏိကသမာဓိလဲမဖြစ် ရုပ်နာမ်လို့ဆိုသော သဘောအပြား ငါးပါးကိုပင် မမြင်မသိပါက ဝိပဿနာဉာဏ်ပညာအစစ် ဘယ်သောအခါမှ မဖြစ်ဟူ၍မှတ်။ စူဠသောတာပန် မဖြစ်သေးဟူလို။

## စူဠသောတာပန်ပုဂ္ဂိုလ်ဖြစ်ပြီး သံသရာလည်ကြောင်းမြင်မှု

စူဠသောတာပန်ပုဂ္ဂိုလ်များ သံသရာလည်ကြောင်းကိုဘယ်ကဲ့သို့မြင်ရသိရသလဲလို့ဆိုရလျှင် အတွင်းအပြင် တည်းဟူသော

ခြောက်ပေါက်ခြောက်တခါးတို့၏အထဲမှာပင် ပရမတ္ထ ခန္ဓာတခု ကို အကြောင်းပြု၍ ရုပ်နာမ်လို့ ဆိုသော သဘောအပြား ငါးပါးအကြောင်းအကျိုး ဆက်စပ်ပြီးနေတာကိုပင် သံသရာ လည်သည်ဟုဆိုရပေ၏။

အဘယ်ကဲ့သို့ ဆက်စပ်နေပါသနည်းဟုဆိုသော် ဥပမာ— အပြင်ဘက်က အသံလို့ ပြောစရာရှိတဲ့ ပရမတ္ထ ခန္ဓာသဘော အကြောင်းမှာ နားရွက်လို့ဆိုတဲ့ အကျိုးပစ္စည်းသို့ ဆက်စပ်ပြီး-

နားရွက်လို့ဆိုတဲ့ အကြောင်းပစ္စည်းမှ ကြားမှုလို့ဆိုတဲ့ အကျိုးသဘောပစ္စည်းသို့ ဆက်စပ်ခြင်း။

ထိုအပြင်ဘက်က ကြားမှုလို့ဆိုတဲ့ အကြောင်းပစ္စည်း မှ အတွင်းထဲက မနလို့ဆိုတဲ့ အကျိုးသဘောပစ္စည်းကို ဆက် စပ်ခြင်း။

အတွင်းထဲက မနလို့ဆိုတဲ့ အကြောင်းသဘော ပစ္စည်း မှ အာရုံလို့ဆိုတဲ့ အကျိုးသဘောပစ္စည်းသို့ ဆက်စပ်ခြင်း။

ထိုအတွင်းထဲက အာရုံလို့ဆိုတဲ့ အကြောင်းသဘော ပစ္စည်းမှ သိမှုလို့ဆိုတဲ့ အကျိုးသဘောပစ္စည်းသို့ ဆက်စပ်ကြ ပြီးလျှင် ထိုသို့အတွင်းအပြင်မှ မည်သူကြောင့် မည်ဝါကြောင့် ပြောစရာ ပြစရာမဟုတ်ပါဘဲလျက် ဘာတခုမှမရောမယှက် သ ဘာဝလို့ဆိုတဲ့ အကြောင်းအကျိုး သဘောသက်သက်တို့ပင် ဆက်စပ်ပြီး သိသဘောဘာခုဖြစ်ပေါ်၍လာဒါကိုပင် ဉာဏ်နှင့် မမြင်လို့ ပညာဖြင့်မသိရှိမှုမက—

အပြင်ဘက်မှ အသံလို့ပြောတဲ့ သဘောသက်သက်ရှိတာကို ပင် မသိပါဘဲလျက် မရှိတာကို သွားပြီးတော့ ဘာသံကသေး ပါလိမ့်မလဲဟု ထိုမသိရလို့ သိခြင်တဲ့ စိတ်ကလေးတခုကိုပင် မြတ်စွာဘုရားက အဝိဇ္ဇာစိတ်ဟုဟောတော်မူခဲ့ပါပေ၏။

## အာသဝေါဆိုဒါ

ထိုအဝိဇ္ဇာလို့ဆိုတဲ့ မသိမှုသဘောက တဖန်အတွင်းထဲမှ အာရုံလို့ ဆိုသော ပစ္စည်းသဘောကလေးကို နားရွက်ထဲသို့ ယိုစီးကျအောင် ပြုလုပ်လိုက်ပါသေးကြောင့် ထိုအတွင်းထဲမှ မသိမှုက ပြုလုပ်လို့ နားရွက်ထဲသို့ ယိုစီးကျသော အာရုံက လေးကိုပင် အာသဝေါဟု ဆိုရပြန်ပေ၏။

ထိုနားရွက်ထဲမှ ယိုစီးကျသော အာရုံကလေးနှင့် အပြင် ဘက်က အသံလို့ဆိုသောသဘော ၎င်းနှစ်ခုတွေ့ဆုံကိုပင် ဖဿ လို့ဆိုရပြန်၏။

ထိုသို့သော အသံနှင့်တွေ့ဆုံသော အကြောင်း အာရုံပေါ် မှာပင် အတွင်းထဲမှ ခံစားမှုအကျိုးသဘောတခု ဖြစ်ပေါ်၍ လာရခြင်း။

ထိုအသံနှင့်တွေ့ဆုံတဲ့ ခံစားမှု အကြောင်း အာရုံပေါ်မှာ ပင် အတွင်းထဲမှ ဘာဘဲ ညာဘဲဟု မှတ်မှုသဘောတခု ဖြစ် ပေါ်၍လာရခြင်း။

ထိုအသံနှင့်တွေ့ဆုံတဲ့ မှတ်မှုသဘော အာရုံပေါ်မှာပင် အတွင်းထဲမှ ဘာတဲ ညာတဲ့ဟု သိမှုအကျိုးသဘောတခုဖြစ်ပေါ်၍လာရခြင်း။

ဒါ့ကြောင့် အပြင်ဘက်က အသံနှင့်ယှဉ်သော အာရုံတခုယိုစီးကျအောင် အတွင်းမနထဲမှ ပြုလုပ်မှုကိုတော့ သင်္ခါရလို့ ခေါ်တယ်။

ထိုအပြင်ဘက်က အသံနှင့်ယှဉ်သော အာရုံတခုပေါ်မှာပင် မှို၍ အတွင်းမနထဲမှ ခံစားတဲ့သဘောကိုတော့ ဝေဒနာလို့ ခေါ်တယ်။

ထိုအာရုံကလေးပေါ်မှာပင် အတွင်းမနထဲမှ ဘာတဲ ညာတဲလို့ မှတ်လိုက်တဲ့သဘောကိုတော့ သညာလို့ ခေါ်တယ်။

ထိုအာရုံကလေးပေါ်မှာတဲ အတွင်းမနထဲမှ ဘာတဲညာတဲလို့ သိလိုက်တဲ့သဘောကိုတော့ဝိညာဏ်လို့ ခေါ်တယ်။

အဲဒါကြောင့် ထိုဝေဒနာ သညာ သင်္ခါရ ဝိညာဏ်လို့ဆိုတဲ့ အတွင်းမနထဲက သဘောအပြားလေးပါးကိုပင် ဝိပဿနာဉာဏ်နှင့်ပိုင်းခြားစွာမြင်၍ ပညာဖြင့်ထိုးဖေါက်ပြီး သိမှုကိုတော့ နာမ်ပစ္စည်းကို မြင်ရသိရတယ်ဟု ဆိုရပေ၏။

အဲဒီလို အပြင်ဘက်က အသံလို့ဆိုသော သဘောကလေးတခုကြောင့် အတွင်းမနထဲမှ နာမ်လို့ဆိုရသော သဘော

ပစ္စည်းတွေ ဆက်စပ်ပြီး ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းကို ပင် ပဋိစ္စသမုပ္ပါဒ်ဟုဆိုရသောကြောင့် စူဠသောတာပန်ပုဂ္ဂိုလ် များရှုကြည့်ဆဲမှာ သံသရာလည်သည်ကို မြင်သည်ဟုဆိုရ၏။

အဘယ်ကြောင့်သံသရာလည်ရသနည်းဟုဆိုရသော် ရုပ်လို့ ဆိုသော သဘောတရားတွေကို ဝိပဿနာဉာဏ်နှင့် မမြင်၍ ပညာဖြင့်မသိမှုကြောင့်တည်း။

## စူဠသောတာပန် ပုဂ္ဂိုလ်တို့ သံသရာပြတ်ကြောင်းမြင်ပုံ

စူဠသောတာပန်ပုဂ္ဂိုလ်တို့၏ သံသရာ ပြတ်ကြောင်း ကို မြင်ပုံ သိပုံကား–ထိုအပြင်ဘက်မှ ဓမ္မလို့ ဆိုတဲ့ အ ကြောင်း ပစ္စည်းနှင့်တကွ အတွင်းထဲမှ မနလို့ဆိုတဲ့ အကြောင်းပစ္စည်းနှစ် ပါး–တိုက်ဆိုင်ဆဲမှာ သည်ပင်လျှင် အာရုံလေးတခုဖြစ်ပေါ်၍ လာပြီးကာလ– ထိုအာရုံလေး ပေါ်မှာပင် သိမှုလို့ဆိုတဲ့ အ ကျိုးသဘောတခု ဖြစ်ပေါ်၍လာရပေ၏။

ထိုသို့ဖြစ်ပေါ်၍နေသော အပြင်ဘက်ကဓမ္မလို့ဆိုတဲ့ အတိုက် သဘော သက်သက်ကအကြောင်းတခု။

အတွင်းထဲမှ မနလို့ဆိုသော အတိုက်ခံဆဲ သဘော သက် က အကြောင်းတခု၊

ထိုအကြောင်းနှစ်ခုတို့၏ အကြားမှ အာရုံပေါ်မှာမှီပြီး သိမှု လို့ဆိုတဲ့သဘော သက်သက်ကအကျိုးတခု။

ထိုအတွင်းအပြင်ထဲမှ ပညတ် အထပ်ထပ် အားလုံးကို ထိုး ဖေါက်ပြီး သင်္ခါရ အကြောင်း သဘော သက်သက် နှင့် တကွ အကျိုး သဘောသက်သက်ကိုပင် သတိနှင့်ကပ်၍ ဉာဏ်ဖြင့် သုံး သပ်ပြီးကြည့်သောအခါ သံသရာ ပြတ်ကြောင်း ကို ပညာဖြင့် ထွင်းသိရ၏၊

အဘယ်ကဲ့သို့ သံသရာပြတ်ကြောင်းကို ဉာဏ်နှင့် ရှု၍ ကြည့် ၍ပညာဖြင့် သိရသနည်းဟုဆိုရသော်-အပြင် ဘက်မှ ဓမ္မလို့ ဆိုတဲ့ အတိုက်သဘောသက်သက်သည်ပင် ဖြစ်ရာမှ ရွှေ့လျော ပြောင်း လဲ့တတ်သော လက္ခဏာလို့ဆိုတဲ့မှတ်ကြောင်း ကြောင့် ပြောပရိုး ခဏကလေးတည်ပြီး သင်္ခါရ၊ တည်ရာမှ တဖန် ရွှေ့ လျော ပြောင်းလဲ့တတ်သော လက္ခဏာလို့ ဆိုတဲ့မှတ် ကြောင်း ကြောင့် ထိုအတိုက်သဘော သက်သက်တို့သည်ပင် ပျက်ရို မျှမက ချုပ် ပျောက်ကုန်ခမ်းပါတော့ တကားဟုဉာဏ်နှင့်မြင်၍ ပညာ ဖြင့် သိရခြင်း။

ထိုနောက် တဖန်အထွင်းထဲမှ မနလို့ ဆိုတဲ့ အတိုက်ခံဆဲ အ ကြောင်းသဘော သက်သက်နှင့်တကွအာရုံပေါ်မှာမှီပြီးသိမှုလို့ ဆိုတဲ့အကျိုး သဘောသက်သက်တို့ သည်လျှင်ပင် ထိုနည်း အတူ ဖြစ်ပေါ်ရာမှ ရွှေ့လျော ပြောင်းလဲ့သော လက္ခဏာဆိုတဲ့ မှတ် ကြောင်းကြောင့် ပြောပရိုခဏ ကလေးတည်ပြီးသင်္ခါရ၊ တည် ရာမှတဖန် ရွှေ့လျော ပြောင်းလဲ့ တတ်သော လက္ခဏာလို့ ဆိုတဲ့ မှတ်ကြောင်းကြောင့် ထိုမနထဲမှ အတိုက်ခံဆဲ အကြောင်း သ ဘောနှင့်တကွ အာရုံပေါ်မှာမှီပြီး သိမှုလို့ ဆိုတဲ့ အကျိုး သ

ဘောတို့သည် တမဟုတ်ခြင်း ပျက်သွား ကြရုံမျှမကာ- ချုပ် ပျောက်ကုန်ခန်းပါတကားဟု မြင်ရသိရရုံမက—

## အနိစ္စလက္ခဏာ နုပဿနာ ရှင်းတမ်း

အတွင်းအပြင်နှစ်ဌာနမှ အကြောင်းအကျိုးလို့ ဆိုသောတ ရားတို့ပင် ဖြစ်သဘောမှ ရွေ့လျောသောမှ ကြောင်းကြောင့် ပြောပရုံခဏကလေး တည်ပြီးသကာလ ပျက်သဘောကို မြင်ရ သိရပြီး-နောက်တဖန်သုံးသပ်ပြန်သော် မမြဲဘူး ဟူသော အ ကျိုးသဘော သက်သက်ကို ဉာဏ်နှင့်ပင် မြင်အောင်ကြည့်လို့ ပညာဖြင့် သိရပါသောကြောင့် အနိစ္စကို မြင်မှုသိမှုဟုမှတ်ရာ၏။

ဖြစ်ကြောင်းနှင့် ပျက်ကျိုးတို့၏ အကြားမှတ်ရွေ့လျော သောမှတ်ကြောင်းကို မြင်မှုသိမှုကိုတော့ လက္ခဏာကို မြင်မှု သိမှုဟုမှတ်ရာ၏။

ထိုမမြဲခြင်းနှင့်တကွ လက္ခဏာရယ် ဖြစ်ကြောင်းနှင့် ပျက် ကျိုးရယ်၊ ထိုသို့အားလုံး ကုန်စင်အောင် မြင်မှုသိမှုကိုတော့ နုပဿနာဉာဏ်ဟုမှတ်ရာ၏။

ဒါကြောင့် အနိစ္စကို မြင်ရသောဉာဏ်၊သိမှုပညာက သတ် သတ်တခု။

လက္ခဏာကို မြင်ရသောဉာဏ် သိမှုပညာက သတ်သတ် တခု။

ထိုအကြောင်း အကျိုးတို့ကိုဖြင့် အားလုံးကုန်ပေါင်းဆုံပြီး မြင်ရသောဉာဏ် သိမှုပညာတို့ကိုပင်-အနိစ္စလက္ခဏာ နုပဿနာ ဆိုက်သည်ဟုမှတ်ရာ၏။

## ဒုက္ခလက္ခဏာ နုပဿနာရှင်းတမ်း

သမုတိသစ္စာနယ်ကကိုက်ခဲ ထုံကျင် - တောင့်= တင်း-ပူအေး အေး—တွေလည်းမရှိ အဖြူ-အနီ—အကြောင်—အကျား—အ ရောင်-အဆင်း-အလင်း အရိပ် နိမိတ်များတောင်သုဉ်းဆိတ် ပြီးသကာလ ပရမတ္ထသစ္စာနယ်ထဲမှ သဘာဝဟူသောသဘော သက်သက်ထဲမှာ ဖြစ်ရာမှ ရွေ့လျောသော မှတ် ကြောင်း ကြောင့် ပြောပရုံခဏကလေးတည်ပြီး သကာလ ပျက်သဘော ကို မြင်ပြီး မမြဲသော တရားတွေပါကလားဟု မြင်သိထား သောယောဂီပုဂ္ဂိုလ်တို့၏၊ ဉာဏ်အမြင်ပညာအသိဖြင့် တဖန် သုံးသပ်ပြန်သော်-ဆင်းရဲစရာ အကျိုးသဘောကို ဉာဏ်နှင့်ပင် မြင်အောင်ကြည့်လို့ ပညာနှင့်ပင် သိရပါသောကြောင့် ဒုက္ခ ကို မြင်မှုသိမှုဟုမှတ်ရာ၏။

ဖြစ်ကြောင်းနှင့် ပျက်ကျိုးတို့၏ အကြားမှ ရွေ့လျော သော မှတ်ကြောင်းကို မြင်မှုသိမှုကိုတော့ လက္ခဏာကို မြင်မှု သိမှုဟုမှတ်ရာ၏။

ထိုသို့ဆင်းရဲတာနှင့်တကွ ရွေ့လျောမှုတို့၏၊ အကြောင်း အကျိုးကုန်စင်အောင် မြင်မှုသိမှုကိုတော့ နုပဿနာဉာဏ်ဟု မှတ်ရာ၏။

ဒါကြောင့် ဒုက္ခကိုမြင်ရသောဉာဏ်သိမှု ပညာက သတ်သတ်တခု။

လက္ခဏာကို မြင်ရသောဉာဏ် သိမှုပညာက သတ်သတ်တခု။

ထိုအကြောင်း အကျိုးတို့ကိုဖြင့် အားလုံး ကုန်ပေါင်းဆုံပြီး မြင်ရသောဉာဏ် သိမှုပညာတို့ကိုပင် ဒုက္ခလက္ခဏာနုပဿနာဆိုက်သည်ဟုမှတ်ရာ၏။

## အနတ္တလက္ခဏာနုပဿနာရှင်းတမ်း

ထိုနောက်တဖန် ပြဆိုခဲ့ပြီးသော သဘောတရားတွေပင်ဖြစ်ရာမှ ရွေ့လျောသော မှတ်ကြောင်းကြောင့် ပြောပရုံခဏကလေးတည်ပြီးသကာလ ပျက်ကုန်ကျပြီးလျှင် မမြဲသဘောကို မြင်၍ ဆင်းရဲသဘောကို မြင်ရသိရပြီးသည့်နောက် ထိုဆင်းရဲသဘောရယ် မမြဲသဘောရယ်၊ရွေ့လျောတတ်တဲ့မှတ်ကြောင်းသဘောရယ် ဖြစ်ကြောင်းနှင့်ပျက်ကျိုးရယ် အားလုံးတွေကိုပင် ဆင်းရဲသဘောကို မဆင်းရဲပါနှင့် မမြဲတဲ့သဘောကို မြဲပါဟု၊ ရွေ့လျောတဲ့သဘောကို မရွေ့လျောပါနှင့်ဟု၊ ဖြစ်ပျက်တဲ့သဘောကို မဖြစ်မပျက်ပါနှင့်ဟု မိမိအလိုနှင့် ဘာတခုမျှ တားလို့ဆီးလို့ ပိတ်လို့ဆို့လို့မရရှိမျှမက အစိုးမရပါတကားလို့ ဆိုလို့အကျိုးသဘောသက်သက်ကို ဉာဏ်နှင့်ပင်မြင်အောင်ကြည်လို့ ပညာနှင့်ပင် သိခဲ့ပါသောကြောင့် ထိုမြင်မှု သိမှုကိုတော့ အနတ္တကိုမြင်မှုသိမှုဟု မှတ်ရာ၏။

ဖြစ်ကြောင်းနှင့် ပျက်ကျိုး၏အကြားမှ ရွေ့လျောသော မှတ်ကြောင်းကို မြင်မှုသိမှုကိုတော့ ဂဏ္ဍဏကို မြင်မှု သိမှုဟု မှတ်ရာ၏။

ဤသို့လျှင် အစိုးမရပုံနှင့်တကွ အကြောင်းအကျိုး အားလုံးကုန်စင်အောင် မြင်မှုသိမှုကိုတော့ နုပဿနာဉာဏ်ဟု မှတ်ရာ၏။

ဒါကြောင့် အနတ္တကိုမြင်သောဉာဏ် သိသောပညာက သတ်သတ်တခု။

လက္ခဏာကို မြင်သောဉာဏ် သိသောပညာက သတ်သတ်တခု။

အကြောင်းအကျိုးအားလုံးကုန်စင်အောင် မြင်သောဉာဏ် သိရသောပညာတို့ကိုပင်အနတ္တလက္ခဏာနုပဿနာ ဆိုက်သည် ဟု မှတ်ရာ၏။

အဲဒီလို အတွင်းအပြင် နှစ်ဌာနမှာ ဓမ္မလို့ဆိုတဲ့ ပါဠိအရ တရားလို့ဆိုရသောအကြောင်းသဘောနှင့် အကျိုးသဘောတို့ သည်ပင်လျှင် တမဟုတ်ခြင်းမှာပင် အသာရကဒွေနဆိုတဲ့ ပါဠိ အရ အမွေအစတောင် ဘာတခုမျှ မရှိတော့ဘူးလို့ ဉာဏ်နှင့် ပင် မြင်စရာမရှိရုံမျှမက ပညာဖြင့်ယှဉ်ပြီး သိစရာမရှိတော့ပါ ကလားလို့ သိရငြားသော်လည်း ကမ္ဘာလဆန်း ၁ ရက်နေ့ မှစ၍ ယခုဘဝအထိ အပါယ်သံသရာသို့ ကျရောက်စေတတ် သောဘဝမျိုးစေ့ကား တကြိမ်တခါမျှပင် ပယ်သတ်နိုင်စွမ်း

မရှိ၍ မပြုတ်သေးပါသောကြောင့် ထိုမြင်မှုသိမှုမျိုးကိုပင် အကြောင်းအကျိုးတို့၏ သံသရာပြတ်ကြောင်းကို ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိရသော စူဠသောတာပန်ပုဂ္ဂိုလ်တို့၏ အမြင်အသိပင်တည်း။

အဘယ်ကဲ့သို့ ဝိပဿနာဉာဏ်ပညာဖြင့် ထိုရုပ်လို့ ဆိုတဲ့ သဘောတရားတွေကို မြင်ရသိရမည်နည်းဟုဆိုရသော်— အပြင်ဘက်မှ အသံလို့ပြောဆိုရတဲ့ သဘောသက်သက်ကလေးက အကြောင်းတပါး။ — အဲဒီ သဘောကလေးကိုတော့ အတိုက်ပစ္စည်းလို့ခေါ်တယ်။

ပြီးတော့ နားရွက်လို့ပြောဆိုတာက အကြောင်းတပါး ထိုအကြောင်းကိုတော့ အတိုက်ခံရတဲ့ ပစ္စည်းလို့ခေါ်တယ်။

ထိုအတိုက်ခံပစ္စည်း အကြောင်းနှစ်ပါး၏ အကြားမှ ဖြစ်ပေါ်၍လာသော အကျိုးသဘော သက်သက်ကလေးကိုတော့ ကြားမှုလို့ခေါ်ဆိုရပြန်တယ်။

ဒါကြောင့် အသံလို့ပြောဆိုတာက ပညတ်လို့ခေါ်တယ်၊ အတိုက်သဘော သက်သက်ကလေးကိုတော့ ပရမတ်လို့ခေါ်ဆိုပြန်တယ်။

နားရွက်လို့ပြောဆိုရတာက ပညတ်လို့ခေါ်တယ်။ အတိုက်ခံဆဲ သဘောသက်သက်ကလေးကိုတော့ ပရမတ်လို့ ခေါ်ဆိုပြန်တယ်။

ကြားမှုလို့ ပြောဆိုတာက ပညတ်သို့ခေါ်တယ်၊ဖြစ်ပေါ်ရှိလာသော အကျိုးသဘော သက်သက်ကလေးကိုတော့ ပရမတ်လို့ခေါ်ဆိုပြန်တယ်။

အဲဒီတော့ ဒကာ-ဒကာမများ ထိုသမုတ်၍ သမုတ်၍ထားသော ပညတ်အထပ်ထပ်တွေကို ဉာဏ်နှင့်ပယ်ခွါ၍ ကျန်ရစ်သော အတိုက်သဘော သက်သက်နှင့် အတိုက်ခံဆဲသဘော သက်သက်ဟုဆိုအပ်သော အကြောင်းနှစ်ပါး ပရမတ်နှင့်တကွ ထိုအကြောင်းနှစ်ပါး၏၊ အကြားမှ ဖြစ်ပေါ်ရှိလာသော အကျိုးသဘောသက်သက်ကလဲ၂ရမတ် ထို အကြောင်း အကျိုးလို့ဆိုတဲ့ ပရမတ်တရားသဘော သက်သက် ကိုသာ လျှင် အာရုံပေါ်မှာ သတိဖြင့် ကပ်၍ ရုပ်သို့ ဆို ထား သော အဓိပ္ပါယ်သဘောကိုမြင်ရသိရလေအောင် ဉာဏ်နှင့်သုံး သပ်ပြီး ပရိစ္ဆေဒ-ဟူသော ပါဠိအရ အပြားအားဖြင့် ပိုင်းခြား၍ ထိုးဖေါက်ပြီး ပညာဖြင့် သိအောင် ရှုကြည့်ရမည်ဖြစ်၏။

## ရုပ်ကိုမြင်အောင်ရှုပုံ

အဘယ်ကဲ့သို့ ပိုင်းခြား၍ ထိုးဖေါက်ပြီး မြင်အောင် သိအောင်ရှုကြည့်ရမည်နည်းဟုဆိုသော်....

ထိုပရမတ်လို့ဆိုအပ်သော အကြောင်းသဘောနှစ်ပါးတို့၏ တိုက်ခတ်သည့် အကြားမှ ဖြစ်ပေါ်ရှိလာသော ပဋိပက္ခ အကျိုးသဘောသက်သက်ကိုသာလျှင် မြန်မာလိုဖေါက်ပြန်မှု ပါဠိအလို ရုပ်ဟုသမုတ်ရပါသောကြောင့် ထိုရုပ်၏ ပေါ်လာတဲ့

အစသဘော ကလေးကိုတော့ မြန်မာလိုဖြစ်မှုလို့ခေါ်ဆိုတယ် ပါဠိလိုဥပါဒ်လို့ခေါ်ပြန်တယ်၊ အဲဒါခဏငယ် တချက်ဟုမှတ် နောက်ထိုရုပ်၏ ဖြစ်ပေါ်ဆဲခဏသဘောကလေးကိုတော့ မြန်မာ လို့တည်မှုလို့ခေါ်ဆိုတယ်၊ပါဠိလိုကတော့ ဌီလို့ခေါ်ဆိုပြန် တယ်၊အဲဒါလဲ ခဏငယ်တချက်ဟုမှတ်။

ထိုနောက် တဖန်ထိုရုပ်၏ အဆုံးသတ်သဘော ကလေးကို တော့ မြန်မာလို့ပျက်မှုလို့ခေါ်ဆိုတယ်၊ပါဠိလိုတော့ဘင်စွန်း လို့ခေါ်ဆိုပြန်တယ်၊ အဲဒါကိုခဏငယ်တချက်ဟုမှတ်။

ထိုခဏငယ် သုံးချက်တို့သည်ပင်ဖြစ်သဘောမှ တည်သဘော သို့။ ထိုအကြားမှ ရွေ့လျောသောမှတ်ကြောင်းကိုတော့ ပါဠိလို လက္ခဏ လို့ခေါ်ပြန်ပါတယ်။

ထိုမှတဖန် တည်သဘောမှ ပျက်သဘောသို့ ထိုအကြားမှရွေ့ လျောသော မှတ်ကြောင်းကိုတော့ ပါဠိ လိုလက္ခဏလို့ခေါ် ပြန်တယ်။

ဒါ့ကြောင့် အကြောင်း အကျိုးလို့ဆိုတဲ့ ပရမတ္ထ ခန္ဓာသ ဘောတွေရယ်။ ဖြစ်သဘော၊ တည်သဘော၊ ပျက်သဘောလို့ ဆိုတဲ့ ခဏငယ်သဘောတွေရယ် ထိုခဏငယ်တို့၏အကြားမှ မှတ် ကြောင်းဟုဆိုသော ရွေ့လျောတဲ့ လက္ခဏသဘောတွေရယ်။

ထိုသဘော အပြားတွေကိုဖြင့် ပရိစ္ဆေဒဟူသော ပါဠိအရ တခုစီတခုစီခြားနား၍ ညာတပရိညာ ဉာဏ်ဖြင့်မြင်ပြီး ပဇာနာ တိဆိုတဲ့ပါဠိအရ အပြားအားဖြင့်ထိုးဖေါက်၍ ပညာဖြင့်သိရရုံ မျှမက-

ပရမတ္ထသစ္စာနယ်ထဲမှ ဗုဒ္ဓ၏အလိုတော်ကျ သဘာဝလို့ဆို အပ်သော ထိုသဘောအပြားတို့သည်ပင်လျှင် မျက်တောင်တခတ် လက်ဖစ်တတွက်ခဏ၏ အတွင်းမှာပင် ပျက်တတ်လို့ဆိုတဲ့ ဘင် စွန်း၏နောက်ဉာဏ်နှင့်ထောက်ပြီးကြည့်လိုက်သောအခါ။

ဩော်-ဘယ်ပစ္စည်းသဘောတွေမှ ဘာတခုမှအတည်တကျမ ရှိတော့ဘူးလို့ဉာဏ်နှင့်ပင်မြင်အောင်ကြည့်လို့ ပညာဖြင့်သိရပြီး ထိုအမြင်အသိကပင် မြန်မာလိုချုပ်ပျောက်တယ်လို့ ခေါ်ဝေါ် သမုတ်ပါသောကြောင့် ပါဠိလိုရုပ်ချုပ်တယ်လို့ဟောထုတ်လိုက် ရပါပေ၏။ (ဖေါက်ပြန်ပျက်စီးကုန်ပြီဟူလို့)

အဲဒါလို အသံရယ်နားရယ် ကြားမှုရယ်လို့သမုတ်တဲ့ ပညတ် အထပ်ထပ်ကိုမြင်သောဉာဏ်သိရတဲ့ပညာကသတ်သတ်။

ထိုပညတ်ကို ထိုးဖေါက်ပြီးသကာလ အတိုက် သဘော အ ကြောင်းပရမတ်ကိုမြင်သောဉာဏ် သိရတဲ့ ပညာကသတ်သတ်။

အတိုက်ခံဆဲသဘောအကြောင်း ပရမတ်ကို မြင်သောဉာဏ် သိရတဲ့ပညာကသတ်သတ်။

ထိုအကြောင်းနှစ်ပါး၏ အကြားမှ ဖြစ်ပေါ်၍ လာသော သဘောအကျိုးပရမတ်ကို မြင်သောဉာဏ်သိရတဲ့ပညာက သတ် သတ်။

ထိုအကြောင်းအကျိုးတို့၏ ပရမတ္ထခန္ဓာတွေထဲမှဖြစ်သဘော ခဏငယ်တချက်ကို မြင်သောဉာဏ် သိရတဲ့ပညာက သတ်သတ်

တည်သဘောခဏငယ်တချက်ကို မြင်သောဉာဏ်သိရတဲ့ပညာ ကသတ်သတ်။

ပျက်သဘောခဏငယ်တချက်ကို မြင်သောဉာဏ်သိရတဲ့ပညာ ကသတ်သတ်။

ထိုခဏငယ် သုံးချက်တို့၏ အကြားမှ ရွေ့လျောတဲ့ မှတ်ကြောင်း လက္ခဏာတို့ရှိသဘောကို မြင်သောဉာဏ် သိရတဲ့ပညာ ကသတ်သတ်။

ဖေါက်ပြန်ပျက်စီးသော အဝိပ္ပါယ်သဘောကို မြင်သော ဉာဏ်၊ သိရတဲ့ပညာကသတ်သတ်။

**ဤကဲ့သို့လိုပင် ပရိစ္ဆေဒလို့ဆိုတဲ့ ပါဠိအရ တကယ်ရှိသော တခုစီတခုစီ တည်းဟူသော သဘာဝလို့ဆိုတဲ့ ပါဠိအရ ထိုသဘောအပြားတွေကို ညာတပရိညာလို့ ဆိုတဲ့ပါဠိအရ တခုစီတခုစီ ဉာဏ်နှင့်ပိုင်းခြားမြင်၍ ပဏ္ဏာနာတိလို့ ဆိုတဲ့ပါဠိအရ ပညာဖြင့် တခုစီတခုစီ ထိုးဖေါက်ပြီး မြင်ကြသိကြမှသာလျှင် ဝိပဿနာ ဉာဏ်ပညာအစစ်ဖြစ်ပေ၏။**

## မောင်နီဥပမာပုံ

ဒကာ ဒကာမများ ဥပမာဘာနှင့်တူသလဲလို့ဆိုရလျှင် မဖြူလို့ဆိုတဲ့ ဒကာမကြီးတယောက်နှင့် မောင်နီလို့ဆိုတဲ့ ဒကာကြီး ဇနီးမောင်နှံနှစ်ယောက်တို့သည် ပေါင်းသင်းပြီးလာခဲ့တာ နှစ်ပေါင်း သုံးဆယ်တိတိရှိပြီဟု ဆိုကြပါတော့။

အဲဒါလို ပေါင်းသင်းဆက်ဆံနေတုံးမှာ မဖြူကို သွားပြီး မေးမြန်းကြည့်တယ်။

မဖြူ ခင်ဗျားရဲ့ လင်ယောကျ်ားဖြစ်သူ ကိုမောင်နီဟာ ဖောက်ပြန်တတ်သလား သို့မဟုတ် မဖောက်ပြန်တတ်ဘူးလား လို့မေးမြန်းကြည့်သောအခါ မဖြူကပြန်ပြီးပြောသည်မှာ-

ကျွန်မလင်ယောကျ်ားဖြစ်သူ ကိုမောင်နီဟာဖြင့် ပေါင်းသင်းလာခဲ့ဒါ နှစ်သုံးဆယ်တိတိရှိပါပြီ ထိုနှစ်ပေါင်းသုံးဆယ်အတွင်းမှာဆိုလျှင် ကျွန်မမှအပ တခြားသို့ ဖောက်ပြန်ခြင်းမရှိခဲ့ပါဘူး။

ဒါကြောင့်ကျွန်မလင် ကိုမောင်နီဟာဖြင့် မဖောက်ပြန်တတ်ပါဘူးလို့ဘဲ ပြောရပါတယ်- တဲ့- ဒကာ ဒကာမများ သေချာစွာမှတ်ထားကြနော် ဒကာကြီး ကိုမောင်နီကို မဖောက်ပြန်တတ်ဘူးလို့ မဖြူကပြောထားတယ်နော်။

ဒါပေမဲ့ တနေ့သောအခါ မျှားမကြာမီအတွင်းမှာပင် ကိုမောင်နီသည် မဖြူထက်ချောလှသော ဒကာမတယောက်၏ နောက်သို့ ခိုးရာလိုက်သွားတယ်လို့ဆိုပါတော့ အဲဒီလို ခိုးရာလိုက်သွားတယ်လို့ဆိုတဲ့အခါမှာ မဖြူကိုသွားပြီး မေးကြည့်ပြန်တယ်။

မဖြူရယ် ခင်ဗျားရဲ့ယောကျ်ား ကိုမောင်နီဟာ ဖောက်ပြန်တတ်သလား သို့မဟုတ် မဖောက်ပြန်တတ်ဘူးလားလို့ တဖန်မေးမြန်းကြည့်ပြန်သောအခါ မဖြူကပြန်ပြောပြသည်မှာ-

ကျွန်မယောကျ်ား ကိုမောင်နီဟာ ဟိုတုံးအခါကဆိုလျှင် မဖေါက်မပြန်ခဲ့ပါဘူး၊ ယခုတော့ ဖေါက်ပြန်သွားပါပြီ လို့ မဖြူကပြန်ပြီးပြောသတဲ့-

အဲဒီတော့ ဒကာ ဒကာမများ ပထမပိုင်းက ဆိုလျှင် မဖေါက်မပြန်ဘူးလို့ဆိုတော့ ထိုသူ့ကိုဘဲ ပရမတ်လို့ ဆိုထိုက်ထာပေါ့။

နောက်ဒုတိယပိုင်းမှာဆိုလျှင် ဖေါက်ပြန်သွားပြီလို့ ဆိုပြန်တော့ ထိုသူ့ကိုဘဲ ရုပ်လို့ဆိုထိုက်ပြန်ဒါပေါ့၊ ဒီတော့ပရမတ်လို့ဆိုတဲ့ မဖေါက်မပြန်တုံးကဆိုလျှင် ထိုသူသည် မဖြူရဲ့အနားမှာရှိ၏။

ယခုရုပ်လို့ဆိုတဲ့ ဖေါက်ပြန်သွားပြီလို့ ဆိုပြန်တော့ မဖြူရဲ့ အနားမှာ ထိုသူ့ကိုပင် မမြင်မတွေ့ရရုံမျှမက အနားမှာပင် မရှိတော့ပါကလား။ ချုပ်ပျောက်သွားပြီဟူလို။

အဲ့ဒီ ဥပမာကိုသာ ထောက်ဆပြီးကြည့်ကြပေတော့ ဒကာ ဒကာမတို့ ပဌမပိုင်းမှာဆိုလျှင် မဖေါက်မပြန်ဘူးလို့ ဆိုရသော ကိုမောင်နီကို မြင်မှုသိမှုသည် ပရမတ်ကို မြင်သောဉာဏ်အမြင် ပညာအသိနှင့်တူ၏။

ဒုတိယပိုင်းမှာဆိုလျှင် ဖေါက်ပြန်တယ်လို့ ဆိုရသော ကိုမောင်နီကိုပင် မြင်မှုသိမှုသည် ရုပ်ကိုမြင်သော ဉာဏ်အမြင် ပညာအသိနှင့်တူပေ၏။

တတိယပိုင်းမှာဆိုလျှင် မဖြူ၏ အနားမှာ မရှိဒါကို မြင်သောအမြင်အသိတို့သည် ချုပ်ပျောက်သည့်မြင်မှုသိမှုနှင့်တူ၏။

အဲဒါလို ထင်ရှားအောင် နှိုင်းယှဉ်၍ ဥပမာပြရသော်လဲ ဘာနှင့် တူနေပြန်သလဲလို့ဆိုတော့ ဆင်တကောင်ကို မြင်ဘူးသောလူတယောက်သည် မိမိမြင်ဘူးသောဆင်ကို လူအများသိအောင် နားလည်အောင် ထိုဆင်နှင့်တူအောင် အရုပ်ရေးဆွဲ၍ပြ၏။

သို့သော်လဲ ဘယ်လိုပင် နဂိုဆင်နှင့်တူအောင် အရုပ်ရေးဆွဲလို့ပြသော်လဲ အဝိုဆင်သည် နဂိုဆင် ဘယ်လိုနည်းနှင့်မှမဟုတ်သလို အဲဒီလိုမျက်စိနှင့် မြင်ရတဲ့ပေါ်မှာ ပညတ်တတ်ပြီးပြခဲ့တဲ့ဥပမာလိုပါဘဲ၊ ယခုလဲ ရုပ်လို့ဆိုတဲ့ အဓိပ္ပါယ်ကို ပရမတ္ထသစ္စာနယ်ထဲမှာ အများသဘောပေါက်အောင်သာ ဟောပြောပြသ ရေးသားထားခြင်းကိုပင် နားလည်ဘို့ရန်အလွန်အရေးကြီးလှပေ၏။

ဒါကြောင့် စောစောပိုင်းက ပြောဟောထားသော ရုပ်လို့အမည်တပ်ပြီး ထုတ်ဖေါ်ထားခြင်းသည် အသံရယ် နားရွက်ရယ် ကြားမှုရယ် ထိုပစ္စည်းတွေကို ရုပ်လို့ ပြောခြင်းမဟုတ်။

ထိုနောက် အကြောင်းအကျိုးတို့၏ ပရမတ္ထခန္ဓာတွေရယ် ခဏငယ်တွေရယ် လက္ခဏာတွေရယ် ထိုပစ္စည်းတွေကိုလဲ ရုပ်လို့ပြောဆိုထားခြင်းလည်းမဟုတ်ပေ။

# ဖေါက်ပြန်မှုသာရုပ်

သို့သော်စင်စစ်မှာကားထိုပစ္စည်းတို့၏ အကြောင်းမကင်းပါဘဲလျက် မျက်တောင်တခတ်၊ လျှပ်တပြက်အတွင်းမှာပင် ထိုပစ္စည်းတို့၏ အကြောင်းနှစ်ခုတိုက်ခတ်သည့်ကြားမှ ဖြစ်ပေါ်၍လာသော ပဋိပက္ခအကျိုးသဘောသက်သက်ကိုသာလျှင် ဉာဏ်နှင့်မြင်၍ ပညာဖြင့်သိရပါသောကြောင့် ထိုအမြင်အသိကပင် မြန်မာလိုဖေါက်ပြန်တယ်လို့ ဆိုရတဲ့ အကျိုးသဘောဖြစ်လို့ စာအလိုဆိုရလျှင် ရုပ်လို့ပြောထုတ်လိုက်ရပါပေ၏။

အဲ့ဒီတော့ လက္ခဏာထိုက်တဲ့ပစ္စည်းတွေကတခြား ရုပ်လို့ဆိုတာကတခြား ထိုပစ္စည်းတွေသည် ရုပ်မဟုတ် ရုပ်သည်လည်း ပစ္စည်းတွေမဟုတ်ဘူးလို့ဆိုတာကိုဖြင့် နက်နဲစွာ ကွဲပြားခြားနားပြီး မြင်ရသိရမည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ထိုလက္ခဏာထိုက်သော ပစ္စည်းတွေကိုတော့ အကြောင်းလို့ခေါ်တယ်။

ရုပ်လို့ဆိုထားသော ဖေါက်ပြန်မှုကိုတော့ အကျိုးလို့ခေါ်ပြန်တယ်၊ ဒါကြောင့်အကြောင်းသည် အကျိုးမဟုတ် အကျိုးသည်လည်း အကြောင်းမဟုတ်ပါတကားလို့ အကြောင်းကတခြား အကျိုးကတခြား သတ်သတ်စီကွဲပြားပြီး မြင်ရသိရသော်လဲ စင်စစ်မှာကားအကြောင်းကြောင့်သာလျှင် အကျိုးဖြစ်တယ်လို့ဆိုတာကိုဖြင့် များများကြီး သဘောပေါက် နားလည်ထားဘို့ရာ အလွန့်အလွန်ပင် အရေးကြီးလှပါပေတကား။

တဖန်ထပ်မံ၍ ဥပမာပြုရမည်ဟုဆိုသော် ရေအပြည့်ရှိသော ဖန်ခွက်ထဲသို့ လက်နှင့် နှိုက်၍ကြည့်ကြသောအခါ ရေခွက်နှင့် လက် အကြောင်းနှစ်ခု၏အကြားမှ ဖောဋ္ဌဗ္ဗလို့ဆိုတဲ့ ထိမှုသဘောတခု ဖြစ်ပေါ်၍လာပေ၏။

ထိုထိမှုသဘောတခုထဲမှာ အေးသဘောတခုရှိ၏။ ဒါပေမဲ့ ဖန်ခွက်ရယ် ရေရယ် အေးသဘောရယ် ထိုသဘောတွေချည်း ဆိုလျှင် မပေါက်ပြန်တတ်။

သို့သော်လဲ ထိုရေဖန်ခွက်ထဲမှာရှိသော အေးသဘောနှင့် နွေးသဘောနှစ်ခုအကြောင်း တိုက်ခတ်ပါသောကြောင့် ထိုအကြားမှဖြစ်ပေါ်၍လာသော ပဋိပက္ခအကျိုးသဘောသက်သက် သည်သာလျှင်ဖြစ်ရာမှ ရွေ့လျောပြီး ခဏတည်ပြီးသကာလ ရွေ့လျောပြီး ပျက်စီးသွားတာကို ဉာဏ်နှင့် မြင်အောင်ကြည့်၍ ပညာဖြင့်သိရပြီးလျှင်–

ထိုနောက်တဖန် ထိုရေဖန်ခွက်ထဲက ထိမှုသဘောတခုထဲမှာ ရှိသော ပဋိပက္ခဖြစ်မှုရယ် ဖြစ် တည် ပျက်ဟု ဆိုထားသော ခဏငယ်သုံးချက်ရယ်၊ ထိုခဏငယ်သုံးချက်၏အကြားမှ ရွေ့လျောပြောင်းလဲသော လက္ခဏာရယ် ထိုပစ္စည်းသဘောတို့သည် တဒင်္ဂတခဏအတွင်းမှာ ဘာတခုမျှ အတည်တကျ မရှိတော့ ဘူးလို့ တဖန်ဉာဏ်နှင့်ပင် မြင်အောင်ကြည့်လို့ ပညာဖြင့်သိ ရပါသောကြောင့် ထိုအမြင်အသိကပင် မြန်မာလိုချုပ်ပျောက် သည်ဟု ခေါ်ဆိုသမုတ်ရပါသောကြောင့် ပါဠိလို ရုပ်ချုပ် သည်ဟုသိကြရာ၏။

ဒါကြောင့် ဖန်ခွက်ရယ် ရေရယ် လက်ရယ် ထိုပစ္စည်းတို့ကို ပကတိမျက်စိနှင့်မြင်မှုသိမှုကိုတော့ မံသအမြင်၊မံသအသိလို့ခေါ်တယ်၊ ထိုပစ္စည်းတွေကို အကြောင်းပြု၍ ထိမှုတခုရယ် အေးသဘောရယ် ခဏငယ်ရယ် လက္ခဏာရယ် ဖေါက်ပြန်မှုရယ် တခုစီတခုစီပိုင်းခြားပြီး မြင်မှုသိမှုကိုတော့ ဉာဏ်အမြင်ပညာသိလို့မှတ်ရာ၏။

## ရုပ်ကိုအပိုင်သိလို့နာမ်ချုပ်ပုံ

အဲဒါလို ရုပ်လို့ဆိုထားသော ဖေါက်ပြန်ပျက်စီးလို့ အတည်တကျမရှိမှုကို ဉာဏ်အမြင် ပညာအသိဖြင့် မြင်သိထားသော စူဋသောတာပန် ပုဂ္ဂိုလ်များသည်-

အသံနှင့်နား အဆင်းနှင့်မျက်စိ အနံ့နှင့်နှာခေါင်း လျှာစရာနှင့်လျှာ ဝတ္ထုတခုနှင့်ကာယ အကြောင်းအကျိုး ဆက်တိုင်းမှာ ထိုအမြင်ထိုအသိနှင့် ရုပ်လို့ဆိုသော ဖေါက်ပြန်ပျက်စီး အတည်တကျ ဘာပစ္စည်းမှ မရှိဒါကို ထိုဉာဏ်ပညာဖြင့် ရှုကြည့်နေဆဲမှာပင်-

ကမ္ဘာလဆန်း တရက်နေ့မှစ၍ ယခုဘဝအထိ အမြင်မှား၊ အမှတ်မှား၊ အယူမှား၊ အသိမှား၊ အစွဲမှား၊မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော သူဘဲငါဘဲ၊အသက်၊လိပ်ပြာ သဏ္ဍာန် ဒြပ်မိန်းမယောကျ်ား လူနတ် ပြဟ္မာ သတ္တဝါတွေလဲ စွဲလန်းစရာ မရှိတော့ဘူးလို့ ကင်းကွာမှုကိုပင်၊ဒိဋ္ဌိကွာတယ်ဟုဆိုရရုံမျှမက-

ထိုဉာဏ်အမြင် ပညာအသိဖြင့် မြင်သိ၍ထားသော ထိုစူဠသောတာပန် ပုဂ္ဂိုလ်များသည် မသိမှုကြောင့် ဖြစ်ပေါ်၍လာသော သင်္ခါရလို့ဆိုတဲ့ ပြုပြင်ခြင်း ကင်းမဲ့ပါသောကြောင့် အပြင်သို့ အာရုံတွေမယိုစီးတော့ပါတကား....

အာရုံတွေ မယိုစီးတဲ့ အကြောင်းကြောင့် ဘယ်ပစ္စည်းနှင့်မှ ဖဿလို့ဆိုတဲ့ တွေ့နိုင်စွမ်းအာရုံအကျိုးမရှိတော့ပါတကား-
တွေ့နိုင်တဲ့ အာရုံအကြောင်း မရှိလို့ ခံစားမှုအကျိုးမရှိတော့ပါတကား....

ခံစားမှုအာရုံအကြောင်း မရှိပါသောကြောင့် မှတ်မှုအကျိုးမရှိတော့ပါတကား....

မှတ်မှုအာရုံအကြောင်းမရှိသောပါကြောင့် ဝိဉာဏ်လို့ဆိုတဲ့ သိမှုအကျိုးမရှိတော့ပါတကား....
အဲဒီလို့ မသိမှုကြောင့် ဖြစ်ပေါ်တတ်သော ပြုပြင်မှုတွေ ချုပ်ခြင်း။
ခံစားမှုတွေချုပ်ခြင်း။
မှတ်မှုတွေချုပ်ခြင်း။

သိမှုတွေချုပ်ခြင်းကိုတော့ စူဠသောတာပန်ပုဂ္ဂိုလ် တို့၏ ဝိပဿနာဉာဏ်အမြင် ပညာအသိဖြင့် ရှုကြည့်နေဆဲမှာပင်၊ ရုပ်ကိုအပိုင်းသိလို့ နာမ်ချုပ်တယ်လို့ ဟောထုတ်လိုက်ရပါ၏။
ဤကဲ့သို့ မြင်မှုသိမှုကိုပင်၊ စူဠသောတာပန်ပုဂ္ဂိုလ်များ ရှုကြည့်ဆဲမှာပင်၊ သံသရာပြတ်ကြောင်းကို မြင်မှုသိမှုပေတည်း။

ဒါပေမဲ့ ဒကာ—ဒကာမများ အတွေးခေါင်၍ သို့လော သို့လော ဖြစ်ပြီးအထင်ကြီးမနေကြနှင့် သံသရာပြတ်ကြောင်း ကိုသာ ဝိပဿနာဉာဏ်ပညာဖြင့်သာ မြင်သိထားသည်ဟုသာ လျှင်ဆိုထား၏၊သို့သော် ခဏိကမရဏကြောင့်ဘင်ချုပ်သာလျှင် ဖြစ်သည်၊ ကိလေသာ တွေကို မဂ်ဖြင့် မပယ်သေး ဤကဲ့သို့ ကိလေသာ တွေကို မဂ်ဖြင့်ပယ်၍ မချုပ်သေးပါသော ကြောင့် နိဗ္ဗာန်ဟုမယူရာ၊ အဘယ့်ကြောင့် ဆိုသော် မဂ်ဉာဏ် ဖြင့် သာ နိဗ္ဗာန်ကိုမြင်ရသောကြောင့်တည်း။

---

(မှတ်ချက်)။ ။ထိုနေရာ၌မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင် သည်ဟုဆိုထားပေမယ်လို့ မဂ်သည်ဉာဏ်မဟုတ် ဉာဏ်သည် နိဗ္ဗာန်မဟုတ် နိဗ္ဗာန်သည်လည်း မဂ်မဟုတ် ဒါကြောင့်မဂ် လို့ဆိုတာက သတ်သတ်ဉာဏ်လို့ဆိုတာကသတ်သတ်နိဗ္ဗာန် လို့ဆိုတာကသတ်သတ်ဟုအထူးမှတ်ရာ၏။

## အာနာပါန၏နိဿယ

အဲဒီတော့ ဤစာအုပ်ကို ဘတ်ရှုကြသော ဒကာ-ဒကာမ များကိုဖြင့် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အမြင်အသိမှကလျာဏပု ထုဇဉ်ပုဂ္ဂိုလ်တို့၏ မြင်ပုံသိပုံစဉ္စသောတာပန်ပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိ ကွာပုံနှင့် သံသရာလည်ကြောင်း ပြတ်ကြောင်းမြင်ပုံသိပုံများ ကိုဖြင့် ဟောပြောပြသရေးသားခဲ့ပါပြီ။

သို့သော်လဲ ထိုကဲ့သို့ အမြင်အသိနှင့်တကွ သောတာပန် ပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ် အဖြစ်ထိအောင် မြင်မှုသိမှုတို့သည်ပင် မှန်ကန်သော နည်းနာ

နိဿျတခုတည်းသော လမ်းကောင်းကို ပြုလုပ်အားထုပ်နိုင်မှသာ လျှင် မိမိတို့အလိုရှိသော နိဗ္ဗာန်သို့ပေါက်ရောက်နိုင်မည်ဖြစ်၏။

အဘယ်ကဲ့သို့သော လမ်းကောင်းကို ပြုလုပ်အားထုတ်ရမည်နည်းဟုဆိုသော်—အာနာပါနသတိပဌာန်တရားသည်၊ ယခုခေတ် ယခုကာလ ပုဂ္ဂိုလ်များနှင့် အလွန်ပင် သင့်လျော်လှပေ၏။

အဘယ်ကြောင့် ဆိုသော် ဦးပဥ္စင်းသည်ပင် စာပေပရိယတ်မပြည့်ဝ၍ ဘာတခုမျှ အသိဉာဏ်မရှိခဲ့သော တွေဝေထိုင်းမှိုင်း၍ မိုက်တူးနေသော ပုဂ္ဂိုလ်တယောက်ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ကြားသိ၊ မြင်သိ၊ မှတ်သိကလေးနှင့် ထိုအာနာပါန သတိပဌာန်မှစ၍ ပစ္စုပ္ပါန်ကျ-ကျအရိုးကြေ-ကြေ အရေခန်းခန်း မလျော့သော လုံ့လဖြင့် ဇွဲသတ္တိထူထောင်ပြီး အားထုတ်၍လာခဲ့ရာနောက်ဆုံးတနေ့၌အလွန့်အလွန်ထူးဆန်းနက်နဲသော လောကီပညာ လောကုတ္တရာပညာ နှစ်ဌာနနှင့်ပြည့်ဝ ကုန်ဆုံးရာသို့ရောက်ရ မြင်ရ သိရပါပေါတယ်။

ဒါကြောင့်မို့ ဦးပဥ္စင်းလို မြင်ရသိရလေအောင် ဦးပဥ္စင်း အားထုတ်၍လာခဲ့သော ထိုအာနာပါနသတိပဌာန်တရားကို နှစ်းသက်မှုရှိသော ဒကာ-ဒကာမများကိုဖြင့် အားထုတ်နိုင်စွမ်းရှိရလေအောင်အာနာပါနသတိပဌာန်တရားတော်ကိုအမြွက်လောက်ထုတ်ဖော်ပြီး အကြောင်းပြ၍ရေးသားပေးတော့အံ့။

(မှတ်ချက်)။ ။ကာယသတိပဋ္ဌာန်ပိုင်းနှင့်တကွ အာနာပါနသတိပဋ္ဌာန်ကိုသာလျှင် ရေးသားမည်ဖြစ်၏၊ ထိုသတိပဋ္ဌာန်တရား နှစ်ပါးကိုလည်း ကွဲပြားစွာသိထားအပ်ပါသည်။

အဘယ်ကဲ့သို့ သိထားရမည်နည်းဟုဆိုသော် အာနာပါနသတိပဋ္ဌာန်သည်၊ ကာယ သတိပဋ္ဌာန်မဟုတ်။ ကာယ သတိပဋ္ဌာန်သည်လည်းအာနာပါနသတိပဋ္ဌာန်မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော် ထွက်လေ ဝင်လေရဲ့သဘောအပေါ်မှာ အာရုံကို သတိဖြင့်ကပ်ထားခြင်းသည်။ အာနာပါနသတိပဋ္ဌာန်မည်၏။

မိမိတို့၏ တကိုယ်လုံးရဲ့အပေါ်မှာ သိမ်းကြုံး၍ အာအာရုံကို သတိဖြင့် ကပ်ထားခြင်း သည်ကား ကာယ သတိပဋ္ဌာန်၏မည်။ဒါကြောင့်ဤကဲ့သို့ ထိုသတိပဋ္ဌာန်တရားနှစ်ပါးကိုလည်းကွဲပြားခြားနားပြီး သိထားဘို့ရာ လိုအပ်ပြန်ပေ၏။

## အာနာပါန သတိပဋ္ဌာန်ကို အားထုတ်၍ အဇ္ဈတ္တိကအတွင်းမှာမြင်သိရပြီး ဒေသနာတော်ပန်မြင်ပုံ

အာနာပါန ၏ သမထအလုပ်ကို ပွားများ အားထုတ်ရပုံကား သမထဟုဆိုအပ်သောအစီပွဲါယ်ကို မြန်မာလို သဘောပေါက်ဘို့ရာ အလွန်ပင် အရေးကြီး၏။ အဘယ်ကဲ့သို့ သဘာပေါက်ထားရမည်နည်းဟုဆိုရသော်-

သမထလို့ဆိုတာက ပါဠိစကားလို့ ခေါ်တယ်။ မြန်မာလို သဘောပေါက်ဘို့က တိမ်းစောင်း ပြန့်လွင့်နေသော အာရုံသဘောကလေး ကို မတိမ်းမစောင်း မပြန့်မလွင့်ရလေအောင် ဝင်လေ ရဲ့သဘော ထွက်လေရဲ့ သဘောအပေါ်မှာ-

ထိုအာရုံကလေးကို သတိလို့ဆိုတဲ့ရှေးရှုမှုကအကြောင်းတခု။

ဝိရိယလို့ဆိုတဲ့ လုံးလပြုမှုက အကြောင်းတခု။ ဉာဏ်လို့ဆိုတဲ့သုံးသပ်မှုက အကြောင်းတခု။

ထိုအကြောင်းသုံးပါးနှင့်တကွ အလွန်အလွန် ကြပ်ကြပ်မတ်မတ် စောင့်ထိန်းမှုကိုတော့ အဓိသီလလို့ခေါ်ပြန်ပါတယ်။

ထိုအကြောင်းသုံးပါးနှင့်ပင် အလွန့်အလွန် ကြပ်ကြပ်မတ် စောင့်ထိန်းမှုအလုပ်ကိုဘဲ သမထအလုပ်ဟုမှတ်ရာ၏။

ဒါ့ကြောင့် ထိုသမထလို့ဆိုတဲ့အလုပ်နှင့်တကွ နံပါတ်၁ထွက်လေရဲ့သဘော၊ ဝင်လေရဲ့သဘောအပေါ်မှာ အာရုံလို့ဆိုတဲ့သဘောလေးတည်ငြိမ်ပြီး အကျိုးသိနေမှုကိုတော့ သမာဓိလို့ ပါဠိလိုခေါ်ပြန်တယ်။

ထိုမှတဖန် ထိုအာရုံကလေးကိုပင် မတိမ်းမစောင်း မပြန့်မလွင့်လေအောင် သတိဝိရိယဉာဏ်နှင့် သမထအလုပ် ပွားများအားထုတ်သည်ရှိသော် မိမိသုံးသပ်သော ဉာဏ်မျက်စိအောက်မှာပင် ထွက်လေ-ဝင်လေတို့၏ အရိပ်နိမိတ်တွေရဲ့ အပေါ်မှာ တည်ငြိမ်ပြီးသိနေပြန်၏။

ထိုသို့တည်ငြိမ်ပြီးသိနေမှုကိုတော့ ဥပစာရ သမာဓိဟု ပါဠိလိုခေါ်ရပြန်၏။ အဘယ်ကြောင့် ခေါ်အပ်သနည်း။ မိမိတို့၏ ဉာဏ်မျက်စိ အောက်မှာဘဲ သုံးသပ်မှုကိုတော့ ဥပစာလို့ခေါ်ရ၏။

ဥပမာလို့ဆိုရတဲ့ ဉာဏ်မျက်စိအောက်မှ ထွက်လေဝင်လေတို့ရဲ့ အရိပ်နိမိတ်ပေါ်မှာ အာရုံကလေးတည်ငြိမ်ပြီး သိနေမှုအကျိုးကိုတော့ သမာဓိဟုခေါ်ရ၏။ ဒါကြောင့် ဥပမာရသမာဓိဟုမှတ်ရာ၏။

ဤကဲ့သို့-ဥပစာရ သမာဓိကိုရရှိပြန်သော်လဲ နံပါတ်၂-သမ္မာသမာဓိရရှိဘို့ရန် ပွားများပြုရာ၏။ အဘယ်ကဲ့သို့ ပြုလုပ် အားထုတ်ရမည်နည်း။

ပထမဥပစာရသမာဓိကိုရရှိအောင် ပွားများပြုလုပ်အားထုတ်ရသည်ထက်ပို၍ တော့သတိဝီရိယ ဉာဏ်တို့ကိုဖြင့်ထိုအာရုံလေးပေါ်မှာဘဲ မလစ်လပ်စေရအောင် အလွန့်အလွန်ကြပ်ကြပ် မတ်မတ်ကြီးစောင့်ထိန်းရမည်ဖြစ်၏။

အဘယ်ကဲ့သို့ **စောင့်ထိန်းရမည်နည်း**ဟု ဆိုသော် ထွက်လေဝင်လေရဲ့သဘောဖလေးကို **စောင့်ထိန်းရမည်မဟုတ်** ထွက်လေနှင့်နှာခေါင်း အကြောင်းနှစ်ခု **တိုက်ဆိုင်တဲ့အကြားမှ** ထိမှုလို့ **ပြောရတဲ့** အကျိုးသဘောလေးနှင့်တကွ ဝင်လေနှင့် နှာခေါင်း အကြောင်းနှစ်ခု တိုက်ဆိုင်တဲ့အကြားမှ **ဖြစ်ပေါ်**၍လာတဲ့ထိမှုလို့ ပြောပြရသော အကျိုး**သဘောသက်သက်ကလေး**ရဲ့အပေါ်

မှာ အာရုံလေးတည်ပြီး သိနေမှုအကျိုးကိုတော့ သမ္မာသမာဓိ
ဟု ပါဠိလိုခေါ်ဆိုရပြန်၏။

အဘယ့်ကြောင့်ခေါ်ဆိုအပ်သနည်း၊ ထွက်လေ ဝင်လေရယ်
အရိတ်နိမိတ်တွေရယ် ထိမှုလို့ပြောဆိုရသော ပညတ်တရားတွေ
မပါဘဲလျက်-

ထွက်လေ ဝင်လေတို့၏အကြောင်းကြောင့် ဖြစ်ပေါ်၍လာ
သော ထိမှုလို့ပြောဆိုရတဲ့ အကျိုးသဘော သက်သက်ကလေး
သာ ဗုဒ္ဓ၏အလိုတော်ကျ ပရမတ္ထသစ္စာနယ်က သဘောသက်
သက်ကလေးကိုသာလျှင် အမှန်မြင် အမှန်သိရပါသောကြောင့်
မှန်တယ်လို့သုံးတဲ့စကားလုံးကိုတော့ သမ္မာလို့ပါဠိလိုခေါ်၏။

သမ္မာလို့ဆိုတဲ့ အမှန်ရှိတဲ့ပရမတ် သဘောလေးပေါ်မှာ
အာရုံကလေးတည်ငြိမ်ပြီး သိနေမှု အကျိုးတခုကိုတော့ သမာဓိ
ဟု ပါဠိလိုခေါ်ရခြင်းကြောင့် ထိုနှစ်ခုတို့၏ အဓိပ္ပါယ်သဘော
ကိုပင် သမ္မာသမာဓိဖြစ်သည်ဟု ရရှိသည်ဟုမှတ်ရာ၏။

ဒါကြောင့် ပထမ ဥပစာရ သမာဓိကို ရရှိတယ်လို့ ဆိုပြန်
သော်လည်း နောက်ဒုတိယသမ္မာသမာဓိရရှိအောင် ပွားများပြု
လုပ် အားထုတ်ဘို့ရာ အရေးကြီးပေ၏။

တဖန်ဒုတိယသမ္မာသမာဓိကို ရရှိပြန်သော်လည်း ထို့နောက်
တတိယ ကေဂ္ဂတာသမာဓိကိုရရှိအောင်ပွားများ ကြိုးကုတ်အား
ထုတ်ဘို့ရာ အလွန့်အလွန်ပင်အရေးကြီးလှပါပေ၏။

*No. 8*

ထိုတတိယ ဇကဂ္ဂတာသမာဓိကို ရရှိအောင် အဘယ်ကဲ့သို့ ပွားများကြိုးကုတ်အားထုတ်ရမည်နည်းဟုဆိုရသော် ထိုပထမ သမာဓိ ဒုတိယသမာဓိကို သည်ထက် လွန်လွန်ကဲကဲ ကြပ်ကြပ် မတ်မတ်ကြီး ထိုသတိရယ်၊ ဝိရိယရယ်၊ ဉာဏ်ရယ် ထိုသုံးခုနှင့် တကွ မပျင်းမရိလုံးလရှိရှိနှင့် ပွားများကြိုးကုတ် အားထုတ်ပါ များသောအခါ ဘယ်ဒင်းဘယ်ဟာ ဘယ်ပစ္စည်းရဲ့အပေါ်ကို မှ အာရုံကလေးမပြန့်မလွင့်ရုံမျှမက-

နှာခေါင်းဝ၏အတွင်းမှ သမ္မာတည်းဟူသော အမှန်ရှိတဲ့ပရ မတ်သဘော သက်သက်ကလေးတခုရဲ့အပေါ်မှာပင် ထိုအာရုံ ကလေးဇာကျပြီး အသိလေးတည်နေပါသောကြောင့် ဇကဂ္ဂ တာသမာဓိရရှိသည်ဟုမှတ်ရာ၏။

ဤကဲ့သို့လို ဒုတိယသမ္မာသမာဓိကိုရသည်ဖြစ်စေ တတိယဇ ကဂ္ဂတာသမာဓိကိုဘဲရသည်ဖြစ်စေ ထိုနောက်မှတဖန် ထိုနှာသီး ဝ၏ အတွင်းထိမှုတခုထဲမှ ဝိပဿနာ၏ လမ်းခွဲအစဖြစ်သော ခဏိကသမာဓိကို ရရှိဘို့ရာသည်ပင်လျှင် အလွန့်လွန်မှခက်ခဲ့လှ ပြန်ပေ၏။

ဒါ့ကြောင့် ယခုဟောပြောပြသ ရေးသားထားသော သ မာဓိတွေနှင့် အပ္ပနာသမာဓိ ဈာန်အင်္ဂါထိအောင်ရရှိလို့ သုံး ဆယ့်တဘုံ ဘုံအဆင့်ဆင့်တွေကို မြင်ကြသိကြသော်လည်း သမထ အရာတွေချည်းမှတ်ရာ၏။

(သို့သော် ဤနေရာ၌ ဈာန်တရားတွေကို အားထုတ်မှုကို တော့ မရေးသားလိုတော့ပြီ။)

ထိုမှတဖန် သုံးဆယ့်တဘုံတည်းဟူသော လမ်းအစကို ဖြတ်တောက်နိုင်တဲ့ မဂ်ဉာဏ်ကို ဆောင်ပို့တတ်သော တခုတည်းသော လမ်းကြောင်းသည် ဝိပဿနာဉာဏ်နှင့် ယှဉ်သော ခဏိကသမာလို့ဆိုတဲ့ လမ်းကောင်းသာလျှင် တခုတည်းသော လမ်းကြောင်းဟုမှတ်ရာ၏။

အဲဒါကြောင့် ဝိပဿနာဉာဏ်နှင့် ယှဉ်တဲ့ (ခဏိကသမာဓိ) ကိုမရရှိလျှင် ဝိပဿနာအစစ်မဖြစ်ပါသောကြောင့် မဂ်ဉာဏ်ကို ဘယ်တော့မှ မဆိုက်ရောက်နိုင်ဘူးလို့ မြတ်စွာဘုရားကြီးက ဟောတော်မူထားခဲ့ပါတယ်။

ဒါ့ကြောင့် မဂ်ဉာဏ်သို့ ဆိုက်ရောက်ရ လေအောင် ယထာဘူတ ကျ-ကျဖြင့် ဝိပဿနာဉာဏ်အစစ်ဖြစ်ဘို့ရာ အရေးကြီးလှပေ၏။ ထိုဝိပဿနာဉာဏ်အစစ်ဖြစ်ဘို့ရာသည်ပင် ခဏိကသမာဓိကိုရရှိဘို့ရာ ဦးစွာပဌမအရေးကြီးလှပေသောကြောင့် ဝိပဿနာ၏ လမ်းအစဖြစ်သော ခဏိကသမာဓိကို ဟောပြောပြသရေးသားလိုက်ရခြင်းဖြစ်ပေ၏။

## ခဏိကသမာဓိ
## ဖြစ်ပုံ

ထိုခဏိကသမာဓိကိုရရှိအောင် အဘယ်ကဲ့သို့ပွါးများ ကြိုးကုတ်အားထုတ်ရ မည်နည်းဟု ဆိုရသော် စောစော ပိုင်း က ဟောပြောပြသ ရေးသားထားသည့် ထွက်လေနှင့် နှာခေါင်း

ဝင်လေနှင့် နှာခေါင်းအကြောင်းနှစ်ပါး တိုက်ဆိုင်တဲ့အကြားမှ နှာခေါင်းဝ၏ အတွင်းထဲမှာပင် အဟုတ်ရှိ တကယ်ရှိ အမှန်ရှိ သော ထိ-မှုလို့ဆိုတဲ့ သဘောသက်သက်ကလေး တခုထဲမှာ ခဏာငယ်သုံးချက်ကို ထပ်မံ၍ မြင်အောင်သိအောင် သုံးသပ်ရ မည်ဖြစ်ပေ၏။

အဘယ်ကဲ့သို့ သုံးသပ်ရမည်နည်းဟုဆိုသော် နှာခေါင်းဝ ၏။ အတွင်း ထိုထိ-မှု၏အစသဘောကလေးကို မြန်မာလို–ဖြစ် မှုဟုခေါ်ဆိုရ၏။ ထိုဖြစ်မှုဟုခေါ်ဆိုရသော အစသဘောက လေးကိုပင် ပါဠိလို ဥပါဒ်ဟုဆိုခြင်းကြောင့် ခဏာငယ်တချက် ဟုမှတ်ရာ၏။

ထိုနောက် နှာခေါင်းဝ၏ အတွင်းထိုထိ-မှု၏ ခဏပေါ် ဆဲ သဘော သက်သက် ကလေး ကိုတော့ မြန်မာ လို ပျက် တည်မှုဟုခေါ်ဆိုပြန်၏ ပါဠိလိုကတော့ ဌီလို့ခေါ်ဆိုရာ၏ ဟု ထိုကြောင့် အဲဒါကိုလဲခဏာငယ်တချက်ဟုမှတ်ရာ၏။

ထိုနောက်တဖန် နှာခေါင်းဝ၏ အတွင်း ထိ-မှု၏ အဆုံး သတ် သဘောသက်သက်ကလေးကိုတော့ မြန်မာလိုပျက်သည်ဟု ခေါ်ဆိုပြန်၏၊ ပါဠိလိုဆိုရလျှင်၊ ဘင်ဟုခေါ်ရ၏၊ ထိုကြောင့် အဲဒါကိုလဲခဏာငယ်တချက်ဟုမှတ်ရာ၏။

ဒါကြောင့် ဒကာ–ဒကာမများ နှာခေါင်းဝ၏ အတွင်းမှာ ရှိသော ထိ-မှုလို့ဆိုတဲ့ သဘောတခုထဲမှာ ဥပါဒ်လို့ဆိုထား

**သော** ဖြစ်သဘော ခဏငယ်တချက် ဋ္ဌီလို့ဆိုထားသော တည်သဘော ခဏငယ်တချက် ဘင် လို့ဆိုထားသော ပျက်သဘော ခဏငယ်တချက် ထိုခဏငယ်သုံးချက်ရဲ့ အပေါ်မှာအပ အခြားနေရာသို့ အာရုံကလေးမတိမ်းမစောင်း မပျံ့မလွင့် ရုံမျှမက ထိုခဏငယ်ဘည်းဟူသောဖြစ် သဘောရဲ့ အကြောင်းပေါ်မှာ....

အကျိုးအာရုံကလေး တည်ငြိမ်ပြီး သိနေရခြင်း တည်သဘောရဲ့ အကြောင်းပေါ်မှာ အကျိုးအာရုံကလေး တည်ငြိမ်ပြီးသိနေရခြင်း၊ ပျက်သဘောရဲ့ အကြောင်းပေါ်မှာ အကျိုးအာရုံကလေး တည်ငြိမ်ပြီးသိနေရခြင်း။

ဤကဲ့သို့ ထိ-မှုကလေးတခုထဲမှာ ဥပါဒ်ဋ္ဌီဘင်လို့ ဆိုထားသော ဖြစ်သဘောခဏ တည်သဘောခဏ ပျက်သဘောခဏ တို့ရဲ့ အပေါ်မှာအကျိုးအာရုံကလေး ငြိမ်ပြီး သိ သဘောကလေးတည်နေမှုကိုတော့ သမာဓိလို့ခေါ်ဆိုရ၏။

အကျိုးသမာဓိ တည်စရာ အကြောင်းခဏငယ် သုံးချက်ကိုတော့ခဏိကဟုခေါ်ဆိုထားခြင်းကြောင့် ထိုအကြောင်းခဏိကနှင့် အကျိုးသမာဓိကိုသာလျှင် ခဏိကသမာဓိကိုသာလျှင် ခဏိကသမာဓိဖြစ်သည်၊ ရရှိသည်ဟုမှတ်ယူရာ၏။

ထို့ကြောင့် ထိုခဏိကသမာဓိကို ရရှိကြမှသာလျှင် ဝိပဿနာဉာဏ်နှင့်ယှဉ်သော သမာဓိအစစ်ဖြစ်၏၊ ထိုကဲ့သို့ ခဏိက

သမာဓိအစစ်ကိုမှ မရရှိခဲ့ကြပါလျှင် ဘယ်သောအခါမှ ဝိပဿ နာဉာဏ်မဖြစ်ဟုမှတ်ထားရာ၏။

ပထမပိုင်းမှ ရေးပြထားသော ဥပစာရ သမာဓိသမ္မာသမာ ဓိ ကောဂ္ဂတာသမာဓိဟုဆိုထားသော သမာဓိများသည်ကား သမထနှင့်ယှဉ်သော သမာဓိများသာဖြစ်၏။

ထိုသမာဓိနယ်မှ ထိ-ပျက်-သိ-ပျက်နှစ်ခုသာလျှင် မြင်သော အမြင်သည်သမထကိုပွါးများမှုကြောင့်သမာဓိအမြင်သာ ဖြစ်၏။

ဝိပဿနာဉာဏ်ဖြင့်မြင်ရသော အမြင်တို့သည်ကား-ထို ထိ ပျက်-သိ-ပျက်တွေကို ထိုးဖေါက်ပြီး ထို ထိ-မှုကလေးတခုထဲ မှာပင်....

ပထဝီနှင့် ဓါတ်-အာပေါနှင့်ဓါတ်-တေဇောနှင့်ဓါတ် ဝါ ယောနှင့်ဓါတ် အဲဒီလိုကွဲပြား၍ မြင်ရသိရပြီးလျှင်၊ ထိုပစ္စည်း တွေရဲ့ အကြောင်းပေါ်မှာ ပရမတ္ထရုပ်နာမ်လို့ဆိုသော သ ဘောအပြားငါးပါးတို့၏၊ဖြစ်-ပျက်တွေကို ပိုင်းခြား၍မြင်မှ သိ ကြမှသာလျှင် စင်ကြယ်သော ဝိပဿနာဉာဏ် အစစ်အမှန်ဖြင့် မြင်ကြ-သိကြမည်ဖြစ်ပေ၏။

အဘယ့်ကြောင့် အဘယ်သို့သော နေရာမှာအဘယ်ကဲ့သို့ မြင်ရသိရသနည်းဟုဆိုရသော် ထိုအာနာပါနသတိဟု ဆိုအပ် သော ဝင်လေ ထွက်လေကြောင့် နှာခေါင်းဝ၏ အတွင်းထဲမှ

ထိမှု လို့ဆိုတဲ့သဘောတခုထဲမှာ မလျော့မပေါ့သော ဇွဲသတ္တိထူ ထောင်ပြီး သဒ္ဓါရှိရှိနှင့်ပြုလုပ်အားထုတ်ပါသောကြောင့် ခဏိက သမာဓိကိုရရှိပြီးလျှင် သတိရယ်၊ဝီရိယရယ်၊ ဉာဏ်ရယ်၊တဖန်ထပ် မံ၍သုံးသပ်မှုကြောင့် မြင်ရသိရသည်ဖြစ်၏။

အဘယ်ကဲ့သို့သုံးသပ်၍ အဘယ်ကဲ့သို့သော ပစ္စည်းသဘော တွေကို ပိုင်းခြားကန့်သတ်၍ မြင်ရသိရသနည်းဟုဆိုသော် ထို နှာခေါင်းဝ၏အတွင်းမှာပင် ဝင်လေကလေးကြောင့် ထိမှုတခု ဖြစ်ပေါ်တယ်။

ထိုထိမှုထဲမှာရှိတဲ့ အေးသဘောကလေးသာလျှင်ကြမ်းတမ်း စွာဖြစ်ပြီး ရွေ့လျောလို့တည်ပြန်တယ်။ တည်ရာမှ ရွေ့လျောလို့ ပျက်ပြန်တယ်။

ထို့နောက် ထွက်လေကလေး ကြောင့် ထိမှုတခုဖြစ် ပေါ် တယ်။

ထိုထိမှုထဲမှာရှိတဲ့ နွေးသဘော ကလေးတခုသာလျှင် နူးနူး ညံ့ညံ့ဖြစ်ပြီး ရွေ့လျောလို့တည်ပြန်တယ်။ တည်ရာမှရွေ့လျော လို့ပျက်ပြန်တယ်။

ဤကဲ့သို့မြင်မှုသိမှုတို့သည် ထိမှုတခုထဲ၌ ခဏိကသမာဓိကို ရရှိပါသောကြောင့် ထိုခဏိကသမာဓိနှင့် သုံးသပ်နိုင်တဲ့ အစွမ်း ကောင်းကြောင့်သာလျှင်ဖြစ်ပေ၏။

# ဝင်လေကြောင့် ထိမှုတခုထဲမှာ ပိုင်းခြား၍မြင်ရသိရပုံ

အဲဒါလိုခဏိကမဂ္ဂဉာဏ်နှင့် အနုစိတ်၍ ရှုကြည့်သောအခါ ထိုနှာခေါင်းဝ၏အတွင်း ထိမှုကလေးတခုထဲမှာပင်-

ဩြဘ်-ဝင်လေလို့ပြောရတဲ့ သဘောကလေးတခုကသတ်သတ်ပါကလား။

အေးတယ်လို့ပြောရတဲ့ သဘောကလေးတခုက သတ်သတ်ပါကလား။

ကြမ်းတမ်းမှုလို့ ပြောရတဲ့သဘောကလေးတခုက သတ်သတ်ပါကလား။

ဖြစ်မှုလို့ပြောရတဲ့ သဘောကလေး တခုက သတ်သတ်ပါကလား။

ရွေ့လျောတယ်လို့ ပြောရတဲ့ သဘောကလေးတခုက သတ်သတ်ပါကလား။

တည်မှုလို့ ပြောရတဲ့ သဘောကလေးတခုက သတ်သတ်ပါကလား။

နောက် ရွေ့လျောတယ်လို့ ပြောရတဲ့ သဘောလေးတခုက သတ်သတ်ပါကလား။

ပျက်မှုလို့ ပြောရတဲ့ သဘောလေးတခုက သတ်သတ်ပါကလားလို့ ဝင်လေကြောင့် ထိမှုကလေးတခုထဲမှာ တဒင်္ဂအတွင်း

အပြောနှင့်သဘောကို ကွဲလွဲ၍ သဘောတခုစီတခုစီကိုဖြင့် ပိုင်းခြားကန့်သတ်ပြီး မြင်ရသိရမည်ဖြစ်ပေ၏။

## ထွက်လေကြောင့်ထိမှုတခုထဲမှာ ပိုင်းခြား၍မြင်ရသိရပုံ

ထို့နောက်ထိမှုတခုပေါ်လာပြန်၏။ ထိုထိမှု တခုထဲမှာပင် ဩဝိ-ထွက်လေလို့ပြောရတဲ့သဘောကလေးတခုက သတ်သတ်ပါကလား။

နွေးတယ်လို့ပြောရတဲ့ သဘောလေးတခုက သတ်သတ်ပါကလား။

နူးညံ့မှုလို့ပြောရတဲ့ သဘောလေးတခုက သတ်သတ်ပါကလား။

ဖြစ်မှုလို့ပြောရတဲ့ သဘောလေးတခုက သတ်သတ်ပါကလား။

ရွေ့လျောတယ်လို့ပြောရတဲ့ သဘောလေးတခုက သတ်သတ်ပါကလား။

တည်မှုလို့ ပြောရတဲ့ သဘောလေးတခုကသတ်သတ်ပါကလား။

နောက်ရွေ့လျောတယ်လို့ ပြောရတဲ့ သဘောလေးတခုက သတ်သတ်ပါကလား။

ပျက်မှုလို့ပြောရတဲ့ သဘောကလေးတခုက သတ်သတ်ပါကလားလို့ ထွက်လေကြောင့် ထိမှုကလေးတခုထဲမှာ တဒင်္ဂအ

တွ ။ အပြောနှင့်သဘောကိုကွဲလွဲ၍ သဘောတခုစီ တခုစီကို ဖြင့် ပိုင်းခြားကန့်သတ်ပြီး မြင်ကြသိကြမှသာလျှင် ခဏိကမရဏ နုပဿန ဉာဏ်အမြင် ပညာအသိဖြစ်၏။

အဲဒါလိုပိုင်းခြားကန့်သတ်၍ မမြင်မသိပါဘဲလျက် ထိပျက် သိပျက် နှစ်ခုကိုသာမြင်သော အမြင်အသိတို့သည် သမထအမြင် အသိသာဖြစ်၏။ ဝိပဿနာဉာဏ်အမြင်မဟုတ်သေး။

## ဝင်လေကြောင့်ထိမှုတခုထဲမှာ ဓါတ်ကြီးလေးပါးကို ကွဲပြားစွာမြင်ရပုံ

ထိုနောက်တဖန်ထပ်မံ၍ ထပ်ခါထပ်ခါ သုံးသပ်ပြန်သော် ဝင်လေကလေးကြောင့် ထိမှုလို့ပြောရတဲ့တခုထဲမှာပင်-

ခြေဉ်-ထိမှုရှေ့မှ တွန်းမှုလို့ ပြောရတဲ့ သဘောကလေးက သတ်သတ်တခုပါကလား။

ထိုတွန်းမှုလို့ ပြောရတဲ့ သဘောကလေးကပင် အပြင်ဘက် မှာရှိသော အေးတယ်လို့ပြောရတဲ့ သဘောကလေးကို ထိမှုထဲ သို့ဆောင်ယူတယ်လို့ ပြောရတဲ့သဘောကလေးကသတ်သတ်တ ခုပါကလား။

အေးတယ်လို့ပြောရတဲ့ သဘောကလေးက သတ်သတ်တခု ပါကလား။

ထိုအေးသဘောကလေးကြောင့် ပတ်ဖွဲ့မှုလို့ ပြောရတဲ့ သ ဘောကလေးကသတ်သတ်တခုပါကလား။

ထိုပတ်ဖွဲ့မှုသဘောကြောင့် ခက်မာမှုလို့ပြောရတဲ့ သဘောကလေးကသတ်သတ်တခုပါကလား။

အော်-ဒီလိုပိုင်းခြားပြီး မြင်စရာ သိစရာရှိတဲ့ သဘောတွေကိုပင် မြတ်စွာဘုရားကြီးကဒါကြောင့်-

တွန်းသဘောကလေးကိုတော့ ဝါယောလို့ခေါ်တယ်၊တွန်းအောင်ဆောင်ပို့တတ်တဲ့ သဘောကလေးကိုတော့ ဓါတ်လို့ခေါ်တယ်။

အေးသဘောကလေးကိုတော့ သီတတေဇောလို့ခေါ်တယ် အေးအောင်ဆောင်ပို့တဲ့ သဘောကလေးကိုတော့ ဓါတ်လို့ခေါ်တယ်။

ပတ်ဖွဲ့တဲ့ သဘော ကလေးကိုတော့ ပတ်ဖွဲ့အာပေါလို့ခေါ်တယ်၊ပတ်ဖွဲ့အောင်ဆောင်ပို့တဲ့ သဘောကလေးကိုတော့ ဓါတ်လို့ခေါ်တယ်။

ခက်မာမှုသဘော ကလေးကိုတော့ ခက်မာပထဝီလို့ခေါ်တယ်၊ ခက်မာအောင်ဆောင်ပို့တဲ့ သဘော ကလေးကိုတော့ ဓါတ်လို့ခေါ်တယ်။

အဲဒီလို နှာခေါင်းဝ၏ အတွင်း ဝင်လေကလေးကြောင့် ထိ-မှုတခုထဲမှာ....

အော် ခက်မာပထဝီက သတ်သတ်ပါကလား၊ ထိုပထဝီနှင့် ယှဉ်နေတဲ့ ဓါတ်ကသတ်သတ်ပါကလား။

ခါတ်ကအကြောင်းပစ္စည်း ခက်မာပထဝီက အကျိုးပစ္စည်း ထိုအကြောင်းနှင့်အကျိုးကိုဖြင့် ပထဝီဓါတ်လို့ တွဲစပ်ပြီးခေါ် ဝေါ်သမုတ်နေကြဒါပါကလား။

ပတ်ဖွဲ့အာပေါကသတ်သတ်ပါကလား၊ထိုအာပေါနှင့်ယှဉ်နေတဲ့ဓါတ်ကသတ်သတ်ပါကလား။

ဓါတ်အကြောင်းပစ္စည်း၊ပတ်ဖွဲ့အာပေါကအကျိုးပစ္စည်း ထိုအကြောင်းနှင့်အကျိုးကိုဖြင့် အာပေါဓါတ်လို့ တွဲစပ်ပြီးခေါ် ဝေါ်သမုတ်နေကြဒါပါကလား။

သီတတေဇောကသတ်သတ်ပါကလား၊ထိုတေဇောနှင့်ယှဉ်နေ တဲ့ဓါတ်ကသတ်သတ်ပါကလား။

ဓါတ်ကအကြောင်းပစ္စည်း တေဇောက အကျိုးပစ္စည်း ထိုအကြောင်းနှင့် အကျိုးကိုဖြင့် တေဇောဓါတ်လို့ တွဲစပ်ပြီး ခေါ်ဝေါ်ကြဒါပါကလား။

တွန်းသဘောဝါယောက သတ်သတ်ပါကလား။ ထိုဝါ ယောနှင့်ယှဉ်နေတဲ့ဓါတ်ကသတ်သတ်ပါကလား။

ဓါတ်ကအကြောင်းပစ္စည်း ဝါယောကအကျိုးပစ္စည်း၊ ထိုအကြောင်းနှင့်အကျိုးကိုဖြင့်–အော်–ဝါယောဓါတ်လို့တွဲစပ်ပြီး ခေါ်ဝေါ်သမုတ်နေကြပါကလားလို့၊မြင်ရသိရမည်ဖြစ်ပေ၏။

## ထွက်လေကြောင့်ထိမှုတခုထဲမှာ ဓါတ်ကြီးလေးပါးကို ကွဲပြားစွာမြင်ရပုံ

ထိုနောက်မှတဖန် ထပ်ခါထပ်ခါသုံးသတ်၍ ကြည့်ပြန်သော် ထွက်လေကလေးကြောင့် ထိမှုလို့ ပြောရတဲ့ တခုထဲမှာပင် အော်ထိမှုရဲ့ အတွင်းမှကန်မှုလို့ပြောရတဲ့ သဘောကလေးက သတ်သတ်တခုပါကလား။

ထိုကန်မှုလို့ပြောရတဲ့ သဘောကလေးကပင် အတွင်းထဲမှာ နွေးတယ်လို့ပြောရတဲ့ သဘောကလေးကို ထိ-မှုထဲသို့ ဆောင်ယူတယ်လို့ပြောရတဲ့ သဘောကလေးက သတ်သတ်တခုပါကလား။

နွေးတယ်လို့ပြောရတဲ့ သဘောကလေးက သတ်သတ် တခုပါကလား။

ထိုနွေးသဘော ကလေးကြောင့် ယိုစီးမှုလို့ ပြောရတဲ့ သဘောကလေးကသတ်သတ်တခုပါကလား။

ထိုယိုစီးမှု သဘောကြောင့် နူးညံ့မှုလို့ ပြောရတဲ့ သဘောကလေးက သတ်သတ်တခုပါကလား။

အော်-ဒီလိုပိုင်းခြားပြီး မြင်စရာ သိစရာရှိတဲ့ သဘောတွေကိုပင် မြတ်စွာဘုရားကြီးက-ဒါကြောင့်....

ကန် သဘောကလေးကိုတော့ ကန်သဘော ဝါယောလို့ ခေါ်တယ်၊ ကန်အောင်ဆောင်ပို့တတ်တဲ့ သဘောကလေးကို တော့ဓါတ်လို့ခေါ်တယ်။

နှေးသဘော ကလေးကိုတော့ ဥဏှတေဇောလို့ခေါ်တယ်။ နှေးအောင်ဆောင်ပို့တတ်တဲ့ သဘောကလေးကိုတော့ ဓါတ် လို့ခေါ်တယ်။

ယိုစီးတဲ့ သဘောကလေးကိုတော့ ယိုစီးအာပေါလို့ခေါ် တယ်၊ ယိုစီးအောင်ဆောင်ပို့တတ်တဲ့ သဘောကလေးကိုတော့ ဓါတ်လို့ခေါ်တယ်။

နူးညံ့မှု သဘောကလေးကိုတော့ နူးညံ့ပထဝီလို့ ခေါ်တယ်၊ နူးညံ့အောင် ဆောင်ပို့တတ်တဲ့ သဘောကလေးကိုတော့ ဓါတ် လို့ခေါ်တယ်။

အဲဒါလို နှာခေါင်းဝ၏ အတွင်း ထွက်လေကလေးကြောင့် ထိမှု-တခုထဲမှာဖြင့်....

အော် နူးညံ့ ပထဝီက သတ်သတ်ပါကလား၊ ထိုပထဝီနှင့် ယှဉ်နေတဲ့ ဓါတ်ကသတ်သတ်ပါကလား။

ဓါတ်က အကြောင်းပစ္စည်း နူးညံ့ပထဝီက အကျိုးပစ္စည်း ထိုအကြောင်းနှင့်အကျိုးကိုဖြင့် ပထဝီဓါတ်လို့ တွဲစပ်ပြီးခေါ် ဝေါ်သမုတ်နေကြဒါပါကလား။

ယိုစီးအာပေါက သတ်သတ်ပါကလား၊ ထိုအာပေါနှင့်ယှဉ်နေတဲ့ ဓါတ်ကသတ်သတ်ပါကလား။

ဓါတ်က အကြောင်း ပစ္စည်း ယိုစီးအာပေါက အကျိုးပစ္စည်း ထိုအကြောင်းနှင့်အကျိုးကိုဖြင့် အာပေါဓါတ်လို့တွဲစပ်ပြီး ခေါ်ဝေါ်သမုတ်နေကြဒါပါကလား။

ဉဏှတေဇောက သတ်သတ်ပါကလား၊ ထိုတေဇောနှင့်ယှဉ်နေတဲ့ ဓါတ်ကသတ်သတ်ပါကလား။

ဓါတ်ကအကြောင်းပစ္စည်း တေဇောကအကျိုးပစ္စည်း၊ ထိုအကြောင်းနှင့်အကျိုးကိုဖြင့်၊ တေဇောဓါတ်လို့ တွဲစပ်ပြီးခေါ်ဝေါ်သမုတ်နေကြဒါပါကလား။

ကန်သဘောဝါယောကသတ်သတ်ပါကလား။ ထိုဝါယောနှင့်ယှဉ်နေတဲ့ ဓါတ်ကသတ်သတ်ပါကလား။

ဓါတ်က အကြောင်းပစ္စည်း၊ ဝါယောကအကျိုးပစ္စည်း ထိုအကြောင်းနှင့်အကျိုးကိုဖြင့် အော်–ဝါယောဓါတ်လို့ တွဲစပ်ပြီး ခေါ်ဝေါ်သမုတ်နေကြပါကလားလို့ အဲဒါလိုဉာဏ်နှင့်မြင်၍ ပညာဖြင့်ပိုင်းခြားကန့်သတ်ပြီး မြင်ရသိရပါသောကြောင့် နှာခေါင်းဝ၏ အတွင်းထဲမှာ အာနာပါနသတိပဋ္ဌာန်နှင့်တကွ နုပဿနာဉာဏ်ဖြင့် အနုစိတ်၍ ဝင်လေ–ကလေးကြောင့် ထိ–မှုတခုထဲမှာ....

ခက်မာပထဝီက သတ်သတ် ခက်မာအောင်ဆောင်ပို့တတ်သော ဓါတ်ကသတ်သတ်....

ပတ်ဖွဲ့အာပေါက သတ်သတ် ပတ်ဖွဲ့အောင်ဆောင်ပို့တတ်သောဓါတ်သဘောကသတ်သတ်။

အေးသဘောတေဇောကသတ်သတ် အေးအောင် ဆောင်ပို့တတ်သောဓါတ်ကသတ်သတ်။

တွန်းသဘောဝါယောကသတ်သတ် တွန်းအောင် ဆောင်ပို့တတ်သောဓါတ်ကသတ်သတ်ပါတကား။

ထို့နောက် ထွက်လေကလေးကြောင့် ထိမှုတခုဖြစ်ပေါ်၍လာပြန်၏။ ထိုထိမှုတခုထဲမှာပင်–

နူးညံ့ပထဝီကသတ်သတ်၊ နူးညံ့အောင်ဆောင်ပို့တတ်သောဓါတ်ကသတ်သတ်။

ယိုစီးအာပေါကသတ်သတ်၊ ယိုစီးအောင် ဆောင်ပို့တတ်သော ဓါတ်ကသတ်သတ်။

နွေးသဘောတေဇောကသတ်သတ်၊ နွေးအောင်ဆောင်ပို့တတ်သောဓါတ်ကသတ်သတ်။

ကန်သဘောဝါယောကသတ်သတ်၊ ကန်အောင် ဆောင်ပို့တတ်သောဓါတ်ကသတ်သတ်ပါတကား-လို့ အဲ့ဒါလို ဝင်လေ

ကလေးကြောင့် ထိမှုနှင့်တကွ ထွက်လေကလေးကြောင့် ထိမှု တခု၏အထဲမှာ-

လက်နှင့်ပင်ကိုင်ပြလို့မရ စမ်းကြည့်စရာလဲမရှိ ပကတိမျက်စိနှင့်လည်းမမြင်ရ ပုံပန်းသဏ္ဌာန်အရိပ်နိမိတ်တွေ သုဥ်းဆိတ်ပြီး သကာလ မသိကြပါသောကြောင့် ခွဲခွါလို့မရဘူးဟုထင်ရဟန် ရှိနေကြတဲ့ ထိုထိမှုတခုစီ၏အတွင်းထဲမှ ဗုဒ္ဓအလိုတော်ကျ ဓါတ်ကြီးလေးပါးတို့ကိုဖြင့် တခုစီတခုစီ ပိုင်းခြားကန့်သတ်ပြီး ဉာဏ်နှင့်ပင်မြင်အောင်သုံးသပ်ကြည့်လို့ ပညာဖြင့်ကွဲပြားစွာ သိရပါတော့တကား။

အဲဒါလို မြင်ချင်-သိချင်ပါက ထိပျက် သိပျက် လောက်ကို မြင်နိုင်သိနိုင်တဲ့ သတိပဋ္ဌာန်ပေါ်မှာတင်ပြီး မနေကြပါဘဲလျက် ထိုထိပျက်သိပျက်လောက်ကို မြင်နိုင် သိနိုင်တဲ့ သတိပဋ္ဌာန်ကို အကြောင်းပြု၍ ထိုထိပျက်တို့၏အထဲမှာရှိသော-

ပရမတ္ထသစ္စာနယ်ထဲက ဓါတ်ကြီးလေးပါးနှင့်တကွ ရုပ်နာမ် ဟုဆိုထားသောသဘောအပြားငါးပါးတို့၏ပစ္စည်းသဘောတွေကို မြင်ခြင်သိခြင်ပါက တဖန်တလဲလဲ တခုစီတခုစီ ပိုင်းခြားပြီး မြင်နိုင်သိနိုင်တဲ့ အနုစိတ်နိုင်သော နုပဿနာဉာဏ် အစစ်အမှန်ဖြစ်အောင် ဤနည်းတူစွာ ပြုလုပ်အားထုတ်ပွားများကုန်ရာ၏။

ဒါကြောင့် ထိပျက်လောက်ကိုသာသိသော အသိတို့သည် ဓမ္မတာ အသိလောက်သာဖြစ်၏။ ထိုထိပျက်တို့၏ အတွင်းထဲမှာ ဗုဒ္ဓ၏အလိုတော်ကျ ယခုရေးပြထားသော သဘာဝတရားတို့ကို ပိုင်းခြားကန့်သတ်ပြီး မြင်ကြသိကြ မှသာလျှင် သာသနာတော် တွင်း အသိအစစ်အမှန်ဖြစ်၏ဟု မှတ်ရာ၏။

ဆိုလိုရင်းကား ထိုဓမ္မာသိဟုဆိုအပ်သော ထိပျက် သိပျက် လောက်ကို သိသောအသိတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သောအသိတို့သာ ဖြစ်သည်ဟုမှတ်ရာ၏။

သာသနာတော်တွင်း၏အသိဟုဆိုထားသော ထိုထိ ပျက် သိ ပျက်တို့၏ အတွင်းထဲမှာ အမှန်ရှိသော ပရမတ္ထသစ္စာနယ်က ဓါတ်ကြီးလေးပါးနှင့်တကွ ရုပ်နာမ်လို့ ဆိုထားသော ပစ္စည်း သဘောတွေကိုပိုင်းခြားပြီး မြင်ကြ သိကြမှသာလျှင် နုပဿနာ ဉာဏ်နှင့်ယှဉ်သော အမြင်အသိဟုမှတ်ရာ၏။

အဲဒါလို ထိ-မှုတို့၏ အထဲမှာ ဓါတ်ကြီးလေးပါးကို ကွဲပြားစွာမြင်ရသိရသော်လဲ ထိုဓါတ်ကြီးလေးပါးတို့၏၊ အထဲမှာ ပင် ရုပ်နာမ်လို့ ဆိုထားသော ပစ္စည်းသဘောတွေကို တဖန် ထပ်မံ၍ မြင်ရသိရဦးမည် ဖြစ်၏။

## ဖေါဋ္ဌဗ္ဗနှင့်ရုပ်ခွဲပုံ

သို့သော်လဲ ထိသဘောတခုလောက်ကို မြင်မှုသိမှုတို့သည် ရုပ်ကိုမြင်သော အမြင်အသိဟု မယူအပ်ရာ အဘယ့်ကြောင့်

ဆိုရသော် ထို ထိ-မှုလို့ဆိုထားသော သဘောတခုကိုတော့ မြတ်စွာဘုရားကြီးက ဖေါဋ္ဌဗ္ဗဟုဟောတော်မူထားပါတယ်။

ဒါကြောင့် ထိုဖေါဋ္ဌဗ္ဗဟုဆိုတဲ့ ပါဠိအရ ထို-ထိသဘောတွေရဲ့ အထဲမှာ အဘယ်မည်သော ပစ္စည်းသဘောတွေကို အဘယ်မည်သော ပစ္စည်းသဘော တွေကြောင့် ဖေါက် ပြန်ပြီးဖြစ်တည်ပျက်-ကြသည်ဟုဆိုထားမှုကို ဉာဏ်နှင့်ပင်မြင်၍ ပညာဖြင့်သိကြမှသာလျှင် ရုပ်ကိုမြင်သော အမြင် သိသော အသိဟုမှတ်ယူရာ၏။

အဘယ်ကြောင့်နည်း ဖေါဋ္ဌဗ္ဗရုပ် ဟုစာထဲမှာ တွဲစပ်ပြီးရေးသားထားသော်လဲ ထိ-သဘောကိုသာလျှင် ဖေါဋ္ဌဗ္ဗဟုဆိုထား၏။

ဖေါက်မှုကိုတော့ရုပ်လို့ဆိုထား ခြင်းကြောင့် ထိ-သဘောသည် ဖေါက်ပြန်သဘောမဟုတ်။

ဖေါက်ပြန်မှု သဘောသည်လည်း၊ ထိ- သဘောမဟုတ်ပါ ဒါကြောင့် ဖေါဋ္ဌဗ္ဗသည်၊ ရုပ်မဟုတ် ရုပ်သည်လည်း ဖေါဋ္ဌဗ္ဗမဟုတ်ဟုကွဲပြား စွာ မြင်ရသိရမည် ဖြစ်၏။

သို့သော် ထိ-မှုလို့ဆိုထားသော ဖေါဋ္ဌဗ္ဗသည်အကြောင်းပစ္စည်း ဖေါက်ပြန်မှုဟုဆိုထားသော ရုပ်သည် အကျိုးပစ္စည်း၊

**ဒါကြောင့်အကြောင်းပစ္စည်းသည်အကျိုးပစ္စည်းမဟုတ်အကျိုးပစ္စည်း သည်လည်းအကြောင်းပစ္စည်း မဟုတ်ဟူ၍ သိအပ်၏။**

ဒါပေမဲ့ ထိ=`မှုလို့ဆိုထားသော ဖေါဋ္ဌဗ္ဗ အကြောင်းကြောင့်သာလျှင် ဖေါက်ပြန်မှုဟုဆိုထားသော ရုပ် အကျိုးဖြစ်သည်ဟုပိုင်းခြားစွာမြင်အပ်—သိအပ်၏ ဟု မှတ်ယူရာ၏။

## ရေခွက်ဥပမာ

ဥပမာပြုရမည် ဆိုသော် ခွက်တခုထဲမှာ ရေတွေထည့်ထားခြင်းကြောင့် ထိုပစ္စည်းကို ရေခွက် ဟူ၍ ရောပြွန်း ပြီး ပြောဆိုကြ၏။

ဒါပေမဲ့ ကွဲပြားအောင်ခွဲခြား၍ ပကတိမျက်စိနှင့်ကြည့်ကြသောအခါခွက်က သတ္တုသတ် ရေကသတ်သတ် ကွဲပြားပြီး ခွက်သည် ရေမဟုတ် ရေသည်လည်း ခွက်မဟုတ်ဟုဆိုတာလိုသို့သော် ခွက်သည်အကြောင်းပစ္စည်း။ ရေသည်အကျိုးပစ္စည်းဖြစ်သည်ဟုမြင်ရဒါလို— ထိုဥပမာကိုပင် ကွဲပြားခြားနားစွာ သဘောပေါက်ထားခြင်းဖြင့်၊ ထိုဖေါဋ္ဌဗ္ဗနှင့်ရုပ်ကိုလည်း ခြားနားမှုမြင်ရသိရမည်ဖြစ်၏။

## ဓါတ်ကြီးလေးပါးထဲမှရုပ်ပစ္စည်းတွေကို ပိုင်းခြားစွာမြင်ရသိရပုံ

ဤကဲ့သို့ ရှင်းလင်းပြီးရေးသားပြသခဲ့သော ထိမှုဘို့၏အထဲမှာ ဓါတ်ကြီးလေးပါးကို ကွဲပြားစွာမြင်ရသိရသော်လဲ ထို

ဓါတ်ကြီးလေးပါးထဲမှာပင် ရုပ်ကိုအဘယ်ကဲ့သို့ မြင်ရသိရမည်နည်းဟုဆိုရသော် အပြင်ဘက်မှ ဝင်လေကလေးကြောင့် ထိမှုကလေးတခုထဲမှာရှိသော ပြဆိုခဲ့ပြီးတဲ့ ခက်မာမှု သဘောကလေးနှင့် အတွင်းထဲမှ ထွက်လေကလေးကြောင့် ထိမှုကလေးတခုထဲမှာရှိတဲ့ နူးညံ့မှု သဘောကလေးနှစ်ခုအကြောင်း တိုက်ခတ်လိုက်သောအခါ ထိုအကြားမှဖြစ်ပေါ်၍လာသော ပဋိပက္ခသဘောသက်သက်ကလေးကိုသာလျှင် ဖေါက်ပြန်သည်ဟု ဆိုရခြင်းကြောင့် ထိုဖေါက်ပြန်မှုသဘောသာလျှင် ဖြစ်ရာမှ ရွေ့လျောပြီးသကာလ ပြောပရုံခဏကလေး တည်ပြန်တယ်။

တည်ရာမှတဖန် ရွေ့လျောပြီးသကာလ ပျက်သွားသည်ကို ဉာဏ်နှင့်မြင်အောင်သုံးသပ်ကြည့်လို့ ဘာတခုမျှ အတည်တကျမရှိတော့ဘူးလို့ ပညာဖြင့် သိရပါသောကြောင့် ထိုဉာဏ်အမြင်ပညာအသိကပင် သြော်- ဖေါက်ပြန်မှုလို့ဆိုထားသော ရုပ်သည်သာလျှင် ရွေ့လျောသော လက္ခဏာအရ ဖြစ်- တည်- ပျက် ခဏငယ်သုံးချက်ကြောင့် ထိုရုပ်သာလျှင် အတည်တကျမရှိဒါကို မြင်ရသိရပြီး ဖေါက်ပြန်မှုကိုတော့ ရုပ်ဟုဆိုရ၏။ အတည်တကျ မရှိမှုကိုတော့ ချုပ်ပျောက်သည်ဟုဆို ရခြင်းကြောင့် ရုပ်ချုပ်သည်ကို အတတ်မြင်အတတ်သိသည်ဟူ၍ မှတ်ယူကြရာ၏။

ဒါကြောင့် ဤကဲ့သို့လို ရှုကြည့်နေဆဲအခါမှာပင် ပရိစ္ဆေဒဟူသောပါဠိအရ တကယ်ရှိတဲ့ပစ္စည်းတွေကို ပိုင်းခြားစွာ မြင်

ရသောဉာဏ်တွေကလဲ တခုစီ တခုစီပါကလား။

ထိုးဖေါက်ပြီး သိရတဲ့ပညာတွေကလဲ တခုစီ တခုစီပါကလား- ဘယ်လိုပစ္စည်းသဘောကို ဘယ်လိုမြင်လို့ ဘယ်လို သိရသလဲလို့ဆိုလျှင်-

ဩြဘ်- နှာခေါင်းလို့ဆိုတဲ့ပစ္စည်းကို မြင်ရသိရဒါက သတ်သတ်၊ ဝင်လေလို့ပြောရတဲ့ ပစ္စည်းသဘောကို မြင်ရ သိရဒါက သတ်သတ်။

ထိမှုလို့ပြောရတဲ့ပစ္စည်းသဘောကို မြင်ရ သိရဒါက သတ်သတ်၊ ထိုထိမှု၏အတွင်းထဲမှ ခက်မာမှုလို့ပြောရတဲ့ ပစ္စည်းသဘောကို မြင်ရသိရဒါကသတ်သတ်။

ထွက်လေလို့ပြောရတဲ့ ပစ္စည်းသဘောကို မြင်ရ သိရဒါက သတ်သတ်။ ထွက်လေကြောင့် ထိမှုလို့ပြောရတဲ့ ပစ္စည်းသဘောကို မြင်ရသိရဒါကသတ်သတ်။

ထိုထိမှုအထဲမှ နူးညံ့တယ်လို့ပြောရတဲ့ ပစ္စည်းသဘောကို မြင်ရသိရဒါက သတ်သတ်။ခက်မာမှု၏အစဖြစ်သော သဘောပစ္စည်းကို မြင်ရ သိရဒါကသတ်သတ်။

ခက်မာမှု၏ ရွေ့လျောတဲ့ လက္ခဏာပစ္စည်း သဘောကို မြင်ရ သိရဒါကသတ်သတ်။ခက်မာမှု ပေါ်ဆဲခဏတည်သဘောပစ္စည်းကို မြင်ရ သိရဒါက သတ် သတ်။ ခက်မာမှု၏ တည်ရာမှ ရွေ့

လျှောတဲ့ လက္ခဏာရှဲပစ္စည်းသဘောကို မြင်ရသိရဒါကသတ်သတ်။ ခက်မာမှု၏အဆုံးသတ်သွားတဲ့ ပျက်သဘောပစ္စည်းကို မြင်ရသိရဒါကသတ်သတ်။

ဖေါက်ပြန်သည်ဟု ဆိုရတဲ့သဘောပစ္စည်းတွေကို မြင်ရသိရဒါက သတ်သတ်။ ချုပ် ပျောက် ဒါက သတ်သတ် ပါကလားလို့အဲ့ဒါလို ဝင်လေကလေးကြောင့်ထိမှုထဲက ခက်မာပထဝီနှင့် ထွက်လေကလေးကြောင့် ထိမှုထဲက နူးညံ့ပထဝီ ထိုပထဝီနှစ်ခုတို့သည် ခက်မာပထဝီကိုနူးညံ့ပထဝီကြောင့် တနည်းအားဖြင့် နူးညံ့ပထဝီကို ခက်မာပထဝီကြောင့် ထိုပထဝီတို့၏အပြန်ပြန်အလှန်လှန် ပဋိပက္ခ ဆန့်ကျင်ဘက် ဖြစ်နေကြသည်ကို အဖန်ဖန်အခါခါ အနုစိတ်၍သုံးသပ်ခဲ့သည်ရှိသော်-

ထိုပဋိပက္ခ၏အထဲမှာ ဖြစ်မှု တည်မှု ပျက်မှုကို မြင်ရသိရရုံမျှမက ထိုခဏငယ်တို့၏အကြားမှ ရွေ့လျှောပြောင်းလဲ၍နေကြကုန်သော လက္ခဏာသဘောတို့ကို ဤကဲ့သို့ ပိုင်းခြားစွာရှိသော ပစ္စည်းသဘောတွေကို ခြားနားပြီး တခုစီတခုစီဉာဏ်နှင့်မြင်၍ ကွဲပြားပြီး တခုစီတခုစီ ပညာဖြင့်သိရပြီးလျှင် ရုပ်လို့ဆိုထားသော အဓိပ္ပါယ်သဘောထိအောင် ဉာဏ်အမြင်လင်း၍ပညာအသိထဲမှာ ရှင်းရှင်းကြီး သိရပါသောကြောင့်-

ထွက်လေနှင့်နှာခေါင်း၊ ဝင်လေနှင့်နှာခေါင်းအကြောင်းကြောင့် ထိမှုတို့၏အကျိုးဖြစ်ပေါ်လာရခြင်း။

ထိုထိမှုတို့၏အကြောင်းကြောင့် ခက်မာပထဝီ နူးညံ့ပထဝီအကျိုးဖြစ်ပေါ်၍လာရခြင်း။

ထိုပထဝီတို့၏အကြောင်းပစ္စည်းထဲမှာပင် ဖေါက်ပြန်သည်ဟုသမုတ်ရေးထိအောင် အကျိုးပစ္စည်းတွေကို ပိုင်းခြားစွာ ကွဲပြားခြားနားပြီး ဉာဏ်နှင့်မြင်၍ ပညာဖြင့် သိရခြင်းကိုပင်လျှင် ပထဝီဓါတ်တခုထဲမှ ရုပ်ပရိစ္ဆေဒကို မြင်သည် သိသည်ဟု မှတ်ယူရာ၏။

ဒါကြောင့် ယခုလိုဟောပြောပြသ ရေးသားထားသောပစ္စည်းလို့ဆိုထားသော သဘောတရားတို့သည် အာဟာရဆိုတဲ့ စားစရာသောက်စရာထဲမှ ဖြစ်ပေါ်၍လာသော ချွေးတွေ သွေးတွေကို ယိုစီးအာပေါဟု ဆေးဆရာတို့၏ ပကတိမျက်စိနှင့် မြင်သိ၍ ယူထားသော အာပေါဓါတ် ပထဝီဓါတ် တေဇောဓါတ် ဝါယောဓါတ်တို့ကို ရေးသားထားခြင်းမဟုတ်ပေ။ ထိုအယူတို့သည် ဆေးကျမ်းစာထဲ၌ ပါရှိသည့်အတိုင်း ဆေးကုဆရာများသာလျှင် ယူထိုက်သော အယူဖြစ်၏။

ဝိပဿနာ ဉာဏ်အရာဖြင့် ထိုအယူမျိုးကိုမယူထိုက်- ဝိပဿနာဉာဏ်အရာဖြင့် ယူထိုက်သောအယူမျိုးသည်ကားကိုင်ပြလို့လဲမရ- ပုံပန်းသဏ္ဍာန်လဲမရှိ- အရောင်အဆင်းများတောင် သုဉ်းဆိတ်ပြီးသကာလ ပကတိမျက်စိနှင့် မမြင်ရတော့ဘဲ ဝင်လေထွက်လေကြောင့်ဖြစ်ပေါ်၍လာသော ပစ္စုပ္ပန်ကျကျ သဘာဝဓမ္မပရမတ္တသစ္စာနယ်ထဲက ထိသဘောသက်သက်တို့၏အထဲမှာ ဓါတ်ကြီးလေးပါးတို့ကို ကွဲပြားစွာမြင်ရသိရခြင်း။

ထိုဓါတ်ကြီးလေးပါးတို့၏အထဲမှာပင် ရုပ်ပရိစ္ဆေဒကိုတဖန်ပိုင်းခြားစွာ မြင်ရသိရပါသောကြောင့် ရုပ်ဟုဆိုထားသော

ဗုဒ္ဓ၏ဝစနတ္တအရ ဖေါက်ပြန်တယ်လို့ သုံးနှုန်းထားတဲ့ မြန်မာတို့၏စကားအဓိပ္ပါယ်သဘောကို နူးညံ့သော ထိမှုတခုထဲမှ သိမ်မွေ့တဲ့ဓါတ်ကြီးလေးပါးတို့၏အထဲမှာ အလွန့်အလွန် နက်နဲလှပါပေသောကြောင့် ထိုရုပ်ကို မြင်နိုင်သိနိုင်ဘို့ရာ အလွန့်အလွန်ခက်ခဲလှပါပေတော့တကား။

ဒါ့ကြောင့် ယခုရေးသားထားသော ရုပ်တရားနှင့်ဓါတ်ကြီးလေးပါးအနက် ပထဝီဓါတ် တေဇောဓါတ် ဝါယောဓါတ်တို့ကိုသာလျှင် မြင်လွယ်သိလွယ်၏၊ အာပေါဓါတ်၏ လက္ခဏာသဘောကိုကား၊ မြင်နိုင်သိနိုင်ဘို့ရာ သည်ပင် အလွန့်အလွန်နူးညံ့သိမ်မွေ့သဖြင့် အမြင်ခက်အသိခက်လှပါပေ၏။

ဤကဲ့သို့ ဝင်လေ ထွက်လေကြောင့် ထိ-မှုတို့၏ အထဲမှာ ပထဝီဓါတ်ကို မြင်ရသိရပြီးလျှင် ထိုပထဝီဓါတ်တပါးထဲမှာပင် ရုပ်ပရိစ္ဆေဒကို မြင်ရသိရဒါလို့ ကြွင်းကျန်သော အာပေါဓါတ် တေဇောဓါတ် ဝါယောဓါတ်တို့၏၊ အကြောင်းပစ္စည်းတွေထဲမှာလည်း ရုပ်ပရိစ္ဆေဒ၏အကျိုးပစ္စည်းတွေကို ထိုနည်းတူစွာကွဲပြားခြားနား၍ မြင်အောင်သိအောင် ဇွဲသတ္တိရှိရှိနှင့်သုံးသပ်ပွါးများ ကြိုးကုတ်အားထုတ်ရမည်ဖြစ်၏။

## ရုပ်ပစ္စည်းကိုမှီ၍နာမ်ပစ္စည်းလေးပါးကို မြင်ပုံသိပုံ

အဲဒါလို ဝင်လေ ထွက်လေ၏ပစ္စည်း အကြောင်းသဘောကြောင့် ထိ-မှုလို့ဆိုရတဲ့ ပစ္စည်းအကျိုး သဘော ဖြစ်ပေါ်ရ

ခြင်း။ ထိ-မှုလို့ဆိုတဲ့ အကြောင်းသဘော တခုထဲမှ ဓါတ်ကြီး လေးပါးတို့၏ ပစ္စည်းအကျိုး သဘော ဖြစ်ပေါ်လာရခြင်း၊ ဓါတ်ကြီးလေးပါးတို့၏ ပစ္စည်း အကြောင်းသဘောတွေ ထဲမှ ရုပ်ပစ္စည်းအကျိုးသဘောတွေ ဖြစ်ပေါ်၍လာရခြင်း။ ထိုရုပ် ပစ္စည်းအကြောင်း သဘောတွေကြောင့် နာမ်ပစ္စည်း အကျိုးသ ဘောဖြစ်ပေါ်ခိုက် ဖြစ်ပေါ်ဆဲမှာ အဘယ်ကဲ့သို့ မြင်ရသိရ သနည်းဟုဆိုသော်....

ထိုန္ဓာခေါင်း၀၏ အတွင်းဖေါက်ပြန်မှုနှင့် ယှဉ်နေသော ဓါတ်ကြီးလေးပါးတို့၏ အကြောင်းပစ္စည်းတွေရဲ့ အပေါ်မှာ တအာရုံပြီး တအာရုံ-ထိုပစ္စည်းတွေနှင့် ယှဉ်တွေ့ရလေအောင် ကိုယ်၏ အတွင်းနှလုံးအကြည်ထဲမှ ဘာပစ္စည်းတွေပါလိမ့်မလဲ ဟုမသိရလို့ သိခြင်းမှုသဘော ကလေးက အတွင်းမှာ ရှိသော အာရုံလို့ဆိုတဲ့ ဟိတ်သဘောကလေးကို ထိုပစ္စည်းတွေနှင့်ယှဉ် ပြီးမတွေ့-တွေ့အောင် ပြုလုပ်တယ်လို့ဆိုရသော နှလုံးအကြည် ထဲမှက ဖြစ်ပေါ်ခိုက် အကျိုးသဘော ကလေးကိုပင် အောင် သခ်ါရလို့ခေါ်ဝေါ်သမုတ်နေကြဒါပါကသား။

ထိုန္ဓာခေါင်း၀လူ အတွင်း ဖြစ်ပေါ်ဆဲရုပ်တို့နှင့် ပြုလုပ်မှု ကြောင့်ယှဉ်တွေ့သော အကြောင်းအာရုံပေါ်မှာပင် နှလုံး အ ကြည်ထဲက ခံစားတယ်လို့ ပြောရတဲ့ အကျိုးဖြစ်ပေါ်ခိုက် သဘောကလေးကိုတော့-အောဝ်-ဝေဒနာလို့ ခေါ် ဝေါ်သမုတ် နေကြဒါပါကလား။

ထိုနှာခေါင်းဝ၏ အတွင်းဖြစ်ပေါ်ဆဲရုပ်တို့နှင့် ခံစားမှုနှင့် ယှဉ်တွဲသော အကြောင်းအာရုံပေါ်မှာပင် ဘာဘဲညာဘဲလို့ မှတ်တယ်လို့ ပြောရတဲ့ နှလုံး အကြည်ထဲကဖြစ်ပေါ်ခိုက် အကျိုးသဘောကလေးကိုတော့၊ အော်-သညာလို့ ခေါ်ဝေါ် သမုတ်နေကြပြန်ပါကလား။

ထိုနှာခေါင်းဝ၏ အတွင်းဖြစ်ပေါ်ဆဲ ရုပ်တို့နှင့် မှတ်မှု နဲ့ယှဉ်တွဲသော အကြောင်း အာရုံပေါ်မှာပင် ဘာဘဲ ညာ ဘဲလို့ သိတယ်လို့ပြောရတဲ့ နှလုံးအကြည်ထဲက ဖြစ်ပေါ်ခိုက် သိမှုအကျိုးသဘော ကလေးကိုတော့၊ အော်-ဝိဉာဏ်လို့ ခေါ် ဝေါ်သမုတ်ပြီးနေကြပြန် ပါကလားလို့၊ အဲဒီလို နှာခေါင်းဝ ၏ အတွင်းထိမှုတခုထဲက ရုပ်ပစ္စည်းတွေက သတ်သတ်ပါတ ကား။ ကိုယ်၏ အတွင်းနှလုံး အကြည်ထဲက နာမ်ပစ္စည်းတွေက သတ်သတ်ပါကလားလို့၊ တွဲစပ်ပြီးနေကြသော ရုပ်နှင့်နာမ်ဟု ဆိုရသော ပစ္စည်းငါးပါး-အပေါ်မှာ....

အဲ့ဒါလို ဗုဒ္ဓ၏အလိုတော်ကျ ဟုတ်တိုင်းမှန်စွာ ဖြစ်မှုကို တော့ အော်-ယထာဘူတဉာဏ်ဟု ခေါ်ဝေါ်သမုတ်နေကြပြန်ပါ တကား။ ထိုအမြင် ထိုအသိကိုဖြင့် ယထာဘူတ ဉာဏ်နှင့်ယှဉ် သောပညာအသိဟုမှတ်ယူရာ၏။

ထိုကဲ့သို့ နှာခေါင်းဝ၏ အတွင်းထိမှုထဲမှ ရုပ်ပစ္စည်းကတ ခုသတ်သတ်။ ကိုယ်၏ အတွင်းနှလုံးအကြည်ထဲက နာမ်ပစ္စည်း လေးခုကသတ်သတ်ပါကလားလို့၊ ဤကဲ့သို့ ရုပ်ပစ္စည်းသတ်

သတ်တခုနှင့် နာမ်ပစ္စည်းသတ်သတ် လေးခုတို့ကို ကွဲပြားစွာမြင်မှုသိမှုကိုတော့ အာနာပါနသတိပဋ္ဌာန်ကို အကြောင်းပြု၍ဝိပဿနာဉာဏ်ဖြင့် ရုပ်ကတခြား နာမ်ကတခြား ကွဲပြားနေသည်ကို ကွဲမြင်၍ ကွဲပြီးသိရပါသောကြောင့် ရုပ်—နာမ်ကွဲသည်ဟုဆိုရပါပေ၏။

အဲဒါလို ရုပ်လို့ဆိုထားသော ဖေါက်ပြန်မှု သဘောကတပါး၊ ဝေဒနာလို့ဆိုထားသော ခံစားမှုသဘောက တပါး၊ သညာလို့ဆိုထားသော မှတ်မှုသဘောက တပါး၊ သင်္ခါရလို့ဆိုထားသော ပြုပြင်မှုသဘောကတပါး။ ဝိညာဉ်လို့ဆိုထားသော သိမှုသဘောကတပါး၊ ထိုကဲ့သို့ ပရမတ္ထသစ္စာနယ်က ရုပ်-နာမ်တရားလို့ဆိုရတဲ့သဘော အပြားငါးပါးတို့၏၊ အကြောင်းအကျိုးဆက်စပ်နေသည်ကို မြင်ရသိရရုံမျှမက....

ရုပ်သည်အကြောင်း ပစ္စည်းပါကလား၊ ထိုရုပ်ကိုအကြောင်းပြု၍ နာမ်ပစ္စည်းသဘော အပြားလေးပါးတို့သည် အကျိုးပစ္စည်းပါကလား၊ အော်-ထိုရုပ်-နာမ်လို့ဆိုရသော သဘောအပြားငါးပါးကိုဖြင့်အကြောင်းကတခြား အကျိုးကတခြားကွဲပြားစွာမြင်ရသိရသော ဝိပဿနာ ဉာဏ်အစစ် အမှန်ဖြစ်ရပါသောကြောင့်၊ အော်-- ဒီလိုမြင်မှု သိမှုမျိုးကိုပင် စူဠသောတာပန် ပုဂ္ဂိုလ်ဖြစ်သည်ဟု တဖန်ထပ်၍ မြင်ရသိရပြန်ပေ၏။ ဒါကြောင့် ထိုဉာဏ်အမြင်ပညာ အသိမျိုးကိုတော့၊ စူဠသောတာပန်ပုဂ္ဂိုလ်တို့၏၊ အမြင်အသိဟုမှတ်ယူရာ၏။

## သညာသိရုပ်နာမ်နှင့် ပညာသို့ရုပ်နာမ်ရှင်းတမ်း

အဲဒါကြောင့် ဒကာ-ဒကာမများ ရုပ်–နာမ်ကို မြင်တယ် သိတယ်လို့ဆိုကြပေမဲ့....

ကြားဒါက ရုပ် သိဒါက နာမ်။
မြင်ဒါက ရုပ် သိဒါက နာမ်။
နံဒါက ရုပ် သိဒါက နာမ်။
လျက်ဒါက ရုပ် သိဒါက နာမ်။
ထိဒါက ရုပ် သိဒါက နာမ်။
လှမ်းဒါက ရုပ် သိဒါက နာမ်။
ကွဒါက ရုပ် သိဒါက နာမ်။
ချတာက ရုပ်၊ သိတာက နာမ်။
ပူတာက ရုပ်၊ သိတာက နာမ်။
အေးတာက ရုပ်၊ သိတာက နာမ်ပါဘဲလို့

ထိုကဲ့သို့ပစ္စည်းနှစ်ခုကိုသာ မြင်သောအမြင်သိသောအသိတို့သည် ဝိပဿနာဉာဏ်ပညာအစစ်အမှန်မဟုတ်။ သုတမယဉာဏ် သညာအသိသာလျှင်ဖြစ်၏ဟုမှတ်ရာ၏။

ဝိပဿနာဉာဏ်အမြင် ပညာအသိတို့သည်ကား ယခုရေး သားပြသထားသော ရုပ်-နာမ်လို့ဆိုရတဲ့ပစ္စည်းသဘော အပြား

ငါးပါးတို့၏ဆက်စပ်ပုံကိုဖြင့် တခုစီတခုစီခြားနားစွာ မြင်ရသိရပြီးလျှင် ထိုသဘောအပြားငါးပါးထဲမှာ အကြောင်းနှင့် အကျိုးကိုကွဲပြားစွာ မြင်ကြ သိကြမှသာလျှင် ဝိပဿနာဉာဏ်ပညာအစစ်အမှန်ဖြစ်သည်ဟု မှတ်ယူရာ၏။

## ရုပ်-နာမ်တို့၏ ဟုတ်မဟုတ် မှန်မမှန်ရှင်းတမ်း

ဒါကြောင့် ထိုကြားမှု၊ မြင်မှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ လှမ်းမှု၊ ကြွမှု၊ ချမှု၊ ပူမှု၊ အေးမှုတို့သည် ရုပ်အစစ်အမှန်မဟုတ်သေးပါ။

ထိုပစ္စည်းတို့၏အထဲမှ ဖေါက်ပြန်မှုကိုမှသာလျှင် ရုပ်အစစ်အမှန်ဟုတ်သည်ဟုမှတ်ယူရာ၏။

နာမ်ဟူသည်ကား မြတ်စွာဘုရားကြီးက သိသဘောကိုဝိညာဟု ဟောတော်မူထားပါတယ်။ ဒါ့ကြောင့် ထိုသိသဘောကို ဝိဉာဏ်ဟုသာခေါ်အပ်၏။ နာမ်မဟုတ်သေး။

မှတ်သဘောကို သညာဟု ဟောထားပါတယ်။ ဒါကြောင့် ထိုမှတ်သဘောကိုသညာဟုသာ ခေါ်အပ်၏ နာမ်မဟုတ်သေး။

ခံစားတဲ့သဘောကို ဝေဒနာဟုသာ ဟောတော်မူထားပါတယ်။ ဒါ့ကြောင့်ထိုခံစားတဲ့သဘောကို ဝေဒနာဟုသာ ခေါ်အပ်၏။ နာမ်မဟုတ်သေး။

ပြုပြင်တဲ့သဘောကိုသင်္ခါရလို့ ဟောတော်မူ ထားပါတယ်။ ဒါ့ကြောင့်ထိုပြုပြင်မှုသဘောကို သင်္ခါရဟုသာ ခေါ်အပ်၏။

နာမ်မဟုတ်သေး။

**(မှတ်ချက်။ ။ထိုပစ္စည်းတို့၏ သဘော တခုစီ တခုစီဆိုလျှင် နာမ်ဟုမခေါ်အပ်၊ မယူအပ်သေးပါ)**

ထိုသို့သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသောပါဠိအရ တဒင်္ဂအတွင်းမှာ ရှေးနောက် ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်ခိုက်ဤသဘောအပြားလေးပါးတို့ကိုပင် ပေါင်းစုပြီး နာမ်ဟုဟောထားခြင်းကြောင့် ထိုပစ္စည်းသဘောအပြား လေးပါးပေါင်းစုမှသာလျှင် နာမ်ဟုခေါ်ဝေါ်အပ်၏။ ယူအပ်၏။

အဘယ်ကြောင့်ဆိုရသော် နာမ်လို့ပါဠိလိုသမုတ်ထားပေမဲ့ အသမုတ်ခံရသော ပစ္စည်းသဘောအားဖြင့် အပြားလေးပါးထင်ရှားရှိဆဲကြောင့်တည်း။

မျက်စိလည်လမ်းမှားနေကြသည်ကို ရှင်းရှင်းနှင့် အများသိလောက်အောင် ရေးသားပြောဟောရမည်ဆိုသော်--

ဥပမာ။ အသံနှင့်နား အဲ့ဒီနှစ်ခုကြောင့် ကြားမှုတခုဖြစ်ပေါ်၍လာ၏။

အပြင်ဘက်မှ ထိုကြားမှုနှင့် အတွင်းထဲက မန ထိုနှစ်ခုတိုက်ပြန်ပါသောကြောင့် အာရုံတခု ဖြစ်ပေါ်၍လာပြန်၏။

ထိုအာရုံပေါ်မှာမှီ၍ သိသော သဘော သက်သက်သည် ဘာဘဲညာဘဲလို့မသိ သိကာမျှသာဖြစ်ခြင်းကြောင့် ထိုသဘောတခုကို ဝိညာဏ်ဟု ခေါ်အပ်၏။ တနည်းကြားသိ စိတ်ဟူ၍လည်းခေါ်အပ်၏။ နာမ်မဟုတ်သေးပါ။

နာမ်ဆိုသည်ကား ထိုကြားသိစိတ်မှတဖန် ကြားမှု ရှိရာသို့ ထိုအာရုံကလေးကိုပင် ပြုလုပ်လိုက်ပါသောကြောင့် အာရုံနှင့် ကြားမှုနှစ်ခုဆုံတွေ့၏။

ထိုကြားမှုနှင့်ယှဉ်တွေ့သော အာရုံပေါ်မှာ ခံစားမှု၊ မှတ်သားမှု၊ ထို့နောက် ဘာသံ ညာသံဟု သိမှုတခုဖြစ်ပေါ်ပြန်၏။

ဒါ့ကြောင့်ဒီနေရာ၌ ကြားမှုနှင့်အာရုံ နှစ်ခုဆုံတွေ့အောင် ပြုလုပ်တဲ့သဘောကိုတော့ သင်္ခါရလို့ခေါ်တယ်။

ထိုတွေ့ဆုံသော အာရုံပေါ်မှာ ခံစားသဘောကိုတော့ ဝေဒနာလို့ခေါ်တယ်။

မှတ်သဘောကိုတော့ သညာလို့ခေါ်တယ်။ ဘာဘဲ ညာဘဲလို့သိမှုသဘောကိုတော့ ဝိညာဏ်စိတ်ဟုခေါ်ရ၏။

ဒါ့ကြောင့် ထိုစိတ်တခုထဲ၌ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဟူသော အပြား လေးပါးကိုမှသာလျှင် နာမ်ဟုပါဠိလို ခေါ်အပ်၏။

## မပယ်အပ်သောဝိညာဏ်နှင့် ပယ်အပ်သောဝိညာဏ် ရှင်းတမ်း

ထို့ကြောင့် ပထမပိုင်းမှာ ဆိုလျှင် ကြားလို့ သိသောသဘောကို ကြားမှုဝိညာဏ် ကြားသိစိတ်ဟုခေါ်အပ်၏။ ထိုဝိညာဏ် ထိုစိတ်ကိုပယ်သတ်ရမည်မဟုတ် သဘာဝ ဝိညာဏ်စိတ်

ဖြစ်ခြင်းကြောင့် ပဋိစ္စသမုပ္ပါတ်မထိုက် သံသရာလည်မကျင်လည်တတ် အပါယ်သို့လည်းမကျစေတတ်။

ထိုနောက်ဒုတိယပိုင်းမှာဆိုလျှင် ထိုကြားမှုတခုပေါ်မှာ မှီ၍မှီ၍ ဖြစ်ကြသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကြောင့် ဘာဘဲညာဘဲလို့ သိတဲ့စိတ်ကလေးကိုပင် နာမ်စိတ်ဟုခေါ်အပ်၏။ မှတ်ယူအပ်၏။

ထိုနာမ်စိတ်မှသာလျှင် ပဋိစ္စသမုပါတ်ထိုက်သော ဝိညာဏ်စိတ်ဖြစ်၏။ ထိုနာမ်ထိုဝိညာဏ်စိတ်မှသာလျှင် သံသရာကို ကျင်လည်အောင် နယ်ခဲ့သမားဖြစ်ရုံမျှမက အပါယ်သို့ ပြေး၍သာဝင်သောသဘောဖြစ်ခြင်းကြောင့် ထိုဝိညာဏ်စိတ် ဘယ်သောအခါမျှ မဖြစ်ပေါ်ရလေအောင် ထိုနာမ် ဝိညာဏ်စိတ်တခုကိုသာ ကြိုတင်၍ ပယ်သတ်ရမည်ဖြစ်၏။

သို့သော်လည်းဝိညာဏ်စိတ်ကသတ်သတ် နာမ်စိတ်ကသတ်သတ်၊ ဝိညာဏ်စိတ်သည် နာမ်စိတ်မဟုတ်။ နာမ်စိတ်သည်လည်း ဝိညာဏ်စိတ်ဟုမတ်ဟုသိအပ်၏။ တဖန်ဝိညာဏ်သည်စိတ်မဟုတ်။ စိဟုလည်းဝိညာဏ်မဟုတ်။ နာမ်သည်လည်း စိတ်မဟုတ် စိတ်သည်လည်းနာမ်မဟုတ်ဟူ၍လည်း သိအပ်၏ မှတ်ယူရ၏။

**မှတ်ချက်။ ။အများ သိလောက်အောင်သာ ခွဲခြား၍ ရေးသားလိုက်ရပေမဲ့ ထိုဝိညာဏ်နှစ်မျိုးတို့သည် အလွန့် အလွန်ပင်နက်နဲခြင်းကြောင့် မြင်ဘို့သိဘို့ရာ သဘောပေါက်ဘို့ရာသည်ပင် အလွန့်အလွန်ခက်ခဲလှပါပေတကား။**

# ရုပ်နာမ်တို့၏ ဖြစ်ပျက်မြင်ပုံ

ပြဆိုခဲ့ပြီးသော နှာခေါင်းဝ၏ အတွင်း ထိ-သဘောတခု ကို အကြောင်းပြု၍ ပရမတ္ထသစ္စာနယ် ထဲက ရုပ် နာမ်ဟုဆို ထားသော—

| | |
|---|---|
| ဖေါက်ပြန် | သဘော။ |
| ခံစား | သဘော။ |
| မှတ် | သဘော။ |
| ပြုပြင် | သဘော။ |
| သိ | သဘော။ |

ထိုသဘော အပြားငါးပါးတို့ကိုပင် သတိကပ်၍ ဉာဏ်နှင့် သုံးသပ်နေဆဲအခါ ရုပ်ပစ္စည်းကြောင့် နာမ်ဟုဆိုထားသော ပစ္စည်းလေးပါးတွဲစပ်ပုံကို ရုပ်နာမ်တွဲနေသည် ဟုမြင်ရသိရခြင်း ထိုမှတဖန် ရုပ်ပစ္စည်း တခြား နာမ်ပစ္စည်းလေးပါးက တခြား ကွဲပြားသည်ကို ရုပ်နှင့်နာမ် ကွဲပြားနေသည် ဟုလည်းထပ်မံပြီး မြင်ရသိရပြီးလျှင်....

ထိုရုပ်နာမ်တို့သည်ပင်လျှင် အကြောင်းသဘော တွေဖြစ်၍ အကျိုးသဘောတွေ ပျက်နေသည်ကို တဖန်ထပ်မံ၍ မြင်ရသိရ ပြီးလျှင်၊ ထိုသဘောအပြားငါးပါးတို့သည် တခဏလေးကအ တွင်းမှာ ရပ်တည်လို့ မရကြပါဘဲလျက် ...

ဖြစ်ကြောင်းတွေနှင့် ပျက်ကျိုးတွေကိုသာ အစဉ်မပြတ် တလစပ်မြင်ရသိရ ပါသောကြောင့် ထိုသို့မြင်မှုသိမှုမျိုးကိုပင် ပရမတ္ထသစ္စာနယ်က ရုပ်နာမ်တို့၏ ဖြစ်ပျက်အစစ်ကို အမှန်မြင်အမှန်သိရသည်ဟုမှတ်ယူကြရာ၏။

(မှတ်ချက်)။ ။ ဤနေရာတွင် ဒိတိချုပ် ပညတ်ချုပ် ထိနမိဒ္ဓချုပ် သမာဓိချုပ် တွေဖြစ်တတ်ပါသောကြောင့် ထိုကိစ္စတွေကို လွှန်မြောက်ဘို့ရာ သတိ-ဝိရိယ-ဉာဏ်စခန်းတို့သည် အလွှန့်အလွှန်ပင် အရေးကြီးလှပေ၏၊ ထိုအရာတွေကိုတော့ မရေးသားတော့ပေ။

## အနိစ္စလက္ခဏာနုပဿနာ
## ဆိုက်ပုံ

ဤကဲ့သို့ ရုပ်နာမ်တို့၏ ဖြစ်ကြောင်းနှင့် ပျက်ကျိုးကိုပင် ထာဝစဉ်မြင်သိ၍ ကြာရှည်လာသောအခါ ပဌမရုပ်နာမ်တို့၏ ဖြစ်ပျက်သည်မှ ဒုတိယရုပ်တို့၏ ဖြစ်ပျက်သည်ကိုမြင်ရသိရခြင်း။

ဒုတိယရုပ်နာမ်တို့၏ ဖြစ်ပျက်သည်မှ တတိယရုပ်နာမ်တို့၏ ဖြစ်ပျက်သည်ကိုမြင်ရသိရခြင်း။

အဲဒါလို ရုပ်နာမ် ဖြစ်ပျက်တို့၏ အဆင့်ဆင့် ပစ္စည်းဆက်နေသည်ကို မြင်ရသိရပြီး....

အော် ပဌမရုပ်နာမ်တို့၏ ဖြင့်ပျက်တို့သည် ဒုတိယရုပ်နာမ်တို့၏ ဖြစ်ပျက်တွေမဟုတ်ပါတကား။

ဒုတိယရုပ်နာမ်တို့၏ ဖြစ်ပျက်တို့သည် တတိယရုပ်နာမ်တို့၏ ဖြစ်ပျက်တွေမဟုတ်ပါတကား။

ဒါပေမဲ့ ထိုဖြစ်ပြီးပျက်တယ်လို့ဆိုရတဲ့ ရုပ်နာမ်တို့သည်ပင် မရှိတဲ့ နေရာက ပေါ်ပေါက်လာပြီး ထိုမရှိတဲ့ နေရာကိုသာ ပျက်၍ ချုပ်ပျောက်ကုန်ခန်းပြီး မမြဲသည်ကို ထို့နောက်မှတ ဖန်ထပ်ဖံ၍မမြဲသည်ကို မြင်ရသိရပြန်ပေ၏။

အဘယ်ကဲ့သို့ မြင်ရသိရပြန်သနည်းဟု ဆိုသော် ထိုရုပ်နာမ် အဆင့်ဆင့်တို့၏ တခဏလောက်မျှမစဲ တသဲသဲဖြင့်၊ ဖြစ်ချုပ် ဖြစ်ချုပ်နှင့်နေသည်ကိုပင် ဥာဏ်အမြင် ပညာအသိဖြင့် ဘယ်လိုမှ တွက်ရေလို့မရပါတကား၊ထွက်ရေလို့မရရုံမျှမက ထိုရုပ်နာမ်အဆင့် ဆင့်တို့၏၊ ဖြစ်သဘော- ပျက်သဘောတို့သည်ပင်လျှင်....

ဖြစ်ရာမှ ရွေ့လျောတဲ့ သဘောကြောင့် ခဏတည်ပြီး၊ပျက်ကုန်ကြသည်ကို မြင်ရသိရ၍ အော်-ထိုပစ္စည်းတို့သာလျှင် မမြဲပါတကားဟုမြင်ရသိရပါသောကြောင့်....

ထိုမမြဲမှုကိုတော့ အနိစ္စလို့ခေါ်တယ်၊ရွေ့လျောတတ်သော သဘောကိုတော့ လက္ခဏာလို့ခေါ်တယ်။

ဖြစ်ကြောင်းနှင့်ပျက်ကျိုးမှုစ၍ ကုန်စဉ်အောင် တခုစီ-တခုစီ ပိုင်းခြားမှုကိုတော့ နုပဿနာလို့ခေါ်တယ်။ ဒါကြောင့် ပရမတ္ထသစ္စာနယ်ထဲက ရုပ်နာမ်တို့၏ အနိစ္စက သတ်သတ် လက္ခ

ဏကသတ်သတ် နုပဿနာကသတ်သတ်ပါကလားလို့၊ ကွဲပြား စွာ မြင်မှုသိမှုကိုပင် အနိစ္စ လက္ခဏ နုပဿနာ ဆိုက်သည်ဟု မှတ်ယူရာ၏။

## ဒုက္ခလက္ခဏနုပဿနာ ဆိုက်ပုံ

ထိုနောက်တဖန် ပရမတ္ထသစ္စာနယ်ထဲမှ သဘောရုပ် သဘောနာမ်တို့၏ဖြစ်ရာမှ ရှေ့လျှောသော မှတ်ကြောင်းကြောင့် ပျက်စီးကုန်ကြပြီးလျှင် မမြဲဘူးဟုဆိုသော သဘောတွေကိုမြင် ရသိရပြီးဆင်းရဲတဲ့အကျိုးသဘော သက်သက်ကို ဉာဏ်နှင့်မြင် ၍ ပညာဖြင့်သိရပါသောကြောင့်....

အော် ဆင်းရဲတဲ့သဘောက သတ်သတ်ပါကလား။ ရှေ့ လျှောပြောင်းလဲတတ်တဲ့ မှတ်ကြောင်း သဘောက သတ်သတ် ပါကလား၊ဖြစ်ကြောင်းသဘောနှင့် ပျက်ကျိုးသဘောက သတ် သတ်ပါကလားလို့ မြင်ရသိရပါသောကြောင့်....

ဆင်းရဲတဲ့ သဘောကိုတော့ ဒုက္ခဏလို့ ခေါ်တယ်၊ ရှေ့ လျှောတဲ့ မှတ်ကြောင်းသဘောကိုတော့ လက္ခဏလို့ခေါ်တယ် ဖြစ်ကြောင်းနှင့်ပျက်ကျိုးမှစ၍ ကုန်စင်အောင် ပိုင်းခြားမှုကို တော့ နုပဿနာလို့ခေါ်တယ်။

ဒါကြောင့် ထိုကဲ့သို့ မြင်မှုသိမှုမျိုးကိုပင် ဒုက္ခလက္ခဏ နုပ ဿနာဆိုက်သည်ဟုမှတ်ယူရာ၏။

# အနတ္တလက္ခဏာနုပဿနာ ဆိုက်မှု

ထိုနောက်မှတဖန် ဉာဏ်နှင့်မြင်၍ ပညာဖြင့် သိရှိထားသော ထိုပရမတ္ထသစ္စာနယ်ထဲက ရုပ်နာမ်ဟုဆိုထားသော သဘောအပြားငါးပါးတို့သည်ပင်လျှင် ဖြစ်ရာမှ ရွေ့လျောတဲ့မှတ်ကြောင်း၊ ကြောင့် ပျက်သွားကြပြီးလျှင်မမြဲကြပါသောကြောင့် ဆင်းရဲ စရာအကျိုးသဘောသက်သက်တွေကိုသာ မြင်ရ သိရရုံမျှက ထို ရုပ်နာမ်သဘောတွေရယ်၊ ထိုဆင်းရဲတဲ့သဘောတွေရယ်၊ မမြဲတဲ့သဘောတွေရယ်၊ ပျက်တဲ့သဘောတွေရယ်၊ ရွေ့လျောတဲ့သဘောတွေရယ်၊ ဖြစ်တဲ့သဘောတွေ ဓါတ်ကြီး လေးပါး တို့ရဲ့ သဘောတွေရယ်၊ ထိုသဘောတွေကိုဖြင့် ဘယ်လိုမှ တာဆီးပိတ်ပင် ဆီးလို့ဆို့လို့ မရကြရုံမျှမက မိမိတို့၏ အလိုသို့မလိုက် သတ္တဝါတို့၏၊ စရိုက်နှင့်မကိုက်ညီကြပါသောကြောင့်....

အစိုးမရဘူးလို့ပြောဆိုရတဲ့ အကျိုးသဘော သက်သက်ကို ဉာဏ်နှင့်ပင် မြင်အောင် ကြည့်လို့ ပညာနှင့် သိရပါသောကြောင့် အော်—ဤသုံးဆယ့် တဘုံတည်းဟူသော ဝဋ္ဋအတွင်းမှ မလွတ်ကင်းကြပါဘဲလျက် ရုပ်နာမ်လို့ဆိုရသောထိုသတ္တဝါ အသင်္ချေအနန္တတို့သည်ပင်လျှင်၊ အော်–အနတ္တ–အနတ္တ အနတ္တ တရားတွေချည်းဖြစ်ကုန်ကြရပါတော့တကား။

အဲဒါလို အစိုးမရတဲ့ သဘောကိုတော့ အနတ္တလို့ခေါ်တယ်၊ဖြစ်ကြောင်းနှင့် ပျက်ကျိုး၏ အကြားမှ ရွေ့လျောတဲ့

မှတ်ကြောင်းသဘောကိုတော့ လက္ခဏာလို့ခေါ်တယ်၊ ထိုအကြောင်းအကျိုးတို့ကို ကုန်စင်အောင် ပိုင်းခြားမှုကိုတော့ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ခေါ်ရခြင်းကြောင့် ...

အနတ္တက သတ်သတ် လက္ခဏာကသတ်သတ် နာမရူပက သတ်သတ်ပါတကားလို့၊ ထိုကဲ့သို့ မြင်မှုသိမှုမျိုးကိုပင် အနတ္တလက္ခဏာ နာမရူပဆိုက်သည်ဟု ခေါ်ဆိုရခြင်းကြောင့် အနတ္တလက္ခဏာနာမရူပဆိုက်သည်ဟုမှတ်ယူကြရာ၏။

## ဒိဋ္ဌိကင်္ခါလို့ ဝိစိကိစ္ဆာ ကင်းပုံ

အဘယ်ကဲ့သို့ ဒိဋ္ဌိကင်္ခါလို့ ဝိစိကိစ္ဆာကင်းရသနည်းဟုဆိုရသော် ကိုယ်မှာမရှိသော နာခေါင်း ထိုနာခေါင်းမှာ မရှိသော ထိ-မှုတခု၊ ထိုထိ-မှုတခုမှာ မရှိသော ဓါတ်ကြီး လေးပါး ထိုဓါတ်ကြီးလေးပါးမှာမရှိသော ဖေါက်ပြန်မှု ထိုဖေါက်ပြန်မှုမှာ မရှိသော ...

| | |
|---|---|
| ခံစား | သဘော။ |
| မှတ် | သဘော။ |
| ပြုပြင် | သဘော။ |
| သိတဲ့ | သဘော။ |

ထိုသို့သော ပရမတ္ထသစ္စာနယ်ထဲက ရုပ်နာမ်လို့ ဆိုရသော သဘောအပြားငါးပါးကို ရှုကြည့်လို့ ပညာဖြင့် သိနေဆဲအခါမှာပင်....

အော် မသိလို့မှား ယူလာခဲ့တဲ့ ငါကောင်ကြီးတွေ သူကောင်ကြီးတွေ ပုံသဏ္ဌာန် ကြီးတွေ မိန်းမကောင် ကြီးတွေ ယောကျ်ား ကောင် ကြီးတွေ လူကောင်ကြီးတွေ နတ်ကောင်ကြီးတွေ ဗြဟ္မာကောင် ကြီးတွေ သတ္တဝါကောင် ကြီးတွေကို မမြင်မသိတော့ပါဘဲ ...

သမုတိသစ္စာနယ် ထဲက အဖြူ-အနီ-အကြောင်-အကျား-အရောင်-အဆင်း-အလင်းအရိပ်-နိမိတ်-များတောင်သုဉ်းဆိတ်ကြပြီး လျှင်ရထားမှုပရမာအကျုံမှုအစိတ်ပေါင်းကုဋေကုဋာစိတ်ပြုလို့ ရသော်မှ နိုင်းရှည့်မဖြစ်ရုံမျှမက အမှားဟူသမျှ ဘာတခုမှ ရစရာ ယူစရာမရှိတော့ပါတကား၊ တကယ်ရှိဒါက ပရမတ္ထသစ္စာနယ်ထဲမှ အစိုးမရတဲ့သဘောရုပ် သဘောနာမ်တို့သာလျှင် အဟုတ်တကယ် ကေန်အမှန်ရှိပါတော့တကားလို့ ....

မရှိဒါနှင့်ရှိဒါကို ဉာဏ်နှင့်ပင် မြင်အောင်ကြည့်လို့ ပညာဖြင့်ကွဲပြား၍သိရပြီးလျှင် ဘုရား၏အလိုတော်ကျ တရား၏အလိုတော်ကျ သံဃာ၏အလိုတော်ကျဖြစ်သော အစိုးမရတဲ့ ပရမတ္ထသဘောရုပ် သဘောနာမ်တို့ကို မြင်ရသိရပါသောကြောင့်။

ဘုရားရဲ့အပေါ်မှာ တရားရဲ့အပေါ်မှာ သံဃာရဲ့အပေါ်မှာ ယုံမှားဘွယ်ရာ သံသယမရှိမှုကိုတော့ ဝိစိကိစ္ဆာကင်းသည်ဟု ခေါ်ပြန်တယ်။

တကာယ်သိလို့မှားပြီး ယူစရာမရှိမှုကိုတော့ ဒိဋ္ဌိကင်းသည်ဟုခေါ်ပြန်တယ်။ ဒါကြောင့် ထိုမြင်မှု သိမှုမျိုးကိုပင် ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းကွာသည်ဟု မှတ်ယူကြရာ၏။

ထိုကဲ့သို့ နာခေါင်းဝ၏အတွင်း ထိမှုထဲမှ အစိုးမရသော ပရမတ္ထ ရုပ်နာမ်အစဉ်တို့ကိုလက္ခဏာရေးသုံးပါးနှင့်တကွ မြင်ရသိရ၍ ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းကွာပြီး ထွက်လေ ဝင်လေတို့သည်ပင် တဖြေးဖြေး သေးသိမ်မှေးမှိန်ပြီးလျှင် ထိုထွက်လေဝင်လေကြောင့် ထိမှုထဲမှမှီ၍နေကြသော အစိုးမရတဲ့ ပရမတ္ထသဘောရုပ် သဘောနာမ်တို့သည် တမဟုတ်ခြင်း ချုပ်ပျောက်ကြပြီးလျှင်။

မနောအကြည်ထဲ၌ သိစရာရှိတဲ့ အသိပေး၍ နေကြကုန်သော ဖေါက်ပြန်မှု ထိုဖေါက်ပြန်မှုရဲ့ အကြောင်းပေါ်မှာ တိုက်တွန်းမှုအကျိုး ထိုတိုက်တွန်းမှု အကြောင်းပေါ်မှာ သိမှုအကျိုး။

ထိုသို့သော ဖေါက်ပြန်မှု ရုပ်

တိုက်တွန်းမှု စေတသိတ်

ထိုအာရုံတို့ရဲ့အပေါ်မှာ သိမှု-စိတ်

စသည့်တို့သည် သံသရာပြင်ကျယ် ကမ္ဘာလဆန်းတရက်နေ့မှစ၍ ခွဲခွာလို့မရကြပါဘဲလျက် တွဲပြီးနေကြသော ထိုစိတ်စေတသိတ် ရုပ်တို့နှင့်တကွ ထိုတရားသုံးပါးတို့ရဲ့ အကြောင်းပေါ်မှာ မှီ၍နေကြသော အကျိုး ရုပ်ကြမ်း နာမ်ကြမ်း ထိုရုပ်ကြမ်း နာမ်ကြမ်းတို့ရဲ့အကြောင်းပေါ်မှာ မှီရှိနေကြသော မသိမှုကြောင့် ဖြစ်ပေါ်၍ရရှိတဲ့အမှားတည်းဟူသော အကျိုးတရား—

လောဘ ဒေါသ မောဟ
တဏှာ မာန ဒိဋ္ဌိ
ဣဿာ မစ္ဆရိယ ကုက္ကုစ္စ
ထိန မိဒ္ဓ ဝိစိကိစ္ဆာ

တည်းဟူသော တရားတို့သည်သာလျှင် အပယ်လေးဘုံသို့ ကျရောက်မည့်(သမုဒယ)ဟုဆိုရသော အမှားအကြောင်းရင်း အစစ်အမှန် ဖြစ်ပါသောကြောင့် ထိုအမှားအကြောင်းရင်းနှင့်ယှဉ်သော ရုပ်ကြမ်း နာမ်ကြမ်း ထိုရုပ်ကြမ်း နာမ်ကြမ်းနှင့်ယှဉ်တဲ့ အရင်းကျကျဖြစ်သော စိတ် စေတသိက် ရုပ်တရားသုံးပါးတို့ကို လောကသုံးပါးဘည်းဟူသော သုံးဆယ့်တဘုံဝဋ်အတွင်းမှ ထွက်ပေါက်ကိုမြင်တဲ့ ဉာဏ်နှင့်ယှဉ်သော ပညာအသိက ယခုဘဝတွင် တကြိမ်တခါမျှ ပယ်သတ်လိုက်ပါသောကြောင့် အပါယ်လေးဘုံသို့ ကျရောက်မည့်အကြောင်းနှင့်ယှဉ်သော ထိုစိတ် စေတသိက် ရုပ်တရားသုံးပါးတို့သည် ဖရိုဖရဲပြိုကွဲကြပြီးလျှင် အတွင်းလောကနှင့်တကွ အပြင်လောက နှစ်

ဌာနမှ လွတ်မြောက်သွားမှုကိုပင် နိဗ္ဗာန်ဟုဆိုရ၏။ ထိုသို့ နိဗ္ဗာန်ကို တကြိမ်မျှ မျက်မှောက်ပြုဘူးသည်ကို သောတာပတ္တိမဂ် ဆိုက်သည်ဟုဆိုရ၏။

ဤကဲ့သို့ ပုဂ္ဂိုလ်တို့သည် အပါယ်သံသရာသို့ ကျစေတတ်သော အကြောင်းမှားကြီးကို သုံးဆယ့်တဘုံမှ ထွက်ပေါက်ကို မြင်တွေ့ဉာဏ်နှင့်ယှဉ်သော ပညာအသိက ပယ်သတ်မှုကိုပင် သမုဒယကို မဂ်ကပယ်သည်ဟု စာအလိုဆိုရပေ၏။

## မဂ်ဖြစ်ပုံ

မဂ်လို့ဆိုရသော်လည်း ပါဠိစကားသာလျှင်ဖြစ်၏။ မြန်မာလိုသိကြရမှာကား ထိုသို့သောကိလေသာတို့နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော ရုပ်ကြမ်းနာမ်ကြမ်းတို့သာလျှင် အပါယ်သံသရာသို့ကျရောက်မည့် သမုဒယဟုဆိုရသော အကြောင်းမှားကို မိုဃ်းကြိုးများပစ်ခွင်းဘိအလား တခဏအတွင်း ပယ်သတ်သည်ကိုပင် စာအလိုဆိုရလျှင် မဂ်ဟုဆိုရပေ၏။

**မှတ်ချက်။** ။မဂ်ကျသည်-မဂ်ဖြစ်သည်ဟု ဆိုရသော်လည်း တနာရီလည်းမကြာ နာရီဝက်လည်းမကြာ ဆယ်မိနစ်လည်း မကြာ ငါးမိနစ်လည်းမကြာ တမိနစ် လောက်မျှလည်း မကြာဟူလို။

အဘယ်မျှ လောက်ကြာမည်နည်းဟုဆိုသော် ဥပမာ ပေတံုးကြီးကိုတူနှင့်မထုခင်မှာဆိုလျှင် မြည်ဟီးသံမဖြစ်ပေ ါနိုင်။ ထိုပေ

တုံးကြီးကို တူနှင့်ထုလိုက်သည်နှင့်တပြိုင်နက် မိုးသီးကြိုးများပစ် ခွင်းဘိအလား တပြိုင်နက်ဖြစ်ပေါ်သည့် မြည်ဟီးသံလို တစက် ကန့်မျှ တခဏမျှသာကြာရှည်သည်ဟု အတတ်မြင် အတတ်သိ လိုက်ရပေ၏။

## မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်မြင်ပုံ

ဒါကြောင့် သောတာပတ္တိမဂ်ကို ဆိုက်ဘူးသော သောတာ ပန်ပုဂ္ဂိုလ်တို့သည် ထိုသို့သော နိဗ္ဗာန်ဟုဆိုရသည့် လွတ်နေမှုပေါ် မှာဇောအာရုံကျ၍ ထိုဇောအာရုံပေါ်မှာဉာဏ်ဖြင့်လွတ်နေမှုကို လွတ်နေသည်ဟု မြင်ပါသောကြောင့် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သည်ဟု ဆိုရ၏။

## မဂ်စိတ်ဖြစ်ပုံ

ထိုသို့ နိဗ္ဗာန်ဟုဆိုရသော လွတ်နေမှုနှင့် ဇောကျပြီး ယှဉ် သောအာရုံပေါ်မှာ ဉာဏ်နှင့်မြင်၍ ပညာဖြင့်ငြိမ်းပြီး သိနေမှု ကိုပင် မဂ်ဉာဏ်ကြောင့် မဂ်စိတ်ဖြစ်သည်ဟုဆိုရ၏။ (တနည်း လောကုတ္တရာစိတ်ဟုလည်း ဆိုရ၏။)

## ဖိုလ်ဉာဏ်ဖိုလ်စိတ်ဖြစ်ပုံ

ထို့နောက်ဘဖန် ထိုလွတ်နေမှုကို သိနေသောလောကုတ္တရာ စိတ်တခုကို တဖန်ဉာဏ်ဖြင့်မြင်ပြန်၍ ထိုပထမစိတ်၏ ချုပ်နေ သောနေရာကို ထိုဉာဏ်ဖြင့် တဖန်ဝင်စားပြီး အေးတယ်လို့ ပြောရတဲ့သဘော ငြိမ်းတယ်လို့ပြောရ သောသဘော မြတယ်

လို့ ပြောရသောသဘော ချမ်းသာတယ်လို့ ပြောရသောသဘော ထိုသဘောအပြားတွေကို ထိုးထွင်း၍ဝင်စားပြီး သိရပါသောကြောင့် ထိုမြင်မှုသိမှုမျိုးကိုပင် ဖိုလ်ဉာဏ်ကြောင့် ဖိုလ်စိတ်ဖြစ်သည်ဟုဆိုရ၏။

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ

ပစ္စဝေက္ခဏာဉာဏ် ဟူသည်ကား လောကီနယ်ထဲမှ အားထုတ်သည်မှစ၍ သမာဓိ အမျိုးမျိုးနှင့်တကွ ဈာန်အင်္ဂါထိအောင် ပွားများလာခဲ့သော သမထဘာဝနာနှင့် ဝိပဿနာ၏လမ်းအစဖြစ်သော ခဏိကသမာဓိမှစ၍ မဂ်ကိုဆိုက်သည်အထိ ပွားများလာခဲ့သော ဝိပဿနာ ဘာဝနာ ထိုလောကီနယ်ထဲမှ သမထဘာဝနာ ဝိပဿနာဘာဝနာနှစ်မျိုးကို ကြိုးကုတ်အားထုတ်မှုကြောင့်-

မဂ်ဉာဏ်အကျိုး- မဂ်ဉာဏ်၏အကြောင်းကြောင့် မဂ်စိတ်အကျိုး မဂ်စိတ်၏အကြောင်းကြောင့် ဖိုလ်ဉာဏ်အကျိုး ဖိုလ်ဉာဏ်၏အကြောင်းကြောင့် ဖိုလ်စိတ်အကျိုး ထိုသို့သော လောကီ လောကုတ္တရာနှစ်ဌာနကြောင့် နိဗ္ဗာန်ကိုမြင်ရပြီးလျှင် သစ္စာလေးပါးအမြတ်တရားကို ပိုင်းခြားထင်ထင် မြင်ရသိရ၍ ဤသို့သော လောကီ လောကုတ် နှစ်ဌာနတို့၏ အကြောင်းအကျိုး ပစ္စည်းဆက်တွေကို အချိန်မရွေး အခါမလင့် ဆင်ခြင်သုံးသပ်တိုင်း ထိုပစ္စည်းဆက်တွေကို မြင်မှု ကိုပင် ပစ္စဝေက္ခဏာဉာဏ်ဟုဆိုရ၏။

## သစ္စာလေးပါးမြင်ပုံ

ထိုသို့သောသောတာပတ္တိမဂ်ကိုဆိုက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ကိုရရှိသော အရိယာပုဂ္ဂိုလ်သည် သစ္စာလေးပါးကို ပိုင်းခြား၍ အတတ်မြင်အတတ်သိ၏။ အရိယာနယ်ထဲမှာ သစ္စာလေးပါးကို အဘယ်ကဲ့သို့ပိုင်းခြား၍ အတတ်မြင်အတတ်သိရသနည်းဆိုရသော်-

## မဂ္ဂသစ္စာကိုပိုင်းခြားမြင်ပုံ

ကမ္မဋ္ဌာလဆန်း ၁ ရက်နေ့မှစ၍ ယခုဘဝအထိ အပါယ်သို့ ကျရောက်စေတတ်သော အကြောင်းများကြီးကို သခါရနယ်တည်းဟူသော သုံးဆယ့်တဘုံအတွင်းမှ ထွက်ပေါက်ကို မြင်တဲ့ဉာဏ်နှင့်ယှဉ်သော ပညာအသိက ပယ်သတ်လိုက်သည်ကို အမှန်မြင်အမှန်သိရ၍ အမှန်မြင်အမှန်သိမှုကိုတော့ သစ္စာလို့ခေါ်တယ်။ ပယ်သတ်မှုကိုတော့ မဂ်လို့ ခေါ်ရခြင်းကြောင့် မဂ္ဂသစ္စာကို အတတ်မြင်အတတ်သိသည်ဟု ဆိုရ၏။

## သမုဒယသစ္စာကိုပိုင်းခြားမြင်ပုံ

ထိုမဂ်ကြောင့် အပါယ်သို့ ကျရောက်စေတတ်သော အကြောင်းများ ပြုတ်သွားသည်ကို အမှန်မြင်အမှန်သိရ၍ အမှန်မြင်အမှန်သိမှုကိုတော့ သစ္စာလို့ခေါ်တယ်။ အများပြုတ်သွား

သည့်အကြောင်းကိုတော့ သမုဒယလို့ခေါ်ခြင်းကြောင့် သမုဒယသစ္စာကိုအတတ်မြင်အတတ်သိသည်ဟု ဆိုရ၏။

## ဒုက္ခသစ္စာကိုပိုင်းခြားမြင်ပုံ

ထိုသမုဒယအကြောင်းပြတ်မှုကြောင့် အပါယ်ငရဲတို့၏ဆင်းရဲမှု အကျိုးရပ်သွားသည်ကို အမှန်မြင်အမှန်သိရ၍ အမှန်မြင်အမှန်သိမှုကိုတော့ သစ္စာလို့ ခေါ်တယ်။ ဆင်းရဲမှု ရပ်သွားသည့် အကျိုးကိုတော့ ဒုက္ခလို့ခေါ်ခြင်းကြောင့် ဒုက္ခသစ္စာကို အတတ်မြင်အတတ်သိသည်ဟုဆိုရ၏။

## နိရောဓသစ္စာပိုင်းခြားမြင်ပုံ

ထိုသို့ရပ်ကြမ်းနာမ်ကြမ်းနှင့်ယှဉ်တဲ့ အပါယ်သို့ကျရောက်စေတတ်သော သမုဒယအကြောင်းပြတ်၍ ဆင်းရဲမည့်ဒုက္ခအကျိုး ရပ်ပြီး ထိုအကြောင်းနှင့် အကျိုးမှ လွတ်မြောက်သွားသည်ကို အမှန်မြင်အမှန်သိရ၍ အမှန်မြင်အမှန်သိမှုကိုတော့ သစ္စာလို့ ခေါ်တယ်။ ဘာသဘောမှမရောမယှက် မဖေါက် မပြန်တတ်သော လွတ်နေသည့်သဘောသက်သက်ကိုတော့ နိဗ္ဗာန်ဟုဆိုရခြင်းကြောင့် နိရောဓသစ္စာကို အတတ်မြင်အတတ်သိသည်ဟု ဆိုရပါပေ၏။

## ဖလသမာပတ်ဝင်စားနိုင်ပုံ

ထိုကဲ့သို့ တကြိမ်တခါမျှ ပယ်သတ်ပြီးလျှင် လောကီပညာ လောကုတ္တရာပညာ နှစ်ဌာနနှင့်ပြည့်ဝသော သောတာပန်အရိ

ယာပုဂ္ဂိုလ်တို့သည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ကိုရရှိ၍ သစ္စာလေးပါးအမြတ်တရားကို ပိုင်းခြားပြီး တကြိမ်တခါမျှသာ မျက်မှောက်ထင်ထင် မြင်ရ သိရသောကြောင့်....

ထိုသို့ မိမိမြင်ဘူးသောနိဗ္ဗာန်ကို အချိန်မရွေး အခါမလင့် အာရုံလုပ်၍လည်းရရှိ၏၊ ထိုနိဗ္ဗာန်ကို လုပ်၍ရသော အာရုံပေါ်မှာ မဂ်ဉာဏ်နှင့်ယှဉ်သောပညာအသိတခုဖြစ်ပေါ်၍လာ၏ ထိုပညာသိကိုပင် လောကုတ္တရာစိတ် ဟုခေါ်ဆိုရ၏။

ထိုသို့သော ပထမစိတ်၏၊ချုပ်ပျောက်နေသည့် အထဲမှာ တဖန်ဉာဏ်နှင့် မြင်ပြန်၍ ဒုတိယစိတ်ဖြင့် ဘာတခုမျှ မမြင်မသိပါဘဲလျက်၊ ထိုပထမစိတ်ချုပ်ပျောက်သည့်အထဲမှာပင်....

အေးတယ်လို့ ပြောရတဲ့သဘော မြ-တယ်လို့ ပြောရတဲ့သဘော ငြိမ်းတယ်လို့ ပြောရတဲ့သဘော ချမ်းသာတယ်လို့ ပြောရတဲ့သဘော၊ ထိုသဘောတို့၏၊အရသာတွေကို အချိန်မရွေး အခါမလင့် ဝင်စားလို့ ရရှိပါသောကြောင့်၊ ဖလသမာပတ်ဝင်စားသည်ဟုလည်းခေါ်ဆိုရ၏။

## လေးလံသောဝန်ထုပ်ကြီး
## ဥပမာ

ဒါကြောင့် ဒကာ-ဒကာမများတရားအလုပ်နှင့် အားမထုပ်လို့ရှိပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဘယ်သောအခါမှ မရရှိဟူ၍မှတ် တရားအလုပ်ဖြင့် ကြိုးကုတ်အားထုတ်နိုင်မှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဆိုက်ရောက်နိုင်သည်ဟုမှတ်ရာ၏။

ဥပမာပြုရမည်ဆိုသော် အလေးချိန်မြောက်များစွာရှိ၍ အလွန့်အလွန်လေးလံသော ဝန်ထုတ်ကြီးတခုကို တယောက်သော အားဖြင့်ဆယ်ယောက်သောအားဖြင့် လူငါးဆယ်သောအားဖြင့် လူဘရာသောအားဖြင့် လူငါးရာသောအားဖြင့် လူပေါင်းကိုးရာသောအားဖြင့်ဝိုင်းပြီးဖယ်မ၍မရဒါလို လူပေါင်းတထောင်အားဖြင့်ဝိုင်ပြီးဖယ်ကြမှသာ ထိုဝန်ထုတ်ကြီး ဖယ်မ၍ရရှိသကဲ့သို့

ထို့နည်းတူစွာ ကမ္ဘာလဆန်း[၁]ရက်နေ့မှစ၍ဘဝတွေ-ဘဝတွေဆက်စပ်ပြီး လာခဲ့ကြရံမျှမက ယခု ဘဝအထိ အပါယ် သံသရာသို့ကျရောက်စေတတ်သော အလွန့်အလွန် လေးလံသောဝန်ထုတ်ဝန်ပိုးကြီးကို သမထ၏ အကြောင်းကြောင့် သမာဓိအကျိုး အမျိုးမျိုးဖြင့် ထိုဝန်ထုတ်ကြီးက ဖြုတ်ပယ်လို့လည်း မရ ဈာန်အင်္ဂါအကျိုးအမျိုးမျိုးဖြင့်လည်း ထိုဝန်ထုတ်ကြီးကို ဖြုတ်ပယ်လို့လဲမရ ဝိပဿနာဉာဏ်၏ အကျိုးအမျိုးမျိုးထဲမှ အချို့ တဝက်ဉာဏ်နှင့်လည်း ထိုဝန်ထုတ်ကြီးကို ဖြုတ်ပယ်လို့လည်းမရ အပါယ်သံသရာသို့ ကျရောက်စေတတ်သော ထိုဝန်ထုတ် ဝန်ပိုးကြီးကို အဘက်ကဲ့သို့သော အားအင်ပြည့်ဝမှု အင်အားစုဖြင့် ဝိုင်းရံ၍ဖြုတ်ပယ်မှ ပြုတ်နိုင်မည်နည်းဟုဆိုရသော်....

သမထဘာဝနာ၏ အကျိုးသမာဓိအမျိုးမျိုးနှင့်တကွ ဈာန်အင်္ဂါအမျိုးမျိုး ဝိပဿနာ ဘာဝနာ၏ အကျိုးကုန်စင်သော ဉာဏ်စဉ်အမျိုးမျိုး ထိုသို့သော သမထဝိပဿနာ ဘာဝနာတို့၏ ပြည့်ဝသောအင်အားစုံဖြင့်ဖြုတ်ပယ်မှသာလျှင် ထိုအပါယ်သံသရာသို့ ကျစေတတ်သော အလွန့်အလွန် လေးလံသောဝန်ထုတ်ဝန်ပိုးကြီး ပြုတ်ကျမည်ဖြစ်ပေ၏။

*N*o. 11

ဤကဲ့သို့ ဒကာ-ဒကာမများ တရားထိုင်မှု အလုပ်တခုနှင့် အာနာပါနသတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို ဦးစားပေး၍ ရေးသား ပြခဲ့သော်လည်း၊ ထိုတရားတို့၏ အကြောင်း အကျိုးသဘော တွေကို မြင်လွယ်သိလွယ်ရခြင်းမှာ....

ထိုင်မှု၊ သွားမှု၊ ထမှု၊ လျောင်းမှု၊ ဣရိယာ ပုတ်လေးပါး နှင့်တကွ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှု၊ကိုယ်၏ အမူအရာ၊ စိတ်၏အမူအရာ အားလုံးတို့၏၊ အပေါ်၌သိမ်းကျုံး ၍နေ့ရောညပါအိပ်ခြင်း ဣရိယာပုတ်မှတပါး၊ ကျန်သော ဣရိ ယာပုတ်တိုင်းတို့မှာ ဘယ်အခါမှ မလစ်လပ်စေဘဲ၊ အမြဲမပြတ် သတိကပ်၍ ကြိုးကုတ်အားထုတ်ပါမှ မိမိတို့၏ လိုရာဆန္ဒပြည့်ဝ မည်ဖြစ်ပေ၏။

ဤယခုရေးသား ပြသထားသော ဝိပဿနာကြမ်းစာအုပ်ကို ဘတ်ရှုကြသော ရဟန်း-ရှင်လူ အပေါင်းတို့သည်၊ မိမိတို့လိုအင် ကြောင့်ကြ တောင့်တကြသောမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဆိုက် ရောက်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း

(မှတ်ချက်)။ ။ထိုသို့သော မိုးညိုဝိပဿနာကျမ်း စာအုပ် အဖြစ်ဖြင့် ရေးသားထားသည့် ဤစာအုပ်ထဲမှ နက်နဲခက်ခဲ လှစွာသောအဓိပ္ပါယ် သဘောတွေကိုမိမိတို့ရဲ့ စိတ်ထဲ၌မရှင်း လင်း ဝိစိကိစ္ဆာမကင်းခြင်းဖြစ်ပါက အမြန်ဆုံးလာရောက် ၍တွေ့ဆုံဆွေးနွေးမေးမြန်းနိုင်ပါသည်။

မိုးညိုဆရာတော်
မိုးညိုဝိပဿနာတိုက်
နှင်းဆီကုန်း ၈-မိုင်ခွဲ ရန်ကုန်

# ကျမ်းပြီးနိဂုံး

| | |
|---|---|
| မိုးညိုမြို့ကြီး | မျို့ထီးပုံနော်။ |
| ဖွါးရာဇာတိ | ကဝိမဟော်။ |
| ဝိပဿနာစခန်း | ကျင့်လမ်းကိုဖေါ်။ |
| ထွေးမယှက် | လေးမဂ်-လေးဖိုလ်ပေါ်။ |
| ကိုယ်တိုင်အားထုတ် | အဟုတ်ထင်ပေါ်။ |
| ခန္ဓာဉာဏ်တွေ့ | မှန်သရွေ့နော်။ |
| အပိုမသွင်း | လိုရင်းကိုဖေါ်။ |
| သဘောမျှ | ဟောပြမြွတ်မဟော်။ |
| မိုးညိုဇာတိ | ကဝိအမော်။ |
| တပည့်အပေါင်း | ခညောင်းပူဇော်။ |
| မဂ်ဖိုလ်ယူသုံး | ဉာဏ်ဆုံးကိုမြှော်။ |
| ပြောမပျက် | ဟောချက်တွေကကျော်။ |
| မိုးညိုဆိုတိုင်း | အုံ့မှိုင်းကာကျော်။ |
| ဒေသနာမိုး | သွန်ဖြိုးရွာသော်။ |
| ကမ္ဘာပေါ်တွင်း | ထန်ပြင်းသနော်။ |
| စိုးမကြောက် | ချိုးသောက်တူပျော်ပျော်။ |
| တပည့်အများ | ငဲ့ညားကာမြှော်။ |
| မဂ်ဖိုလ်ရကြောင်း | လမ်းကောင်းကိုဖေါ်။ |
| တရားစည်ကြီး | ရိုက်တီးကာဆော်။ |
| ခေတ်မဆုံး | ထစ်ချုန်းရွာပြီနော်။ |

ထစ်ချုန်းရွာလို့ ငါတို့တူပျော်။
တလုံးတပေါက် ချီးသောက်ဘို့မြော်။
တိုးလို့-ချီးစို့ မိုးညိုထံနော်။
သင့်အရေး ခွင့်ပေးလက်ယပ်ခေါ်။
မြန်မာသက္ကရာဇ် တွက်စစ်ပါသော်။
တစ်—သုံး—သုံးနှင့် သညာကိုဖေါ်။
တပေါင်းမာသ ခါသမယခေါ်။
ဆင်မင်းနေ့ ပြီးပေ့ဤကျမ်းနော်။

ပြီးပြီ။